HUMAN RIGHTS WATCH

# အစိုးရက တားဆီးနိုင်ခဲ့ရဲ့သားနဲ့

## မြန်မာနိုင်ငံ ရခိုင်ပြည်နယ်က ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုများနှင့် နောက်ဆက်တွဲ မတော်မတရားအနိုင်ကျင့်မှုများ

မူပိုင်ခွင့် © ၂၀၁၂ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW
ရပိုင်ခွင့်အားလုံး လက်ဝယ်ထားရှိသည်။
အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်သည်
ISBN: ၁-၅၆၄၃၂-၉၂၂-၄
မျက်နှာဖုံး ဒီဇိုင်း Rafael Jimenez

Human Rights Watch (HRW) လို့ခေါ်တဲ့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ဟာ တကမ္ဘာလုံးက လူသားတွေရဲ့ အခွင့်အရေးများကို ကာကွယ်ဖို့ အားထုတ်လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ဟာ လူ့အခွင့်အရေးချိုးဖောက် ခံရသူ၊ လူ့အခွင့်အရေးအတွက် လှုပ်ရှားနေသူတွေနှင့် လက်တွဲပြီး လူအချင်းချင်း ခွဲခြားဆက်ဆံမှုများ ကာကွယ်ခြင်း၊ နိုင်ငံရေးလွတ်လပ်မှု ထိန်းသိမ်းခြင်း၊ စစ်ပွဲဖြစ်ပွားတဲ့ကာလ အတောအတွင်း လူသားမဆန်တဲ့ လုပ်ရပ်များကာကွယ်ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများ လုပ်ဆောင်နေပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို  စုံစမ်းစစ်ဆေးထုတ်ဖော် သလို ချိုးဖောက်သူများကိုလည်း မိမိလုပ်ရပ်များကို တာဝန်ခံယူလာအောင် လုပ်ဆောင်လျက်ရှိတယ်။ မတရားညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှုများရပ်တန့်ရေးနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေများကို လေးစားလိုက်နာဆောင်ရွက်လာရန် အစိုးရနှင့် အာဏာရှိသူများကို စိန်ခေါ်ဖိအားပေးမှုများလည်း ပြုလုပ်လျက်ရှိတယ်။ လူသားအားလုံးရဲ့ လူ့အခွင့်အရေးအတွက် လူထုနှင့်နိုင်ငံတကာအသိုင်းအဝိုင်းများ ပါဝင်လာအောင်လည်း ဆောင်ရွက်နေပါတယ်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ဟာ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်းရဲ့ဝန်ထမ်းများကတော့ နိုင်ငံပေါင်း ၄၀ ကျော်တွင် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အဖွဲ့အစည်းရဲ့ ရုံးများကတော့ Amsterdam, Beirut, Berlin, Brussels, Chicago, Geneva, Goma, Johannesburg, London, Los Angeles, Moscow, Nairobi, New York, Paris, San Francisco, Tokyo, Toronto, Tunis, Washington DC, and Zurich စတဲ့မြို့ကြီးများတွင် အခြေစိုက်ပါတယ်။

http://www.hrw.org ဝပ်ဆိုဒ်ကို သွားရောက်ခြင်းဖြင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့နှင့် ပတ်သက်သော သတင်းအချက်များကို ပိုမိုရယူသိရှိနိုင်ပါတယ်။

HUMAN RIGHTS WATCH

SEPTEMBER 2012

ISBN: ၁-၅၆၄၃၂-၉၂၂-၄

# အစိုးရက တားဆီးနိုင်ခဲ့ရဲ့သားနဲ့
## မြန်မာနိုင်ငံ ရခိုင်ပြည်နယ်က ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုများနှင့် နောက်ဆက်တွဲ မတော်မတရားအနိုင်ကျင့်မှုများ


**အကျဉ်းချုပ် ........ 1**

အဓိကအကြံပြုချက်များ ........ 8

**အစီရင်ခံစာပြုစုခြင်းနည်းနာ ........ 12**

**(၁) နောက်ခံအကြောင်း ........ 13**

(၂) ရခိုင်ပြည်တွင် ဇွန်လ ၂၀၁၂ က စတင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ ........ **21**

(၃) အစိုးရလုံခြုံရေးတပ်သားများရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများ ........ **24**

ရခိုင်လူမျိုးများအပေါ် ရိုဟင်ဂျာလူမျိုးများ၏ အကြမ်းဖက်မှု ........ 25

ရိုဟင်ဂျာလူမျိုးများအပေါ် ရခိုင်လူမျိုးများ၏ အကြမ်းဖက်မှု ........ 27

ဒေသခံ လုံခြုံရေးတပ်ဖွဲ့များနှင့် ရခိုင်လူမျိုးများ ပူးပေါင်းညှိနှိုင်းမှုများ ရှိထားခြင်း ........ 30

လုံခြုံရေးတပ်သားများက ကျူးလွန်သော သတ်ဖြတ်မှုများ ........ 31

ရိုဟင်ဂျာများကို အစုလိုက်ဖမ်းဆီးမှုများ ........ 34

လုံခြုံရေးတပ်များ မလိုအပ်ဘဲ အင်အားအလွန်အကျွံအသုံးပြုခြင်း ........ 36

ဘာသာရေးဆိုင်ရာအခွင့်အရေးများ ချိုးဖောက်မှု ........ 37

ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ချိုးဖောက်ခံရခြင်း၊ အတင်းအဓမ္မ ပြောင်းရွှေ့ခံရခြင်း နှင့် ပြောင်းရွှေ့ခံရသူများရဲ့ဌာနေအပြန် ... 38

ပိုင်ဆိုင်မှုပစ္စည်းဥစ္စာ နှင့် အဆောက်အဦးများ ပျက်ဆီးခြင်း ........ 39

အတင်းအဓမ္မ ပြောင်းရွှေ့စေခြင်း ........ 41

နေရပ်အပြန် အခက်အခဲများ ........ 43

**(၄) လူသားချင်းစာနာမှုဆိုင်ရာ စိုးရိမ်မှုများ ........ 46**

အစားအသောက်ရရှိရေးနှင့် သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်မှုများ ........ 47

လူသားချင်းစာနာမှုအထောက်အကူများအတွက်အခက်အခဲများ - ဒေသခံများရဲ့ ခါးသီးမှုနှင့် ခြိမ်းခြောက်မှုများ ........ 52

**(၅) ရိုဟင်ဂျာတွေရဲ့ နိုင်ငံသားဖြစ်ခွင့် ငြင်းဆိုမှု ........ 55**

**(၆) ဘင်္ဂလားဒေ့ချ်နိုင်ငံမှ အတင်းအဓမ္မပြန်လည်ပို့ဆောင်ခံရခြင်း ........ 59**

**(၇) အကြံပြုချက်များ ........ 62**

မြန်မာအစိုးရအပေါ်အကြံပြုချက် .......... 62
ဘင်္ဂလားဒေ့ရှ်အစိုးရအပေါ်အကြံပြုချက်များ .......... 64
သြစတေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံ အပါအဝင် မြန်မာနိုင်ငံအပေါ်စိတ်ဝင်စားသည့် နိုင်ငံများ၏ အစိုးရများအပေါ် အကြံပြုချက်များ .......... 65
ကုလသမဂ္ဂအေဂျင်စီများ နှင့် အလှူရှင်အသိုင်းဝန်းများအပေါ် အကြံပြုချက်များ .......... 65
ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် နှင့် အခြားသော အလှူရှင်များအပေါ် အကြံပြုချက် .......... 66

**အသိအမှတ်ပြုမှုများ .......... 67**

**နောက်ဆက်တွဲ။ ။ ရခိုင်လူမှုအသိုင်းအဝိုင်းနှင့် ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းများ သီးသန့်စီခွဲထားရန် ထောက်ခံအားပေးထားသော လက်ကမ်းစာစောင်များ ဘာသာပြန်ဆိုချက် .......... 68**

**"အစိုးရက တားဆီးနိုင်ခဲ့ရဲ့သားနဲ့" .......... 69**

ဇွန်လ ၈ ရက်နေ့၊ ၂၀၁၂
မွတ်ဆလင်များရဲ့ သောကြာနေ့ ညနေခင်းဘုရားရှိခိုးအပြီး ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများက မောင်တောမြို့တွင် ဆူပူမှုစတင်ပြီး ရခိုင်တွေရဲ့အသက်အိုးအိမ်ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်းနှင့် အရေအတွက် မသိရှိရသေးသော ရခိုင်လူမျိုးတွေကို သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အခင်းဖြစ်ပွားပြီး နောင်အပတ်များတွင် မြန်မာလုံခြုံရေးတပ်သားများက ရိုဟင်ဂျာများကို အကြမ်းဖက်နှိမ်နင်းမှုများမှ တဆင့် လူအစုလိုက်ဖမ်းဆီးခြင်းနှင့် အရေအတွက်မသိရသောသေကြေမှုများ ဖြစ်ပွားခဲ့ရပါတယ်။

ဇွန်လ ၉ ရက်နေ့၊ ၂၀၁၂
ရိုဟင်ဂျာနှင့်ရခိုင်လူအုပ်စုတွေက အိမ်များနှင့် ဝတ်ပြုကိုးကွယ်ရာအဆောက်အဦးများမီးရှို့ခြင်း၊ တဘက်နှင့် တဘက်တိုက်ခိုက်ခြင်းများမှတဆင့် ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့တွင် အကြမ်းဖက်မှုများ စတင်ပေါက်ကွဲခဲ့ပါတယ်။ အကြမ်းဖက်မှုကြောင့် လူပေါင်း တစ်သိန်းကျော် ရွှေ့ပြောင်းခံခဲ့ရပါတယ်။

မေလ ၂၈ ရက်နေ့၊ ၂၀၁၂
ရမ်းဗြဲမြို့တွင် ဗုဒ္ဓဘာသာဝင်ရခိုင်အမျိုးသမီးတစ်ဦးကို မွတ်ဆလင်လို့ယူဆရတဲ့ အမျိုးသားသုံးဦးက မုဒိမ်းကျင့်ပြီးသတ်ဖြတ်ခဲ့တယ်။

ဇွန်လ ၃ ရက်နေ့၊ ၂၀၁၂
ရခိုင်ရွာသားများအုပ်စုကြီးတစ်စုက တောင်ကုတ်မြို့မှာ မွတ်ဆလင်များစီးနင်းလိုက်ပါလာတဲ့ ဘတ်စကားတစ်စီးကို တားဆီးရာမှ အခင်းဖြစ်ပွားပြီး မွတ်ဆလင် ၁၀ ယောက် အသတ်ခံလိုက်ရတယ်။

# အကျဉ်းချုပ်

၂၀၁၂ ဇွန်လ အတွင်း မြန်မာပြည်အနောက်ပိုင်းရခိုင်ပြည်နယ်တွင်  ဗုဒ္ဓဘာသာဝင်တိုင်းရင်းသား ရခိုင်လူမျိုးများနှင့် အစ္စလာမ်ဘာသာ ဝင် ရိုဟင်ဂျာများ (ရိုဟင်ဂျာမဟုတ်တဲ့ မွတ်ဆလင်များအပါအဝင်) ကြောက်မက်ဖွယ်ကောင်းသော ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှုပဋိပက္ခဖြစ်ပွားခဲ့ပါတယ်။ လွန်ခဲ့တဲ့ မေလ ၂၈ ရက်နေ့က ရမ်းဗြဲမြို့မှာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်ကို မွတ်ဆလင်လို့ယူဆရတဲ့ အမျိုးသားသုံးယောက်က မုဒိမ်းကျင့်ပြီး သတ်ဖြတ်ခဲ့တဲ့သတင်းကနေတဆင့်  လူစုကြားအကြမ်းဖက်မှု စတင်ဖြစ်ပွားခဲ့တာပါ။ ထိုရာဇဝတ်ပြစ်မှုကို လူထုဆူပူအုံကြွလာစေတဲ့ လက်ကမ်းစာစောင်တစ်ခုပေါ်မှာ အသေးစိတ်ဖော်ပြပြီး ဒေသခံတွေကြားထဲမှာ ဖြန့်ချိခဲ့ပါတယ်။ ဇွန်လ ၃ ရက်နေ့မှာတော့ ရခိုင်ရွာသားများအုပ်စုကြီးတစ်စုက တောင်ကုတ်မြို့မှာ မွတ်ဆလင်များစီးနင်းလိုက်ပါလာတဲ့ ဘတ်စကားတစ်စီးကို တားဆီးပြီး မွတ်ဆလင် ၁၀ ယောက် ရက်စက်စွာအသတ်ခံလိုက်ရရာမှ အခင်းဖြစ်ပွားပါတယ်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ အတည်ပြုပြောဆိုနိုင်တာကတော့ အခင်းဖြစ်ပွားတဲ့ နေရာအနီးရှိ ဒေသခံရဲနဲ့ တပ်သားများက လူစုတွေကို ဝင်ရောက်ဟန့်တားထိန်းသိမ်းမှု မလုပ်ခဲ့ဘူးဆိုတာပါပဲ။

ဇွန်လ ၈ ရက်နေ့မှာ မွတ်ဆလင်များရဲ့ သောကြာနေ့ ညနေခင်းဘုရားရှိခိုးအပြီး ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများက မောင်တောမြို့တွင် ဆူပူမှုစတင်ပြီး ရခိုင်တွေရဲ့အသက်အိုးအိမ်ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်းနှင့် အရေအတွက် မသိရသော ရခိုင်လူမျိုးတွေကို သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ထိုမှတဆင့် ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့နဲ့ ပတ်ဝန်းကျင်ဒေသတွေဆီကို အလျင်အမြန် ပျံ့နှံ့သွားပါတယ်။

ထို့နောက်မှာတော့ ရခိုင်နဲ့ ရိုဟင်ဂျာ နှစ်ဘက်လုံးက လူအုပ်စုများက သက်ဒ်မှုကင်းသော ရွာများနဲ့ အိမ်နီးချင်းများကိုပါ ဂင်ရောက်အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ဒေသခံတွေကို သတ်ဖြတ်ခြင်း၊ အိမ်များ၊ ဆိုင်ခန်းများနဲ့ ဝတ်ပြုကိုးကွယ်ရာနေရာများကို ဖျက်ဆီးခြင်းများလုပ်ပါတယ်။ အစိုးရက လုံခြုံမှုမပေးနိုင်ခြင်းကြောင့် ပြည်သူများက ဓားရှည်များ၊ လှံများ၊ တုတ်ချောင်းများ၊ သံချောင်းများ၊ ဓားများနှင့် အခြားအခြေခံလက်နက်များကို ဥပဒေမဲ့စွာ ကိုင်ဆောင်ပြီး ကိုယ့်ကိုကိုယ် ကာကွယ်ကြပါတယ်။ နှစ်ဘက်လုံးသောအသိုင်းအဝိုင်းတွေရဲ့ အိုးအိမ်ပစ္စည်းတော်တော်များများ ဖျက်ဆီးခြင်းခံရပါတယ်။ ဒီအကြမ်းဖက်မှုကြောင့် လူဦးရေတစ်သိန်းကျော် အရွှေ့ပြောင်းခံရပြီး အစိုးရကတော့ လူပေါင်း ၇၈ ဦးအသတ်ခံရတယ်လို့ ပြောဆိုပါတယ်။ ဒါပေမယ့် သေဆုံးသွားတဲ့ လူဦးရေက ဒီထက်မကရှိနိုင်တယ်ဆိုတာကတော့ သံသယဖြစ်စရာမလိုပါ။ လူထုဆူပူစေတဲ့ မွတ်ဆလင် ဆန့်ကျင်ရေး မီဒီယာသတင်းအချက်အလက်များနဲ့ ဒေသအတွင်း ဝါဒဖြန့်မှုများက အကြမ်းဖက်မှုမီး တောက်လောင်စေခဲ့တယ်။

ရခိုင်အမျိုးသမီးကိုမုဒိမ်းကျင့်သတ်ဖြတ်မှုဖြစ်ပွားပြီး အကြမ်းဖက်တိုက်ခိုက်မှုမဖြစ်ခင် ကာလအတွင်း လူစုကြားတင်းမာမှုကတော့ အရှိန်အဟုန်မြင့်မားလာနေခဲ့ပါတယ်။ ဒါပေမယ့်

လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့ကို နှစ်ဘက်လုံးက ဒေသခံတွေပြောဆိုချက်အရ မြန်မာအာဏာပိုင်တွေဟာ လူထုကို ကာကွယ်မှုလည်း မပေး၊ အကြမ်းဖက်မှုမဖြစ်ပွားအောင် အထူးကြိုတင်ကာကွယ်တားဆီးတာမျိုးလည်း မပြုလုပ်ခဲ့ဘူးလို့ သိရပါတယ်။

ဒီအဓိကရုဏ်းက ရခိုင်ပြည်နယ်အပြင်ဘက်သို့ ပျံ့နှံ့သွားမှာ စိုးရိမ်ရသဖြင့် ဇွန်လ ၁၀ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က အရေးပေါ်အခြေအနေအဖြစ် ကြေညာပြီး အရပ်သားအာဏာကို စစ်တပ်သို့လွှဲပြောင်းပေးပြီး အခင်းဖြစ်ပွားတဲ့ဒေသများကို ထိန်းချုပ်စေပါတယ်။ အဲဒီကမှ အစိုးရလုံခြုံရေးတပ်တွေဟာ ရိုဟင်ဂျာအသိုင်းအဝိုင်းကို အကြမ်းဖက်အနိုင်ကျင့်မှုတွေစတင် ကျူးလွန်ပါတော့တယ်။ ဥပမာအားဖြင့် ဇွန်လ ၁၂ ရက်နေ့တွင် မွတ်ဆလင်အများစုနေထိုင်တဲ့ (လူဦးရေအားဖြင့် တစ်သောင်းခန့်ရှိတဲ့) စစ်တွေမြို့က နာဇီရပ်ကွက်တွင် ရိုဟင်ဂျာတွေရဲ့ အသက်အိုးအိမ်များကို ရခိုင်လူအုပ်စုများက မီးရှို့ဖျက်ဆီးနေတဲ့အချိန်မှာ ရဲနှင့် အရန်စစ်တပ် လုံထိန်းတပ်သားများက  ရိုဟင်ဂျာလူအုပ်စုထဲကို ကျည်ဆံအစစ်များဖြင့် ပစ်ခတ်ခဲ့တယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဆိုရင် နစက တပ်ဖွဲ့သားများ၊ စစ်တပ်၊ ရဲနဲ့ အရန်စစ်တပ်လုံထိန်းတပ်သားများက ရိုဟင်ဂျာများကို သတ်ဖြတ်ခြင်း၊ အစုလိုက်ဖမ်းဆီးခြင်းနဲ့ ပစ္စည်းဥစ္စာများကို တိုက်ခိုက်လုယူခြင်းများ လုပ်ဆောင်နေခဲ့တယ်။

အဲဒီနောက်မှာတော့ စစ်တွေမြို့က ရခိုင်လူမျိုးတွေနဲ့ ရခိုင်ခေါင်းဆောင်တွေဟာ မွတ်ဆလင်အသိုင်းအဝိုင်း တွေကို မြို့ထဲကနေ တခြားနေရာများသို့ အတင်းအဓမ္မရွှေ့ပြောင်းပေးဖို့ တောင်းဆိုပါတယ်။ တစ်ချိန်တည်းမှာ ဒေသခံဗုဒ္ဓဘာသာဝင်ဘုန်းကြီးများက မွတ်ဆလင်တွေနဲ့ ဆက်ဆံပေါင်းသင်းခြင်း၊ ရောင်းဝယ်ခြင်းမလုပ်ဖို့ ဒေသခံပြည်သူတွေကို စတင်ဟောပြောပါတယ်။

*　　*　　*

ဒီအစီရင်ခံစာဟာ မြန်မာပြည်နှင့် ဘင်္ဂလားဒေ့ချ်နိုင်ငံတွင် ပြုလုပ်ခဲ့တဲ့ ရခိုင်၊ ရိုဟင်ဂျာနှင့် အခြားလူမျိုးများပါဝင်တဲ့ ၅၇ ဦးသောလူများရဲ့ တွေ့ဆုံမေးမြန်းချက်များမှ ကောက်နုတ်အခြေပြုပြီး မူလအစအဖြစ်အပျက်များ၊ ရခိုင်နှင့် ရိုဟင်ဂျာများကြားဖြစ်ပွားခဲ့တဲ့ အကြမ်းဖက် တိုက်ခိုက်မှုများ၊ အစိုးရလုံခြုံရေးတပ်သားမှ အကြမ်းဖက်မှုများမဖြစ်ပွားအောင် ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုများကို ဝင်ရောက်တားဆီးရန် ပျက်ကွက်ခဲ့တဲ့အချက်များနှင့် ၎င်းတို့ရဲ့ အကြမ်းဖက်မှုတွင် တိုက်ရိုက်ပါဝင်မှုများကို ဖော်ပြထားပါတယ်။ ထို့အပြင် ဒီအစီရင်ခံစာဟာ နှစ်ရှည်လများ မသိကျိုးကျွန်ပြုခံနေရတဲ့ ရိုဟင်ဂျာများကို အစိုးရက ခွဲခြားဆက်ဆံပြီး အတင်းအဓမ္မ ပြောင်းရွှေ့စေခိုင်းမှုများအကြောင်းကိုလည်း သုံးသပ်တင်ပြထားပါတယ်။

အကြမ်းဖက်မှုစတင်ဖြစ်ပွားခါစတွင် အစိုးရအာဏာပိုင်များက နှစ်ဘက်လုံးသောလူထုကို အကာကွယ်ပေးဖို့ ဘယ်လိုပျက်ကွက်ခဲ့တဲ့အကြောင်းကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အား မျက်မြင်သက်သေများ တစ်ဦးပြီးတစ်ဦး ဖော်ပြပြောဆိုပါတယ်။ ထိုပျက်ကွက်မှုကြောင့် ဒေသခံလုံခြုံရေးတပ်သားများက ရခိုင်တွေ နှင့် ပူးပေါင်းကာ ရိုဟင်ဂျာများကို စစ်တွေမြို့နှင့်

မွတ်ဆလင်များနေထိုင်တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း အခြားမြို့နယ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ကလေး ၅ ယောက်အမေဖြစ်တဲ့ ရခိုင်အမျိုးသမီးတစ်ဦးက ရိုဟင်ဂျာလူအုပ်စုကြီး တစ်စုက ဇွန်လ ၁၂ ရက်နေ့တွင် စစ်တွေမြို့ပြင်ရှိ သူမရဲ့ရွာထဲကို ဘယ်လိုဝင်လာပြီး သူမရဲ့ ယောကျ်ားကို ဘယ်လိုသတ်ဖြတ်သွားခဲ့တဲ့အကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြပါတယ်။ "သူတို့က ရွာမှာပဲ သူ့ကို သတ်လိုက်တယ်။ သူ့လက်တွေ အဖြတ်ခံရပြီး သူ့ဦးခေါင်းကတော့ ပြတ်ခါနည်းပဲ။ သူ့အသက်က ၃၅ နှစ်" လို့သူမပြောပြပါတယ်။ အစိုးရက လုံခြုံရေးတွေ၊ အကာအကွယ်တွေ မပေးခဲ့ဘူးလို့လည်း သူမရဲ့ပြောပြချက်အရ သိရတယ်။ အသက် ၄၀ နှစ်အရွယ်ရှိတဲ့ စစ်တွေမြို့ခံ အမျိုးသားတစ်ဦးက "အစိုးရက ကျွန်တော်တို့ကို မကူညီဘူး။ ကျွန်တော်တို့[ထွက်ပြေးတော့] စားစရာ၊ ခိုလှုံစရာတွေမရှိတဲ့အပြင် လုံခြုံရေးလည်းမရှိဘူး။ ကျွန်တော်တို့က တုတ်တွေ၊ ဓားတွေနဲ့ ကိုယ့်ကိုကိုယ် ကာကွယ်ရတယ်။"

စစ်တွေမြို့က အသက် ၃၆ နှစ်အရွယ်ရှိ ရိုဟင်ဂျာအမျိုးသားတစ်ဦးက လုံခြုံရေးတပ်သားတွေ အကြမ်းဖက်မှုမှာ ဘယ်လိုပါဝင်ခဲ့တဲ့ အကြောင်းကို ပြောပြပါတယ်။ သူတို့ "(ရခိုင်တွေက) အိမ်တွေကို စပြီးမီးရှို့တယ်။ လူတွေကမီးကိုငြိမ်းသတ်ဖို့ ကြိုးစားနေတဲ့အချိန်မှာ အရန်စစ်တပ်က ကျွန်တော်တို့ကို သေနတ်နဲ့ပစ်တယ်။ ဒီအုပ်စုတွေ လူတွေကိုတုတ်ချောင်းအကြီးကြီးတွေနဲ့ရိုက်တယ်။" နာဇီရပ်ကွက်က ရိုဟင်ဂျာတစ်ဦးကလည်း "ကျွန်တော်က ပေအနည်းငယ်အကွာမှာပဲရှိတယ်။ လမ်းပေါ်မှာ။ သူတို့ [ရဲ] က အနည်းဆုံးလူခြောက်ယောက် ပစ်သတ်လိုက်တာကို တွေ့တယ်။ အမျိုးသမီးတစ်ယောက်၊ ကလေးနှစ်ယောက်နဲ့ ယောကျ်ား သုံးယောက်။ ရဲတွေက အလောင်းတွေကို သယ်သွားတယ်။"

ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှုတွေစတင်ဖြစ်ပွားပြီးမကြာခင်မှာပဲ အစိုးရလုံခြုံရေးတပ်သားများက သင်္ကာမကင်းသောဆူပူသူ ရိုဟင်ဂျာများကို လိုက်လံရှာဖွေနေတယ်ဟုဆိုပြီး မွတ်ဆလင်အများစုနေထိုင်တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက မြို့နယ်တွေကို စနစ်တကျ အကြမ်းဖက်နှိမ်နှင်းပါတော့တယ်။ ဇွန်လ ၁၂ ရက်နေ့နှင့် ၂၄ ရက်နေ့ကြားထဲမှာ အဲဒီလုံခြုံရေးတပ်သားတွေဟာ မောင်တောမြို့နယ်တစ်ဝိုက်ရှိရွာတွေကို ဝင်ရောက်ပြီး ရိုဟင်ဂျာတွေကိုသေနတ်နဲ့ပစ်၊ အိုးအိမ်ပစ္စည်းတွေကို လုယူ၊ အမျိုးသားများနဲ့ ယောကျ်ားလူငယ်လေးတွေကို ဖမ်းဆီးပြီး မသိရှိရတဲ့နေရာတွေကို ခေါ်ဆောင်သွားပြီး ပြင်ပလူတွေနဲ့အဆက်သွယ်ဖြတ်ထိန်းသိမ်းထားတာတွေလုပ်ဆောင်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖမ်းခံရတဲ့လူတွေကို ကားပေါ်တင်ပြီး ခေါ်ဆောင်သွားပြီးတဲ့နောက်ပိုင်း ထိုသူတို့တွေဆီက ဘာမှမကြားရသေးဘူးလို့ မိသားစုဝင်များက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြပါတယ်။

ကမ်ဖူးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကနေ ထွက်ပြေးလွတ်မြောက်လာတဲ့ အသက် ၂၂ နှစ်အရွယ်ရှိ ရိုဟင်ဂျာအမျိုးသားတစ်ဦးက "ကျွန်တော်တို့က [မုတ်သုန်မိုးကြောင့်] မိုးရေတွေနဲ့ပြည့်လျှံနေတဲ့ လမ်းမကနေ ရွာအပြင်ဘက်ကို ထွက်ပြေးနေတဲ့အချိန်မှာ သူတို့က ကျွန်တော်တို့ကို သေနတ်နဲ့ပစ်တယ်။ လူ ၁၇ ယောက်အသတ်ခံရတာကို ကျွန်တော်တွေ့လိုက်တယ်။ သူတို့ထဲ ၇ ယောက်ကတော့

ယောက်ျားလေးနဲ့လူငယ်တွေဖြစ်တယ်။ အဲဒီနှိမ်နင်းမှုမှာ မောင်တောမြို့က ရဲ၊ လုံထိန်းနှင့် နစကတွေပါဝင်တယ်။ ကျွန်တော်က လွတ်မြောက်ဖို့ထွက်ပြေးလာတော့ လမ်းမပေါ်မှာရှိတဲ့ လူသေအလောင်းတွေကို ဘာလုပ်လိုက်သလဲဆိုတာတော့ မသိဘူး။ သေနတ်သံတွေကတော့ ဆက်တိုက်ကြားနေရတယ်။”

ဖြစ်ပွားခဲ့တဲ့ ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှုနှင့် နောက်ဆက်တွဲအနိုင်ကျင့်မှုတွေကြောင့် ရခိုင်တွေအတွက်ရော ရိုဟင်ဂျာတွေအတွက်ပါ လူသားစာနာမှုအထောက်အကူများ အရေးတကြီးလိုအပ်နေပါတယ်။ ကန့်သတ်ချက်တွေကြောင့် ဖြစ်ပွားတဲ့နေရာဒေသ၊ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းကို လူသားစာနာမှုအထောက်အကူများ ဝင်ရောက်နိုင်ဖို့ အတားအဆီး ဖြစ်စေခဲ့တယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ လူသားစာနာမှုအထောက်အကူပေးတဲ့ လွတ်လပ်သော အဖွဲ့အစည်းများရဲ့ ဒေသခံဝန်ထမ်းများက ဖမ်းဆီးမှုနှင့် ခြိမ်းခြောက်မှုတွေကိုရင်ဆိုင်ကြုံတွေ့နေရတယ်။ ထိုအဖွဲ့အစည်းများရဲ့ လူသားစာနာမှု အထောက်အကူပေးရေးလုပ်ငန်းများ အရေးတကြီး လိုအပ်နေတဲ့အချိန်ဖြစ်ပေမယ့် ထိုအတားအဆီးများကြောင့် ရပ်တန့်နီးပါးဖြစ်ခဲ့ရပါတယ်။

ပြည်တွင်းက အဓိကကူညီထောက်ပံ့ထားတဲ့ ဒေသခံရခိုင်အဖွဲ့အစည်းတွေဟာ ပြောင်းရွှေ့ခံထားရတဲ့ ရခိုင်တွေကို အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါးနဲ့ ခိုလှုံစရာများ ပံ့ပိုးပေးနေပါတယ်။ ဒါပေမယ့် ရိုဟင်ဂျာလူထုအတွက်တော့ ကံမကောင်းရှာပါဘူး။ ရက်သတ္တပတ်ပေါင်းများစွာ ပုန်းအောင်းနေရသူ စစ်တွေမြို့ခံ ရိုဟင်ဂျာတွေက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြရာမှာ အကယ်၍ သူတို့က ပုန်းအောင်းရာက အပြင်ကိုထွက်လာမယ်ဆိုရင် ဒေသခံရခိုင်တွေရဲ့ တိုက်ခိုက်ခြင်းချက်ချင်းခံရမှာကို ကြောက်ရွံ့စိုးရိမ်နေတယ်လို့ဆိုပါတယ်။ အန္တရာယ်များကြောင့်အပြင်မထွက်နိုင်တာမို့ ဈေးသွားဖို့၊ အစားအသောက်ရရှိဖို့နဲ့ လုပ်ငန်းကိုင်ငန်းသွားဖို့အတွက် အတားအဆီးတွေနဲ့ရင်ဆိုင်နေရပါတယ်။

အခြားသော ရိုဟင်ဂျာတွေကတော့ စစ်တပ်က ကြီးကြပ်တဲ့ ယာယီဒုက္ခသည်စခန်းတွေမှာ၊ တောထဲမှာ သို့မဟုတ် စစ်တွေမြို့အနီးတဝက်ရှိ နောက်ဆုံးကျန်ရစ်နေသေးတဲ့ မွတ်ဆလင်အသိုင်းအဝိုင်းတွေမှာ အသက်ရှင်ရေးအတွက် အိမ်တွင်းမှာပဲ ခိုလှုံပုန်းအောင်းနေထိုင်နေကြရတယ်။ များသောအားဖြင့် သူတို့ရဲ့လုံခြုံရေးအတွက် စစ်တပ်က သူတို့ရဲ့ ဒေသတွင်းသွားလာလှုပ်ရှားမှုကို ကန့်သတ်ချုပ်ချယ်တယ်။ လုံလောက်တဲ့ အကူအညီများလိုအပ်နေတဲ့ ရိုဟင်ဂျာတွေ တော်တော်များများရှိသလို ဒေသတွင်းအရွှေ့ပြောင်းခံထားရတဲ့ (IDP) လူတွေကတော့ မိုးရာသီကြောင့်နဲ့ နေရာကျဉ်းကျဉ်းထဲမှာ လူဦးရေထူထပ်စွာ နေထိုင်နေရတာကြောင့်မို့ ကျန်းမာရေးဆုတ်ယုတ်ကျဆင်းလာနေတယ်လို့သိရပါတယ်။

ရွှေ့ပြောင်းခံဒုက္ခသည်စခန်းထဲမှာနေထိုင်ကြတဲ့ ရိုဟင်ဂျာတချို့က လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြတာကတော့ တချို့သောမြန်မာစစ်သားများဟာ ဒုက္ခသည်တွေအပေါ် ကရုဏာသက်ကြပြီး သူတို့ကိုယ်စား ဈေးသွားပြီး ဆန်နှင့် တခြားလိုအပ်သည်များကို ဝယ်ယူပေးပါတယ်လို့ သိရပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ကူညီချင်တဲ့စိတ်က အခုတော့မရှိတော့ပါဘူး။ စစ်သားတွေက ရိုဟင်ဂျာတွေအတွက် အစားအစာဝယ်ယူတဲ့နေရာမှာ နားလည်မှုနဲ့ ကူညီဖို့ ငြင်းဆန်လိုက်တာဟာ ဒေသတွင်းက ဗုဒ္ဓဘာသာဝင် ရခိုင်ဘုန်းကြီးတွေရဲ့ လှုံ့ဆော်မှုကြောင့်ဖြစ်ပါတယ်။ ဒေသခံရခိုင်လူမျိုးတွေကြားမှာ အတော်ကို

လေးစားခံရတဲ့ ဘုန်းကြီးတွေဟာ လက်ကမ်းစာစောင်တွေ ဖြန့်ချိပြီး မွတ်ဆလင်နဲ့ ရခိုင်အသိုင်းအဝိုင်း နှစ်ခုခွဲခြားပစ်ဖို့နဲ့ ရိုဟင်ဂျာတွေကို ရခိုင်အသိုင်းအဝိုင်းကနေ နည်းမျိုးစုံဖြင့် နှင်ထုတ်ဖို့ တိုက်တွန်းလှုံ့ဆော်ခဲ့တယ်။ အဲဒီလက်ကမ်းစာစောင်ရေးတဲ့ ပုဂ္ဂိုလ်က "သူတို့က ကျွန်တော်တို့ရဲ့အိမ်တွေနားမှာနေပြီးတော့ ကျွန်တော်တို့ရဲ့ ထမင်းကိုစားနေတယ်။ ဒါကြောင့် ရခိုင်လူမျိုးတွေကို ကာကွယ်ဖို့ သူတို့တွေကို ခွဲခြားပစ်ရမယ်။ မွတ်ဆလင်တွေနဲ့ ဆက်ဆံတာကို လုံးဝမလိုလားဘူး" လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောဆိုသွားပါတယ်။

ဖွန်လနှောင်းပိုင်းတွင် နိုင်ငံတော်အစိုးရက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းတွေက စုပေါင်းဖွဲ့စည်းထားတဲ့ အေဂျင်စီတစ်ခုကို လိုအပ်တဲ့ အရေးပေါ်လေ့လာစုံစမ်းစစ်ဆေးရေးတစ်ခု အလျင်အမြန်ပြုလုပ်ဖို့ ခွင့်ပြုလိုက်ပါတယ်။ အဲဒီလေ့လာစုံစမ်းရေးကနေတဆင့် ဒုက္ခရောက်နေတဲ့ လူတွေရဲ့ ချက်ချင်းလက်ငင်း လိုအပ်ချက်အတိုင်းအတာကို သိရှိနားလည်နိုင်မှာဖြစ်တယ်။ ဒါပေမယ့် ဒီအဖွဲ့အစည်းတွေဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းက နေရာဒေသတချို့ကို သွားရောက်လေ့လာခွင့် မရရှိခဲ့ပါဘူး။ အစိုးရနဲ့ ဒေသခံရခိုင်လူထုက လူသားစာနာမှုအထောက်အကူများကို ကန့်သတ်ချုပ်ချယ်ထားပါတယ်။ ရခိုင်လူထုက ဒီအဖွဲ့အစည်းတွေဟာ ရိုဟင်ဂျာများအတွက်ကိုသာ နှစ်ပေါင်းများစွာ အဓိကထားလုပ်ဆောင်ပြီး ရခိုင်လူမျိုးတွေရဲ့အခက်အခဲတွေကို လစ်လျူရှုထားတယ်လို့ ခါးသီးစွာခံစားနေရလို့ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်တွင် လုံခြုံရေးတပ်သားများက ကြီးလေးတဲ့လူ့ အခွင့်အရေးချိုးဖောက်မှုများရှိသလို တစ်ခါတစ်လေအပြုသဘောဆောင်တဲ့ လုပ်ရပ်တွေလည်းရှိတယ်။ အကြမ်းဖက်မှုဖြစ်ပွားနေတဲ့ ကာလအစောပိုင်းတွင် စစ်တွေမြို့မှာရှိတဲ့ စစ်တပ်က အခြေအနေကို တည်ငြိမ်စေခဲ့သဖြင့် နှစ်ဘက်လုံးက အသိုင်းအဝိုင်းတွေရဲ့ ကြိုဆိုမှု ခံယူခဲ့ရတယ်။ ဖွန်လနှောင်းပိုင်း စစ်တွေမြို့က စစ်တပ်ဟာ ရွှေ့ပြောင်းခံထားရတဲ့ ရိုဟင်ဂျာလူစုတွေကို အကာအကွယ်ပေးခြင်း၊ ဒေသခံတွေ လက်နက်ချအောင် လုပ်ဆောင်ခြင်းဖြင့် အကြမ်းဖက်မှုကို ရပ်တန့်စေခဲ့ပါတယ်။ ထို့အတူ ဖွန်လနှောင်းပိုင်းမှာပဲ စစ်တွေမြို့မှာရှိတဲ့ စစ်တပ်ဟာ ရိုဟင်ဂျာတွေ ၎င်းတို့ရဲ့ပစ္စည်းဥစ္စာများ သွားရောက်သိမ်းယူပြီး ရွှေ့ပြောင်းနေထိုင်ရာနေရာများသို့ ယူသွားနိုင်ရန် သူတို့ရဲ့နေအိမ်နှင့် ဈေးဆိုင်များဆီကို အစောင့်အကြပ်အဖြစ် လိုက်ပါပို့ဆောင်ပေးခြင်းများဆောင်ရွက်ပေးခဲ့ပါတယ်။ စစ်တပ်ရဲ့ ဒီလိုလုပ်ဆောင်ချက်တွေဟာ တာဝန်အရလား၊ အခကြေးငွေရလို့လုပ်ဆောင်တာလားဆိုတာတော့ မသိရပါဘူး။

တစ်ချိန်တည်းမှာပဲ စစ်တပ်ဟာ တခြားသောလုံခြုံရေးအင်အားစုများနှင့် လက်တွဲပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတခွင် မတရားနှိမ်နင်းမှုများဆောင်ရွက်ခဲ့တယ်။ မောင်တောမြို့ကနေထွက်ပြေးလာတဲ့ အသက် ၂၇ နှစ်အရွယ်ရှိ ရိုဟင်ဂျာအမျိုးသားတစ်ဦးက "စစ်တပ်က ရွာဥက္ကဋ္ဌဆီလာပြီး အကြမ်းဖက်မှုမှာ ပါဝင်တဲ့လူတွေရဲ့ နာမည်တွေတောင်းတယ်။ နောက်ပြီး တစ်အိမ်ပြီးတစ်အိမ်သွားပြီးတော့ လူတွေလိုက်ဖမ်းတယ်။ နာမည်စာရင်းထဲမှာ ပါတဲ့လူတွေ

ဘယ်ရောက်သွားသလဲဆိုတာတော့ ဘယ်သူမှမသိဘူး။ စာရင်းထဲမှာ မပါတဲ့လူတွေကျတော့ ပိုက်ဆံပေးရင် ပြန်လွတ်လာနိုင်တယ်။"

*         *         *

ခန့်မှန်းခြေအားဖြင့် ရှစ်သိန်းကနေ တစ်သန်းကြားမှာရှိတဲ့ မြန်မာပြည်က ရိုဟင်ဂျာနဲ့ရခိုင်လူမျိုးတွေဟာ နေ့စဉ်ဘဝမှာ မကြာခဏ ပဋိပက္ခဖြစ်လေ့ရှိပြီး တစ်ဘက်နဲ့တစ်ဘက် မလိုမုန်းထားမှုတွေရှိနေ ကြောင်း ထုတ်ဖော်ပြောတာ ကြာပါပြီ။ ခေတ်အဆက်ဆက်က မြန်မာအစိုးရတွေကတော့ ရိုဟင်ဂျာများကို မြန်မာပြည်မှာနေထိုင်ပိုင်ခွင့်မရှိတဲ့ နိုင်ငံခြားသားတွေဖြစ်တယ်ဆိုပြီး ခွဲခြားဆက်ဆံနေတယ်။ ရခိုင်လူမျိုးအများစုကလည်း အစိုးရကဲ့သို့ အမြင်မျိုးရှိပါတယ်။ ၁၉၈၂ ခုနှစ်တွင် မြန်မာစစ်အစိုးရက နိုင်ငံသားဥပဒေတစ်ခုထုတ်ပြန်ပြီးနောက်ပိုင်း နိုင်ငံတော်မူဝါဒအရ ရိုဟင်ဂျာတွေဟာ မြန်မာနိုင်ငံသား ခံယူပိုင်ခွင့်မရှိတော့ဘဲ နိုင်ငံမဲ့လူထုဘဝအဖြစ်သို့ ရောက်ရှိစေခဲ့ရပါတယ်။

ရိုဟင်ဂျာများရဲ့ တရားဝင်မှုမရှိတဲ့အနေအထားဟာ ရခိုင်ပြည်နယ်အတွင်း တင်းမာမှုတွေဖြစ်ပွားစေခဲ့တယ်။ ဥပဒေအရ စာရင်းပြုစုထားတဲ့ "တိုင်းရင်းသားမျိုးနွယ်စုများ" ကသာလျှင် နိုင်ငံသားများဖြစ်ကြပြီး ရိုဟင်ဂျာတွေကတော့ အဲဒီစာရင်းထဲမှာမပါဘူး။ ဒါမှမဟုတ်ရင် ဗြိတိသျှတွေက ရခိုင်ဒေသကို စတင်သိမ်းပိုက်တဲ့ ၁၈၂၃ ခုနှစ်မတိုင်မီကာလက မြန်မာပြည်မှာ စတင်အခြေချပြီး မျိုးဆက်မပြတ်နေထိုင်ခဲ့ကြတဲ့ လူမျိုးများသာလျှင် နိုင်ငံသားဖြစ်ခွင့်ရှိပါတယ်။ ၎င်းတို့ရဲ့ ဘိုးဘေးဘီဘင်တွေဟာ ၁၈၂၃ ခုနှစ် မတိုင်မီကတည်း မြန်မာပြည်မှာ နေထိုင်ခဲ့တယ်ဆိုတာကို "ခိုင်မာတဲ့သက်သေ" မပြနိုင်တဲ့လူတွေကတော့ အပြည့်အဝ နိုင်ငံသားနှင့် မွေးရာပါအခွင့်အရေးတွေ ငြင်းဆန်ခံရမှာဖြစ်တယ်။ ရိုဟင်ဂျာတွေဟာ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်၊ ပညာရေးသင်ယူခွင့်နှင့် အလုပ် လုပ်ကိုင်ခွင့် စတဲ့အခွင့်အရေးတွေကနေ ပိတ်ပင်တားဆီးခြင်းခံနေရတယ်။ ဒီအခြေခံအခွင့်အရေးတွေဟာ နိုင်ငံတကာဥပဒေအရ နိုင်ငံသားတွေရော နိုင်ငံသားမဟုတ်တဲ့လူတွေအတွက်ပါ အာမခံထားတဲ့ အခွင့်အရေးတွေ ဖြစ်ပါတယ်။ ထောင်ပေါင်းများစွာသော ဒုက္ခရောက်နေတဲ့ ရိုဟင်ဂျာတွေဟာ ကုလသမဂ္ဂရဲ့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကသာ အကူအညီတွေမပေးခဲ့ဘူးဆိုရင် အစာငတ်မွတ်နိုင်တဲ့ အလားအလာ အများကြီးရှိပါတယ်။

မြန်မာပြည်လူမှုရေးနဲ့နိုင်ငံရေးလောကမှာ ကာလကြာရှည်စွာ တည်ရှိနေခဲ့တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ရိုဟင်ဂျာနှင့် မွတ်ဆလင်ဆန့်ကျင်ရေး သဘောထားအမြင်တွေဟာ ဇွန်လက စတင်ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုကြောင့် ပိုမိုကြီးထွားကျယ်ပြန့်လာခဲ့တယ်။ မြန်မာအစိုးရအရာရှိတွေကတော့ ရိုဟင်ဂျာတွေကို "ဘင်္ဂါလီ" "ရိုဟင်ဂျာလို့ခေါ်တဲ့" သို့မဟုတ် ရှုတ်ချမှုသဘောဆောင်တဲ့ "ကုလား" ဆိုပြီး ဘာသာပြန်လိုက်ရင် စိတ်ပျက်စရာကောင်းတဲ့ အခေါ်အဝေါ် အမျိုးမျိုးခေါ်ကြပါတယ်။ ယေဘုယျအားဖြင့်ပြောရမယ်ဆိုရင် ကာလကြာရှည်စွာ ဒီမိုကရေစီအတွက် ကြိုးပမ်းလုပ်ဆောင်နေတဲ့ လူတွေရော နိုင်ငံတော်ရဲ့ဖိနှိပ်မှုကို နှစ်ပေါင်းများစွာ ကိုယ်တိုင်ကြုံတွေ့နေရတဲ့ တိုင်းရင်းသားလူမျိုးစုများ အပါအဝင် အထွေထွေမြန်မာပြည်အသိုင်းအဝိုင်းရဲ့ မလိုမုန်းထားမှုတွေကို ရိုဟင်ဂျာတွေက ခံနေရပါတယ်။

လူဝင်မှုကြီးကြပ်ရေးဥပဒေကို လိုက်နာဆောင်ရွက်ဖို့ အစိုးရက ပျက်ကွက်ခဲ့လို့ ရခိုင်ပြည်နယ်အတွင်း လူမျိုးရေးအကြမ်းဖက်မှုဖြစ်ပွားခဲ့ရတာလို့ မြန်မာပြည်ရဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူမရဲ့ ဥရောပခရီးစဉ်မှာ မှားယွင်းစွာ ပြောကြားခဲ့ပါတယ်။ သူမရဲ့ ၂၄ နှစ်အတွင်း ပထမဆုံးသော ပြည်ပခရီးစဉ်ဖြစ်ပြီး အရေးအခင်းဖြစ်ပွားနေချိန်မှာ ဒီလိုပြောကြားလိုက်တာဖြစ်တယ်။ ရိုဟင်ဂျာတွေကို မြန်မာပြည်သားအဖြစ် အသိအမှတ်ပြုသင့် မပြုသင့် ဆိုတာကိုတော့ သူမအနေနဲ့ “မသိဘူး” လို့ မှတ်ချက်ပေး ပြောဆိုပါတယ်။ သူမရဲ့ မှတ်ချက်ဟာ ရိုဟင်ဂျာတွေ နိုင်ငံခြားသား သို့မဟုတ် “ကျူးကျော်သူများ” ဖြစ်တယ်ဆိုတဲ့ လူအများရဲ့ အမြင်ကို အသက်သွင်းပေးသလို ဖြစ်သွားပါတယ်။ “တချို့သော” ရိုဟင်ဂျာတွေဟာ နိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်နိုင်တဲ့ အခြေအနေမှာရှိတယ်လို့ သူမက အကြံပြုပြောဆိုပြီး တိကျရှင်းလင်းမှုမရှိတဲ့ ဥပဒေတွေအပေါ် အပြစ်တင်လိုက်ပါတယ်။

ဒီမိုကရေစီအရေးအတွက် ကာလကြာရှည်စွာ လှုပ်ရှားနေသူတချို့က လူထုအုံကြွမှု မီးတောက်လောင်လာစေတဲ့ ရိုဟင်ဂျာဆန့်ကျင်ရေး လှုံ့ဆော်မှုတွေလုပ်ဆောင်နေခဲ့တယ်။  ထင်ရှားတဲ့ ဒီမိုကရေစီအရေး လှုပ်ရှားသူ ကိုကိုကြီးက ရိုဟင်ဂျာတွေဟာ မြန်မာပြည်ရဲ့ တိုင်းရင်းသားလူမျိုးစုတစ်ခု မဟုတ်ဘူးလို့ ဇွန်လအစောပိုင်းက ရန်ကုန်မြို့မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောဆိုလိုက်တယ်။  နိုင်ငံသားဖြစ်ဖို့အတွက် တိုင်းရင်းသား ဖြစ်စရာမလိုဘူးဆိုတဲ့အချက်ကို ကိုကိုကြီးက ဝန်ခံပြောဆိုခဲ့ပေမယ့် ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုအတွက် “ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ တရားမဝင် ဝင်ရောက်လာသူတွေ”  နှင့် “နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ထိခိုက်နစ်နာစေတဲ့ လှုံ့ဆော်မှုတွေ” လို့အနောက်နိုင်ငံတွေက ရိုဟင်ဂျာတွေအပေါ် ဂရုပြုမှုတွေကို ရည်ညွှန်းပြီး ပြစ်တင်ဝေဖန်ပြောဆိုလိုက်တယ်။ “အင်အားကြီးနိုင်ငံတွေက မြန်မာပြည်ရဲ့ တိုင်းရင်းသားအရေးကိစ္စကို သေချာစွာ နားမလည်ဘဲ ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားတာဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို စော်ကားတာပဲ” လို့ ကိုကိုကြီးက ပြောဆိုလိုက်ပါတယ်။

ရိုဟင်ဂျာတွေ မညှာမတာဆက်ဆံပြုမူခံရတာဟာ မြန်မာပြည်ထဲမှာတင်မဟုတ်ပဲ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်းပဲ လူသားမဆန်၊ တရားမဝင်တဲ့ ဆက်ဆံခြင်းတွေခံနေရတယ်ဆိုတာကို ထင်ရှားစွာမြင်တွေ့နေရပါတယ်။ ရိုဟင်ဂျာတွေဟာ သစ်သားလုပ်လှေတွေနဲ့ ပင်လယ်သမုဒ္ဒရာကို ဖြတ်ကျော်ခြင်းဖြင့်လည်းကောင်း၊ နယ်စပ်က နတ်မြစ်ကို ဖြတ်ကျော်ခြင်းဖြင့်လည်းကောင်း၊ တခြားသောလမ်းကြောင်းများဖြင့်လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ဆီကို သူတို့ရဲ့လုံခြုံရေးအတွက် ထွက်ပြေးတိမ်းရှောင်ကြတယ်။ ၃ သောင်းခန့်ရှိတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းမှာတည်ရှိတဲ့ ကမ္ဘာ့အဆင်းရဲဆုံး ဒုက္ခသည်စခန်းနှစ်ခုမှာ ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်နေကြရပြီး အခြားသော ၄ သောင်းခန့်ကတော့ "မှတ်ပုံထားခြင်းမရှိတဲ့" စခန်းတွေမှာ အသက်ရှင်ရုံလောက်နဲ့ နေထိုင်နေကြရတယ်။ အခြား ၁ သိန်း ၆ သောင်းခန့်ကတော့ စခန်းအပြင်ဘက်မှာ နေထိုင်ကြတယ်။ ဇွန်လမှာ အကြမ်းဖက်မှုပဋိပက္ခ စတင်ဖြစ်ပွားတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးလာနေတဲ့လူတွေကို ၎င်းတို့နိုင်ငံအတွင်း ဝင်ရောက်မလာနိုင်အောင် ဘင်္ဂလားဒေ့ရှ်အစိုးရက သူတို့ရဲ့ နယ်ခြားစောင့်တပ်နဲ့ ရေတပ်တွေကို အမိန့်ပေးပြီး ကာကွယ်ခိုင်းတယ်။

ခိုလှုံခွင့်တောင်းလာသူတွေကို ဝင်ခွင့်မပေးခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရက နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်နေပါတယ်။ ပင်လယ်ကမ်းခြေပေါ်ရောက်လာပြီး အသနားခံတောင်းတဲ့ ရိုဟင်ဂျာအမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်တွေကို ဘင်္ဂလာဒေ့ရှ် အာဏာပိုင်များက လက်ခံကူညီခြင်း မလုပ်ဆောင်ဘဲ ဒုက္ခရောက်နေသူတွေကို ချည့်နဲ့နေတဲ့သစ်သားလုပ်လှေတွေပေါ်တင်ပြီး ပင်လယ်ထဲကို ပြန်လည် တွန်းချလိုက်တယ်။ မိုးရာသီဖြစ်တဲ့အတွက်ကြောင့် သူတို့တွေဟာ ပင်လယ်ထဲမှာ ရေနစ်သေနိုင်တဲ့ အန္တရာယ်ရှိသလို မြန်မာပြည်မှာ ဖမ်းဆီးဖိနှိပ်မှုတွေ ပြန်ပြီး ခံရနိုင်တယ်။ ပင်လယ်ထဲ ပြန်ပြီးအတွန်းပို့ခံရလို့ ဘယ်နှစ်ဦး သေဆုံးသွားတယ်ဆိုတာကိုတော့ မသိရသေးပါ။ ဘင်္ဂလာဒေ့ရှ်နိုင်ငံထဲကို ဝင်ရောက်နိုင်ခဲ့တဲ့သူတွေကတော့ ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ တရားဝင်ကာကွယ်မှုမရရှိသေးဘဲ ပုန်းအောင်းနေရပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရရဲ့ မူဝါဒကြောင့် လူသားစာနာမှု အထောက်အကူတွေကိုလည်း မရရှိပါ။

## အဓိကအကြံပြုချက်များ

ဇွန်လ ၁၈ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က တိုင်းပြည်ကို မိန့်ခွန်းပြောပါတယ်။ "မဆုံးနိုင်တဲ့မုန်းတီးမှုတွေ၊ လက်စားချေလိုမှုတွေကိုရှေ့တန်းတင်ပြီး တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် အကြမ်းဖက်သတ်ဖြတ် နေကြမယ်ဆိုရင် ရခိုင်ပြည်နယ်တွင်သာမက ပိုမိုကျယ်ပြန့် ပွားများလာစေနိုင်တဲ့အန္တရာယ် ရှိပါတယ်။ ဒီလိုသာဖြစ်လာခဲ့ရင် ဒီမိုကရေစီအသွင်ကူးပြောင်းခါစသာရှိသေးတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေအပေါ် ပြင်းပြင်းထန်ထန် ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်လာနိုင်တယ်ဆိုတာကို မိဘပြည်သူများအထူးသတိထားစေချင်ပါတယ်" လို့ပြောဆိုသွားပါတယ်။ သမ္မတရဲ့ မိန့်ခွန်းကို ပြည်သူတွေက ကြိုဆိုခဲ့ပြီး အခြေအနေကို တည်ငြိမ်စေခဲ့တယ်။ ဒါပေမယ့် ဇွန်လ ၁၂ ရက်နေ့မှာတော့ သမ္မတဟာ အစွန်းရောက် ရိုဟင်ဂျာဆန့်ကျင်ရေးဝါဒီများနှင့် လက်တွဲပြီး ရိုဟင်ဂျာတွေကို တခြားနိုင်ငံ သို့မဟုတ် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး UNHCR ကကြီးကြပ်တဲ့ ဒုက္ခသည်စခန်းတွေဆီကို ပို့ဆောင်ခြင်းဟာ ပြဿနာဖြေရှင်းဖို့ "တစ်ခုတည်းသောနည်းလမ်း" ဖြစ်တယ်လို့ပြောလိုက်ပါတယ်။ "တတိယနိုင်ငံတစ်ခုခုက လက်ခံမယ်ဆိုရင် ကျွန်တော်တို့က သူတို့ကို ပို့မှာပါ" လို့ သမ္မတက ပြောဆိုသွားပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးကတော့ "ဒုက္ခသည်ဆိုင်ရာ အေဂျင်စီတစ်ခုအနေနဲ့ ဒုက္ခသည်များ ဖန်တီးတဲ့နေရာမှာ ပါဝင်လေ့မရှိဘူး" လို့ ပြောဆိုပြီး သမ္မတရဲ့ အဆိုပြုချက်ကို လျင်မြန်စွာ ငြင်းဆန်လိုက်ပါတယ်။

လူထုဆူပူအုံကြွမှုနှင့် အစိုးရလုံခြုံရေးတပ်သားတွေရဲ့ အဆက်မပြတ် အလွဲသုံးစားအနိုင်ကျင့်မှုတွေဟာ တခြားသော နေရာဒေသများဆီကို ပြန့်ပွားသွားပြီး တိုင်းပြည်ရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ထိခိုက်နိုင်တယ်လို့ သမ္မတဦးသိန်းစိန် ပြောဆိုသွားသာက မှန်ပါတယ်။ သို့မဟုတ်ရင် အစိုးရရဲ့ တိုင်းရင်းသားလူမျိုးစုများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပါ့မယ်ဆိုတဲ့ ကတိပေးကြေညာချက်ကို တခြားသောတိုင်းရင်းသားလူနည်းစုများက သံသယဝင်လာနိုင်စရာ

အကြောင်းရှိပါတယ်။ လူနည်းစုတစ်ခုကို သိသာထင်ရှားစွာ နှိပ်စက်ညှဉ်းပန်းနေခြင်းဟာ နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအလှူရှင်များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီတွေပေးနိုင်ဖို့ ပိုမိုခက်ခဲလာမှာဖြစ်တယ်။ အကယ်၍ အစိုးရက ပြုပြင်ပြောင်းလဲရေးတွေလုပ်ဆောင်နေပြီးတော့ ရယူချင်နေတဲ့နိုင်ငံတကာအကူအညီတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ ထောက်ပံ့မှုတွေနဲ့ထိုက်တန်တယ်လို့မြင်စေလိုရင် ၎င်းတို့ရဲ့ လုံခြုံရေးတပ်သားတွေကို ထိန်းချုပ်ပြီး ခွဲခြားဆက်ဆံရေးမူဝါဒတွေ၊ လုပ်ရပ်တွေနဲ့ သိသိသာသာ အားနည်းတဲ့လူစုကို ထိခိုက်စေတဲ့ အပြောအဆိုတွေကို အဆုံးသတ်ရပါမယ်။ ထို့အပြင် အစိုးရဟာ ခွဲခြားဘက်လိုက်မှုရှိပြီး ခေတ်နောက်ကျနေတဲ့ နိုင်ငံသားဥပဒေကို ပြင်ဆင်ဖို့ ကတိပေးဆောင်ရွက်ရပါမယ်။ ရိုဟင်ဂျာတွေ သူတို့အိမ်ကနေ ထွက်ခွာသွားဖို့ မတောင်းဆိုသင့်သလို ထွက်ခွာသွားဖို့လည်းမသင့်တော်ပါ။ တခြားသောတိုင်းရင်းသား လူမျိုးစုများလိုပဲ သူတို့ကို နိုင်ငံသားဖြစ်ခွင့်ပေးသင့်ပါတယ်။

ဒီအနိုင်ကျင့်မှုတွေကို အလေးအနက်ထားတယ်ဆိုတဲ့ အကြောင်းကို ပြသနိုင်ဖို့အတွက် အစိုးရက မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ တောမတ်(စ်) ကွင်တားနားအား အကန့်အသတ်မရှိ ဘက်စုံကလူတွေနှင့် တွေ့ဆုံပြီး လွတ်လပ်စွာ စုံစမ်းစစ်ဆေးခွင့်ပေးရမှာဖြစ်ပြီး လူ့အခွင့်အရေး ကျူးလွန်သူများကိုလည်း တာဝန်ခံယူလာအောင် ဆောင်ရွက်သင့်တယ်။ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှု ဖြစ်ပွားနေတဲ့အချိန်နှင့် ဖြစ်ပွားပြီးကာလအတွင်း အနိုင်ကျင့်မှုများနှင့်ပတ်သက်ပြီး အမိန့်ပေးခဲ့သူ သို့မဟုတ် ပါဝင်ကျူးလွန်ခဲ့သူတွေကို ဘက်မလိုက်ဘဲ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီး သင့်တော်သလို ဒဏ်ခတ်အပြစ်ပေးသင့်ပါတယ်။ ထိန်းသိမ်းခံရပြီး အဆက်အသွယ်ဖြတ်တောက်ခြင်း ခံထားရတဲ့ ရိုဟင်ဂျာလူအုပ်စုတွေရဲ့ လုံခြုံရေးအတွက် အစိုးရက ထိုသူတို့ရဲ့ သတင်းအချက်အလက်တွေကို ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အား ချက်ချင်းအသိပေးရမှာ ဖြစ်တယ်။

ရခိုင်ပြည်နယ်နှင့်တခြားနေရာဒေသတွေမှာ နှစ်ရှည်လများ စနစ်တကျဖြစ်ပျက်နေခဲ့တဲ့ ဖိနှိပ်အနိုင်ကျင့်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အစိုးရက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးကို ဖိတ်ခေါ်ပြီး ရုံးတွေဖွင့်ခွင့်ပေးသင့်တယ်။ ရခိုင်ပြည်နယ်နှင့် တခြားဒေသတွေမှာ ရုံးခွဲတွေဖွင့်ခွင့်ပေးပြီး လူ့အခွင့်အရေးနှင့် ပတ်သက်လို့ လေ့လာစောင့်ကြည့်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းတွေကို အကန့်အသတ်မရှိ လုပ်ပိုင်ခွင့်ပေးရမယ်။ အစိုးရဟာ ဒေသခံအဖွဲ့အစည်း၊ အစိုးရအဖွဲ့မဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး ရိုဟင်ဂျာ၊ ရခိုင်နှင့် ရိုဟင်ဂျာမဟုတ်တဲ့မွတ်ဆလင်လူထုတွေကို လူသားစာနာမှုအထောက်အကူတွေ ချက်ချင်း ကူညီထောက်ပံ့ပေးသင့်တယ်။ ထိခိုက်ခံထားရတဲ့ လူထုတွေဆီ လူသားစာနာမှု အထောက်အကူတွေရောက်ရှိအောင် အကန့်အသတ်မရှိ ခွင့်ပြုသင့်တယ်။ ထို့အပြင် လူသားစာနာမှုအထောက်အကူ ပေးနေတဲ့အဖွဲ့အစည်းတွေရဲ့ လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုတွေကိုလည်း ကိုင်တွယ်ဖြေရှင်းပေးရမယ်။ ရွှေ့ပြောင်းခံလူထုတွေရဲ့ အိမ်ပြန်နိုင်ခွင့်နှင့် လုံလုံခြုံခြုံအသက်ရှင်နေနိုင်ခွင့် စတဲ့လူ့အခွင့်အရေးကို လေးစားပြီး အာဏာပိုင်တွေက ၎င်းတို့နဲ့ လက်တွဲအဖြေရှာလုပ်ဆောင်ပေးသင့်တယ်။ သင့်တော်လိုအပ်ရင် ဖျက်ဆီးခံထားရတဲ့ အိုးအိမ်ပစ္စည်းတွေကို

ပြန်လည်တည်ဆောက်ပေးပြီး ဒေသခံ ပြည်သူလူထုတွေကြားမှာ ဖြစ်ပွားတဲ့ အကြမ်းဖက်မှု ချုပ်ငြိမ်းဖို့နှင့် ပြန်လည်သင့်မြတ်ရေးအတွက် နည်းလမ်းတွေရှာကြံလုပ်ဆောင်ပေးသင့်ပါတယ်။

နိုင်ငံသားဥပဒေထဲမှာ ဖော်ပြထားတဲ့ တခြားသောတိုင်းရင်းသားလူမျိုးစု ရှစ်ခု၊ နိုင်ငံသားဥပဒေထဲမှာ ဖော်ပြထားခြင်းမရှိတဲ့ နိုင်ငံသားများနှင့်တန်းတူညီမျှစွာ ဆက်ဆံတဲ့ လူမျိုးစုတွေလို ရိုဟင်ဂျာတွေကို တန်းတူစွာဆက်ဆံနိုင်ဖို့အတွက် အစိုးရက ဘက်လိုက်ခွဲခြားမှုသဘောဆောင်တဲ့ ၁၉၈၂ နိုင်ငံသားဥပဒေတွေကို အလျင်အမြန်ပြင်ဆင်သင့်တယ်။ ခွဲခြားဘက်လိုက်မှုသဘောဆောင်တဲ့ ဥပဒေတွေ၊ မူဝါဒတွေနှင့် လုပ်ရပ်တွေကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတွေလည်း ပြုလုပ်ဆောင်ရွက်သင့်တယ်။

ရိုဟင်ဂျာတွေကို ပေါ်ပေါ်ထင်ထင်ခွဲခြားဆက်ဆံ အကြမ်းဖက်မှုတွေ ဖြစ်ပွားစေတဲ့ ဘက်လိုက်မုန်းတီးမှု သဘောထားမူဝါဒများကို အစိုးရအတွင်းမှာရော ပြည်သူလူထုအတွင်းမှာပါ ပပျောက်အောင် အစိုးရက ရင်ဆိုင်ဖြေရှင်းရမယ်။ လူထုကြားမှာ နားလည်သည်းခံတတ်တဲ့၊ ခွဲခြားဆက်ဆံမှုမရှိတဲ့ စိတ်ဓာတ်တွေ ကြီးထွားမြင့်မားလာအောင် အစိုးရက ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်မှုတွေ လုပ်ဆောင်သင့်တယ်။ ရိုဟင်ဂျာတွေကို ပြည်ထောင်စုရဲ့ တိုင်းရင်းသားတစ်ခုအဖြစ် သဘောထားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလကြာရှည်စွာဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတွေကို အဆုံးသတ်ဖို့ အစိုးရအနေနဲ့ အလေးထားဆောင်ရွက်သင့်တယ်။

ဂိုဏ်းဂဏဆိုင်ရာကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုတွေဟာ ရှောင်တိမ်းလို့ရနိုင်ခဲ့တယ်လို့ များစွာသောရခိုင်နှင့် ရိုဟင်ဂျာတွေက ကောက်ချက်ချပြောဆိုသွားပါတယ်။ အသက် ၂၉ နှစ်အရွယ် ရခိုင်အမျိုးသားတစ်ဦးနှင့် အသက်ပိုကြီးတဲ့ ရိုဟင်ဂျာအမျိုးသားတစ်ဦးတို့က “အစိုးရကတားဆီးနိုင်ခဲ့ရဲ့သားနဲ့ မလုပ်ခဲ့တာ” လို့ သီးခြားနေရာတွေဆီမှာ ပြောဆိုခဲ့ပေမယ့် စကားလုံးတွေကတော့ တူနေပါတယ်။ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးဆိုတဲ့ ပြောဆိုချက်နှင့်အညီ လက်တွေ့ဘဝမှာ ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေကို အစိုးအရအနေနဲ့ ထိထိရောက်ရောက်ရင်ဆိုင်ဖြေရှင်းဖို့ နောက်မကျသေးပါဘူး။ ဒီလိုလက်တွေ့ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းဖို့ ပျက်ကွက်နေမယ်ဆိုရင် အနာဂတ်မှာ သွေးထွက်သံယိုမှုနဲ့ အနိုင်ကျင့်မှုတွေ မလွဲမသွေဖြစ်ပေါ်လာနိုင်ပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ ခိုလှုံခွင့်တောင်းခံလာတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေရဲ့ လုံခြုံရေးအတွက်တာဝန်ယူဖို့ ငြင်းဆန်တဲ့ ၎င်းတို့ရဲ့မူဝါဒကို ပြင်ဆင်ဖို့ စဉ်းစားသင့်ပါတယ်။ အလှူရှင်တွေ ကမ်းလှမ်းလာတဲ့ လူသားစာနာမှုအထောက်အကူတွေကို လက်ခံပြီး ထိုထက်မက ပိုမိုတောင်းဆိုသင့်တယ်။ ယခုတည်ရှိနေတဲ့ တရားဝင်ဒုက္ခသည်စခန်းတွေမှာ ရိုဟင်ဂျာတွေ အကာန့်အသတ်ဖြင့် နေရာချထားရေးကမ်းလှမ်းချက်ကိုလည်း လက်ခံသင့်တယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရဟာ လူ့အခွင့်အရေးကို လေးစားပြီး နိုင်ငံတကာဥပဒေကို လိုက်နာနေတဲ့အစိုးရလို့ နိုင်ငံခြားရေးဝန်ကြီးက လွန်ခဲ့တဲ့ဇွန်လက လွှတ်တော်ထဲမှာပြောဆိုသွားပါတယ်။ ဒါပေမယ့် သေခြင်းနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့လူတွေကို သောက်ရေတစ်ဗူးစီပေးပြီး ပြန်လည်မောင်းထုတ် လိုက်တဲ့လုပ်ရပ်ကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရဟာ နိုင်ငံခြားရေးဝန်ကြီးက လွန်ခဲ့တဲ့ဇွန်လက

လွှတ်တော်ထဲမှာပြောဆိုသွားသလို လူ့အခွင့်အရေးကို လေးစားပြီး နိုင်ငံတကာဥပဒေကို လိုက်နာနေတဲ့အစိုးရလို့ ကိုယ့်ကိုကိုယ် သတ်မှတ်လို့မရပါဘူး။

နိုင်ငံတကာအသိုင်းအဝိုင်းက ဒီကိစ္စကိုအရေးပေါ်အဖြစ်သတ်မှတ်ပြီး လျင်မြန်စွာတုန့်ပြန်မှု မလုပ်ဆောင်ရင် ကျွန်တော်တို့တင်ပြတဲ့ အကြံပြုချက်တွေဟာ အကောင်အထည်ပေါ်လာမှာမဟုတ်ပါ။ အကယ်၍ ဒီဖြစ်ရပ်တွေဟာ မြန်မာပြည်မှာ ပြုပြင်ပြောင်းလဲမှုမလုပ်ခင် လွန်ခဲ့တဲ့ တစ်နှစ်သို့မဟုတ် နှစ်နှစ်လောက်က ဖြစ်ပျက်ခဲ့ရင် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျနိုင်ငံ၊ ကုလသမဂ္ဂနှင့် အခြားသောအဖွဲ့အစည်းများက မြန်မာအစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချကြမှာသေချာပါတယ်။ အစိုးရက အကြမ်းဖက်မှုတားဆီးဖို့ ပျက်ကွက်ခဲ့ခြင်းနှင့် အလွဲသုံးစားအနိုင်ကျင့်မှုတွေမှာ ပါဝင်ခဲ့ခြင်းတို့ဟာ အစိုးရနဲ့ လုံခြုံရေးတပ်သားတွေရဲ့ ပြုပြင်ပြောင်းလဲရေးတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ဖို့ လိုနေသေးတယ်ဆိုတဲ့အချက်ကို ထောက်ပြနေတယ်။ အခု မြန်မာအစိုးရရဲ့ အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေကို လမ်းဖွင့်ပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးခြင်းနှင့် မြန်မာပြည်မှာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အရေး သိသာစွာ ပေါ်ပေါက်လာခြင်းစတဲ့ စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ အဖြစ်အပျက်တွေကို အာရုံစိုက်နေရင်း အကြမ်းဖက်မှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ တုန့်ပြန်မှုက အားနည်းနေတယ်။

ရခိုင်ပြည်ကပဋိပက္ခ အရှိန်အဟုန်မြင့်မားနေတဲ့အချိန်မှာပဲ အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး နိုင်ငံတကာက မြန်မာပြည်အပေါ် စီးပွားရေးပိတ်ဆို့မှု လျှော့ချခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းများလုပ်ဆောင်နေပါတယ်။ ဇူလိုင်လ ၁၁ ရက်နေ့မှာတော့ အဓိကကျတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပိတ်ဆို့မှုကို အမေရိကန်ပြည်ထောင်စုက အဆုံးသတ်ဖို့ကြေညာလိုက်တယ်။ ရိုဟင်ဂျာနှင့် တခြားသော ထိခိုက်လွယ်တဲ့ လူနည်းစုတွေကို ရက်စက်စွာ ဖိနှိပ်ချုပ်ချယ်နေမှုကို သည်းခံနေမှာ မဟုတ်ဘူးဆိုတဲ့ အကြောင်းကို အမေရိကန်ပြည်ထောင်စုနှင့် တခြားနိုင်ငံတွေဟာ မြန်မာအာဏာပိုင်တွေဆီ သတိပေးဖို့ အထူးတာဝန်ရှိပါတယ်။ မြန်မာအာဏာပိုင်တွေရဲ့ ပဋိပက္ခတွေအပေါ် တုန့်ပြန်တဲ့နည်းလမ်းလုပ်ရပ်တွေနှင့် ခွဲခြားဆက်ဆံဖိမှုတွေဟာ မြန်မာအစိုးရနှင့် ဆက်ဆံရေးကို ထိခိုက်နစ်နာစေတယ်ဆိုတဲ့အကြောင်းကို ကမ္ဘာ့ခေါင်းဆောင်တွေက ရှင်းရှင်းလင်းလင်းနှင့် ပြတ်ပြတ်သားသား ပြောဆိုသတိပေးသင့်တယ်။

# အစီရင်ခံစာပြုစုခြင်းနည်းနာ

လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ၂၀၁၂ ခုနှစ် ဇွန်လ အတွင်း မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် သုတေသနပြုလုပ်ပြီး ဒီအစီရင်ခံစာကိုပြုစုခဲ့တာပါ။ ရခိုင်လူမျိုး ၂၂ ဦးနှင့် ရိုဟင်ဂျာ ၂၈ ဦး အပါအဝင် စုစုပေါင်း လူ ၅၇ ဦးသောမျက်မြင်သက်သေများ သို့မဟုတ် အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာခဲ့သူများနှင့် တွေ့ဆုံမေးမြန်းချက်တွေကို အဓိကအခြေပြုပြီး ပြုစုထားတာပါ။

မြန်မာရော ဘင်္ဂလားဒေ့ရှ်နိုင်ငံပါ အစိုးရမဟုတ်သော လွတ်လပ်တဲ့အဖွဲ့အစည်းတွေကို အခင်း ဖြစ်ပွားတဲ့ နေရာဒေသများမှာ လွတ်လပ်စွာ သုတေသနာပြုလုပ်ခွင့်နှင့် လူ့အခွင့်အရေးနှင့်ပတ်သက်တဲ့ ကိစ္စများကို စောင့်ကြည့်လေ့လာခွင့်မပေးပါ။ ဒါကြောင့် တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေ ရယူအတည်ပြုဖို့ဆိုတာ စိန်ခေါ်မှု တစ်ရပ်လို ဖြစ်နေပါတယ်။ မြန်မာပြည်မှာဆိုရင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ရခိုင်ပြည်နယ်က ရွှေ့ပြောင်းခံရခိုင်လူမျိုးတွေ နေထိုင်တဲ့ တရားမဝင် ဒုက္ခသည်စခန်းသုံးခုကို သွားရောက်လည်ပတ်ခဲ့တယ်။ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လုံခြုံမှုရှိတဲ့ နေရာတွေမှာ ခိုလုံနေတဲ့ ရိုဟင်ဂျာတွေကိုလည်း တွေ့ဆုံမေးမြန်းခဲ့တယ်။

ကျွန်တော်တို့က တွေ့ဆုံမေးမြန်းမှု ပြုလုပ်တဲ့နေရာမှာ မြန်မာ၊ ရခိုင်နှင့် ရိုဟင်ဂျာဘာသာစကားတွေကို အဓိကအသုံးပြုပြီး အသိုင်းအဝိုင်းတစ်ခုစီအတွက် သင့်တော်မယ့် အင်္ဂလိပ်စကားပြန်တွေကို အသုံးပြုပါတယ်။ တွေ့ဆုံမေးမြန်းခံရတဲ့လူတွေရဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့က သူတို့ရဲ့နာမည်အရင်း၊ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့တဲ့ နေ့ရက်နှင့် နေရာအတိအကျကို ဖော်ပြထားခြင်း မလုပ်ပါ။ ဒီအစီရင်ခံစာထဲမှာ ဖော်ပြထားတဲ့ မေးမြန်းခံရသူတွေရဲ့နာမည်တွေဟာ စာဖတ်သူအနေနဲ့ ဘယ်တစ်ယောက်မှန်း ခွဲခြားနိုင်အောင်လို့ နာမည်ရင်းမဟုတ်တဲ့ နာမည်ခံအတိုကောက်တွေသာဖြစ်ပါတယ်။ တချို့သောနေတွေမှာတော့ ကာယကံရှင်တွေရဲ့ လျှို့ဝှက်မှုနှင့် လုံခြုံရေးအရ ၎င်းတို့ကို ကိုယ်စားပြုတဲ့ သတင်းအချက်အလက်တွေကို ချန်ထားခဲ့ပါတယ်။

တွေ့ဆုံမေးမြန်းခံရတဲ့သူတွေအားလုံးကို တွေ့ဆုံမေးမြန်းခြင်းရဲ့ရည်ရွယ်ချက်၊ မိမိသဘောဖြင့်သာ ထွက်ဆိုပြောဆိုခွင့် သဘောသဘာဝနှင့် သတင်းအချက်အလက်ကို မည်သို့မည်ပုံ အသုံးပြုမည်ဆိုတဲ့ အချက်တွေကို ကြိုတင်အသိပေးခဲ့ပါတယ်။ တစ်ဦးမှ အခကြေးငွေမရပါ။

ဤအစီရင်ခံစာပြုစုရေးအတွက် အထက်ပါဖော်ပြခဲ့တဲ့ သုတေသနပြုလုပ်ခြင်းမှရရှိတဲ့ မူရင်းသတင်း အချက်အလက်များအပြင် မူရင်းမဟုတ်တဲ့ သတင်းအချက်အလက်များဖြစ်တဲ့ ကုလသမဂ္ဂရဲ့ အစီရင်ခံစာတွေ၊ ပညာရှင်များရဲ့ လေ့လာမှုနှင့် စာတမ်းတွေ၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ရဲ့ အစီရင်ခံစာဟောင်းတွေနှင့် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ အစီခံစာတွေကိုလည်း ကိုးကားပါတယ်။

# (၁) နောက်ခံအကြောင်း

ရခိုင်ပြည်နယ်ဟာ မြန်မာပြည်ရဲ့အနောက်ဘက်ခြမ်းတွင် တည်ရှိပြီး ပြည်နယ်ရဲ့ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မြောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင် မကွေးနှင့် ပဲခူးတိုင်းဒေသကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးတို့ဖြင့် နယ်ခြား ဆက်စပ်ထားပါတယ်။ ရှေးရခိုင်ဘုရင်ပြည်များကို အောက်ဗမာဘုရင်ပြည်တွေရဲ့ လွှမ်းမိုးမှုကနေ ရာစုနှစ်ပေါင်းများစွာ ကင်းလွတ်စေခဲ့တဲ့ ရခိုင်ရိုးမတောင်တန်းကြီးရဲ့ ထူထပ်တဲ့တောတောင်များက ပြည်နယ်ရဲ့ မြေသြဇာ ကောင်းပြီး စိုစွတ်တဲ့ မြေလွတ်တွေကို မြန်မာပြည်မကြီးနှင့် ပိုင်းခြားထားပါတယ်။[1]

ရခိုင်ပြည်ရဲ့ လူထုအများစုဟာ လယ်သမားများဖြစ်ကြပြီး မြန်မာပြည်ရဲ့အဆင်းရဲဆုံးပြည်နယ်တွေထဲမှာ ပါဝင်တယ်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရဲ့ လေ့လာချက်အရ ၄၃.၅ ရာခိုင်နှုန်းသော ရခိုင်ပြည်သူတွေဟာ ဆင်းရဲနွမ်းပါးမှုစားရင်းထဲမှာပါဝင်နေပြီး မြန်မာနိုင်ငံရဲ့ ဒုတိယအဆင်းရဲဆုံးပြည်နယ်ဖြစ်ပြီး ပထမအဆင်းရဲဆုံးကတော့ ချင်းပြည်နယ်ဖြစ်ပါတယ်။[2] သို့ပေမယ့် ရခိုင်ပြည်နယ်ကမ်းလွန် ဘင်္ဂလားပင်လယ်အော်မှာ အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာတန်တဲ့ သဘာဝဓာတ်ငွေ့ကို ရှာဖွေတွေ့ရှိထားပါတယ်။ တရုတ်၊ တောင်ကိုးရီးယားနှင့် အန္တိယနိုင်ငံများမှ ကုမ္ပဏီတွေက အစိုးရပိုင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပါအဝင်အခြားသောလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး လွန်ခဲ့တဲ့စစ်အစိုးရလက်ထက်မှာ လျှို့ဝှက်စွာ စာချုပ်တွေ ချုပ်ဆိုပြီး သဘာဝဓာတ်ငွေ့ကို တူးဖော်ရှာဖွေနေတယ်။[3] တရုတ်နိုင်ငံယူနန်ပြည်နယ်ဘက်သို့ ရခိုင်ပြည်က ရေနံနှင့် သဘာဝဓာတ်ငွေ့များသယ်ဆောင်ဖို့ ပိုက်လိုင်းတွေကို တည်ဆောက်လျက်ရှိတယ်။[4]

ရခိုင်ပြည်ရဲ့ အစောပိုင်းခေတ်ကာလကသမိုင်းနှင့် ခေတ်သစ်သမိုင်းတွေကို အဓိပ္ပါယ်ဖွင့်ဆိုတဲ့နေရာမှာ မတူညီ ကွဲပြားမှုတွေရှိပြီး ပြိုင်ဆိုင်မှုတွေလည်းရှိတယ်။ အများစုဖြစ်တဲ့ ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးတွေအပြင် ဘယ်လူမျိုးတွေဟာ ရခိုင်ပြည်နယ်ရဲ့ ဒေသခံတိုင်းရင်းသားဖြစ်တယ်ဆိုတာကို အငြင်းပွားနေကြဆဲဖြစ်တယ်။ မြန်မာအစိုးရနဲ့ မြန်မာလူထုအသိုင်းအဝိုင်းက မွတ်ဆလင် အများစုဖြစ်တဲ့

---

[1] ဗမာလူမျိုးတွေဟာ ရခိုင်ဘုရင်ပြည်ကို ၁၇၈၄ နှစ်ခုမှာ နောက်ဆုံးတော့ သိမ်းပိုက်နိုင်ခဲ့တယ်။ အဲဒီခုနှစ်ဟာ ယခုလက်ရှိ အမျိုးသားရေးဝါဒီရခိုင်တွေရဲ့ သမိုင်းအရအဓိကကျတဲ့နှစ်ဖြစ်တယ်။ ဒါကြောင့်အဲဒီနေရာဒေသ နိုင်ငံရေးအရရော စီးပွားရေးအရပါ အခြေအနေတင်းမာနေတယ်။ ယေဘုယျအားဖြင့်ပြောရမယ်ဆိုရင် ရခိုင်ပြည်သူတွေဟာ ဗမာလူမျိုးတွေကြီးစိုးနေတယ်လို့ ယူဆထားတဲ့ဗဟိုအစိုးရကို အပြင်းအထန်ကန့်ကွက်တယ်။

[2] UN General Assembly, "Report of the Special Rapporteur on the Situation of Human Rights in Myanmar," A/66/365 (September 16, 2011), p. 17; UNDP, "Integrated Household Living Conditions Survey in Myanmar (2009-2010): Poverty Dynamics Report, June 2011.

[3] Human Rights Watch, "*Untold Miseries*": *Wartime Abuses and Forced Displacement in Burma's Kachin State,* March 2012, p. 32-33, http://www.hrw.org/reports/2012/03/20/untold-miseries (accessed July 16, 2012); "Burma: Natural Gas Project Threatens Human Rights" Human Rights Watch news release, March 24, 2007, http://www.hrw.org/news/2007/03/23/burmanatural-gas-project-threatens-human-rights (accessed July 16, 2012); Matthew F. Smith, "Bad Business for Burma," *International Herald Tribune*, April 3, 2011, http://www.nytimes.com/2011/04/04/opinion/04iht-edsmith04.html (accessed July 16, 2012); Shwe Gas Movement, www.shwe.org (accessed July 16, 2012) and EarthRights International, www.earthrights.org (accessed July 16, 2012).

[4] Human Rights Watch, "*Untold Miseries*", p. 32-33

ရိုဟင်ဂျာတွေကို ရခိုင်ပြည်နယ်ရဲ့ တိုင်းရင်းသားတစ်ခုအဖြစ် အသိအမှတ်ပြုဖို့မပြောနှင့် မြန်မာနိုင်ငံသားအဖြစ်လက်ခံဖို့တောင် ငြင်းဆိုနေကြပါတယ်။ တိုင်းရင်းသားမျိုးစုံဖြစ်တဲ့ မြန်မာနိုင်ငံသားအများစုဟာ ရိုဟင်ဂျာဆိုတဲ့ အခေါ်အဝေါ်ကို အသိအမှတ်ပြုဖို့ငြင်းဆိုပြီး ရခိုင်ပြည်က မွတ်ဆလင်လူထုကို "ဘင်္ဂလီ"၊ "ရိုဟင်ဂျာလို့ခေါ်တဲ့" သို့မဟုတ် ရှုတ်ချမှုသဘောဆောင်တဲ့ "ကုလား" လို့ ခေါ်ဝေါ်ပြောဆိုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက တရားမဝင် ဝင်ရောက်လာသူများအဖြစ် သတ်မှတ်ကြတယ်။

အမှန်က မွတ်ဆလင်တွေဟာ မြန်မာပြည်အနောက်ဘက်ခြမ်းမှာ ရာစုနှစ်ပေါင်းများစွာ နေထိုင်နေခဲ့တယ်။ ပညာရှင် Francis Buchanan, M. D. ပြုစုပြီး ၁၇၉၉ ခုနှစ်မှာ ထုတ်ဝေတဲ့ သုတေသနစာတမ်းထဲမှာ "ရိုဟင်ဂျာ" ဆိုတဲ့ အခေါ်အဝေါ်ကို သုံးလုံးရေးသားထားတာကို တွေ့ရတယ်။ မြန်မာပြည်အနောက်ဘက်ခြမ်းမှာ ပြောဆိုအသုံးပြုတဲ့ဘာသာရပ်စကားတစ်မျိုးကတော့ "ရခိုင်ပြည်မှာ ကာလာကြာရှည်စွာ အခြေချနေထိုင်ခဲ့တဲ့ [မွတ်ဆလင်တွေ] အသုံးပြုပြောဆိုပြီး သူတို့က ကိုယ့်ကိုကိုယ် ရိုဟင်ဂျာ သို့မဟုတ် ရခိုင်ပြည်ဒေသခံများလို့ ခေါ်ကြတယ်" လို့ သူ့ရဲ့ရေးသားဖော်ပြချက်အရသိရတယ်။[5]

ရခိုင်ပြည်ဟာ အန္ဒိယမြောက်ပိုင်းရဲ့ တိုးချဲ့နယ်မြေတစ်ခုဖြစ်ခဲ့တယ်လို့ ရှေးခေတ်က ယူဆခဲ့တယ်။[6] ရခိုင်ဒေသကို ၁၀ ရာစုနှစ်မြောက်က တိဘက်-ဗမာလူမျိုးစုများဝင်ရောက်တိုက်ခိုက်ခြင်းမပြုလုပ်ခင် အန္ဒိယလူမျိုးများက အဓိကနေထိုင်ခဲ့တယ်လို့ တချို့သောပညာရှင်များက ဆိုပါတယ်။ "အသစ်ဝင်ရောက်လာသူတွေဟာ အရင်နေထိုင်နေသောဒေသခံများနှင့် ရောနှောနေထိုင်ခဲ့ပြီး ရခိုင်ဘုရင်ပြည်ကိုတည်ထောင်ခဲ့တယ်" လို့ရေးသား ဖော်ပြတယ်။[7] ၁၄၀၄ ခုနှစ်မှာ မြန်မာပြည် မြောက်ပိုင်း အင်းဝဘုရင်ပြည်က ရခိုင်ပြည်ကို ဝင်ရောက်တိုက်ခိုက်တော့ ရခိုင်ဘုရင်မင်း နရတ်မိတ္တရဟာ ဘင်္ဂလားဘက်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ၁၄၃၀ ခုနှစ်မှ ရခိုင်ပြည်ပြန်လာပြီး မြောက်ဦးမြို့တော်ကိုတည်ထောင်ခဲ့တယ်။ ဘင်္ဂလားမှာ ပြည်နှင်ဒဏ်ခံနေရတဲ့အချိန်မှာ ဂွားလို့ခေါ်တဲ့ ဘင်္ဂလီမြို့မှာ အစ္စလာမ်ဘာသာနှင့် ထိတွေ့နီးစပ်ပြီး ရခိုင်ပြည်ပြန်လာတဲ့အခါတော့ "ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာနှစ်ခုအံ့သြဖွယ်ရာ ပေါင်းစပ်ထားတဲ့ တရားရုံးတော်ကို ဖွဲ့စည်းတည်ထောင်ပြီး ပါရှားနှင့် အန္ဒိယနိုင်ငံများက ရိုးရာတွေကိုလည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ပေါင်းစပ်လိုက်တယ်။"[8] ၁၅ ရာစုနှစ် မြောက်မှာတော့ ရခိုင်မင်းတွေဟာ အစ္စလာမ် စာလုံးများဖြင့် ရေးသားထားတဲ့ ဒင်္ဂါးပြားများနှင့် ဘင်္ဂလားပြည်ကဒင်္ဂါးပြားများကို အတုယူပြုလုပ်အသုံးပြုခဲ့တယ်။ ၁၇ ရာစုနှစ်နှင့် ၁၈ ရာစုနှစ်များတွင် ပါရှားဘာသာစကားကိုလည်း အစိုးရများကြားဆက်ဆံရေးမှာ အသုံးပြုခဲ့တယ်။ ဘင်္ဂလားပြည် အရှေ့ဘက်ပိုင်းမှာ မူခါ-ရခိုင်စစ်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဘင်္ဂလီကျွန်တွေကို စိတ်ပျက်ဖွယ်ရာ တကက်တက်ကြွကြွ ရောင်းဝယ်ခဲ့ကြတယ်။

---

[5] Francis Buchanan, "A Comparative Vocabulary of Some of the Languages Spoken in the Burma Empire," Asiatic Researches 5 (1799), p. 234, www.soas.ac.uk/sbbr/editions/file64276.pdf (accessed July 26, 2012).

[6] Michael Charney, "Arakan, Min Yazagyi and the Portuguese: The Relationship Between the Growth of Arakanese Imperial Power and Portuguese Mercenaries on the Fringe of Southeast Asia," SOAS Bulletin of Burma Research, 3:2, 2005.

[7] Quoted in Bertil Lintner, Burma in Revolt: Opium and Insurgency Since 1948, (Chiang Mai: Silkwork, 1999), p. 65.

[8] Thant Myint-U, The River of Lost Footsteps: Histories of Burma (Farrar, Straus & Giroux: New York, 2006), p. 72

ဗြိတိသျှကိုလိုနီခေတ်မှာတော့ ရခိုင်ပြည်က လူမျိုးနှင့်ဘာသာခြားများကြား ဆက်ဆံရေးတွေ ပြောင်းလဲလာခဲ့တယ်။ ၁၈၂၄ ခုနှစ်ကနေ ၁၈၂၆ ခုနှစ်အထိ ဖြစ်ပွားခဲ့တဲ့ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ရခိုင်ပြည်နယ်ကို မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်အထိ ဗြိတိသျှကိုလိုနီလက်အောက်ခံအဖြစ် ထားရှိခဲ့တယ်။ ကိုလိုနီခေတ်မှာ ဗြိတိသျှတွေက ရခိုင်ပြည်နယ်မြို့တော်ကို မြောက်ဦးကနေ စစ်တွေမြို့ဘက်သို့ ပြောင်းရွှေ့လိုက်တဲ့အချိန်မှာ ရခိုင်ပြည်နှင့် ဘင်္ဂလားပြည်ကြားမှာ တိကျတဲ့နယ်စပ်ရယ်လို့မရှိခဲ့ပါ။ ဒီအကြောင်းကြောင့် စစ်တကောင်းမြို့ သို့မဟုတ် အရှေ့ဘင်္ဂလားနှင့် ရခိုင်ပြည်ကြား လူဦးရေကူးသန်းသွားလာမှု သိသိသာသာတိုးပွားလာခဲ့တယ်။[9] ဒီကာလအတွင်း ရခိုင်ပြည်နယ်မှာ မွတ်ဆလင်လူဦးရေ သိသာထင်ရှားစွာတိုးပွားလာတယ်။ ၁၈၇၁ ခုနှစ်မှာ ၅၈ ၀၀၀ ရှိရာကနေ ၁၉၁၁ မှာတော့ ၁၇၉ ၀၀၀ အထိဖြစ်လာတယ်လို့ ဗြိတိသျှကိုလိုနီခေတ်က စာရင်းအရသိရပါတယ်။[10] တချို့သောသူတွေက ဒီအချက်အလက်ကို အသုံးပြုပြီး "ရိုဟင်ဂျာလို့ခေါ်တဲ့" လူထုတွေဟာ တိုင်းရင်းသားလူနည်းစုတစ်ခုမဟုတ်၊ ရိုဟင်ဂျာဆိုတာ ခေတ်သစ်မှာ အသစ်ဖန်တီးထားတာဖြစ်တယ်၊ ဗြိတိသျှကိုလိုနီခေတ်က ဘင်္ဂလားဘက်ကနေ ပြောင်းရွှေ့လာတဲ့ လူတွေရဲ့ သားမြေးစဉ်ဆက်တွေဖြစ်တယ်လို့ ထောက်ပြပြောဆိုပါတယ်။[11] အဲဒီပြောဆိုချက်ကို မြန်မာပြည်မှာ ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပြီး အသုံးလည်းဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တည်ဆဲ မြန်မာနိုင်ငံသားဥပဒေက ဗြိတိသျှကိုလိုနီခေတ်မတိုင်ခင် ဘိုးဘေးဘီဘင်တွေဟာ မြန်မာပြည်မှာနေထိုင်ခဲ့တယ်ဆိုတဲ့သက်သေ မပြနိုင်သူတွေကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုပါဘူး။ ရိုဟင်ဂျာတွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘင်္ဂလီတွေ ရုပ်ပိုင်းအရ ကွာခြားမှုမရှိပေမယ့် မြန်မာပြည်က ရိုဟင်ဂျာတွေ ပြောဆိုတဲ့ ဒေသသုံးဘင်္ဂလီစကားသံတွေကတော့ သိသာစွာ ကွဲပြားနေပြီး မြန်မာလိုလည်းပြောဆိုတတ်ကြတယ်။[12]

မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်နောက်ပိုင်းမှာတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေခဲ့ပြီး နိုင်ငံရေးမတည်ငြိမ်မှုတွေနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေ ရင်ဆိုင်နေခဲ့ရတယ်။ ၁၉၆၂ ခုနှစ်မှာတော့ စစ်တပ်က အာဏာသိမ်းပိုက်ပြီး နှစ်ပေါင်း ၆၀ ကျော်ကြာအောင် စစ်အာဏာရှင်စနစ်ဖြင့်အုပ်ချုပ်ခဲ့တယ်။ စစ်အုပ်ချုပ်ရေးကာလတစ်လျှောက်ကနေ ယခု စစ်တပ်ကြီးစိုးတဲ့ ပါလီမန်အုပ်ချုပ်ရေးခေတ်ကာလအထိ စစ်တပ်ဟာ ရခိုင်ပြည်က ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာလူထုတွေအပေါ် သတ်ဖြတ်ခြင်း၊ အတင်းအကျပ်လုပ်အားပေးခိုင်းစေခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ နယ်မြေများကို သိမ်းယူခြင်းနှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်ခဲ့ပါတယ်။

ပြင်းထန်တဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေကြားကနေ ရခိုင်ပြည်သူတွေဟာ လူ့အခွင့်အရေးကာကွယ်တဲ့နေရာမှာရော၊ မြန်မာပြည်မှာ ဒီမိုကရေစီထွန်းကားရေး

---

[9] Jacques Leider, "Arakanese Studies: Challenges and Contested Issues," conference paper, "Arakan History Conference," Bangkok, Thailand, November 23-25, 2005, p.15-16.

[10] Aye Chan, "The Development of a Muslim Enclave in Arakan (Rakhine) State of Burma (Myanmar)," SOAS Bulletin of Burma Research, Vol. 3, No. 2, Autumn 2005, p. 401.

[11] အထက်ဖော်ပြပါ ကိုးကားချက်

[12] Human Rights Watch, Perilous Plight, p. 6.

ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာပါ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေခဲ့တယ်။ ဥပမာ အစိုးရက ဓာတ်ဆီဈေးနှုန်းကို အလွန်အမင်းမြှင့်တင့်မှုကို ဆန့်ကျင်တဲ့အနေနဲ့ ဗုဒ္ဓဘာသာဘုန်းကြီးတွေ ဦးဆောင်ပြီး ၂၀၀၇ ခုနှစ်မှာ တိုင်းပြည်အနှံ့ ပြည်သူတွေ ဆန္ဒပြကြတဲ့အချိန်မှာ ရခိုင်ပြည်သူတွေဟာ အဓိကကျတဲ့နေရာက တက်တက်ကြွကြွပါဝင်ခဲ့တယ်။ ဆန္ဒပြမှုအစောပိုင်းဖြစ်တဲ့ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ အစိုးရလုံခြုံရေးတပ်သားတွေ ရန်ကုန်ကဆန္ဒပြသူတွေကိုဖမ်းဆီးတော့ စစ်တွေမြို့မှာရှိတဲ့ ၂၀၀ ခန့်သော ဘုန်းကြီးတွေဟာ အဖမ်းခံရသူတွေကို ထောက်ခံတဲ့အနေနဲ့ လမ်းပေါ်ထွက်လာသဖြင့် ဆယ်စုနှစ် နှစ်ခုအတွင်း အကြီးကျယ်ဆုံးဆန္ဒပြမှု ဖြစ်စေခဲ့တယ်။ မကြာခင်မှာပဲ တိုင်းပြည်အနှံ့က သိန်းပေါင်းများစွာသော ပြည်သူတွေဟာ လမ်းပေါ်ထွက်လာပြီး ဆန္ဒပြမှုမှာ ပါဝင်ခဲ့ကြတယ်။ သံဃာတော်များရဲ့ ရိုးရာသင်္ကန်းအရောင်ကို ရည်ညွှန်းပြီး "ရွှေဝါရောင်တော်လှန်ရေး" လို့ခေါ်တဲ့ဆန္ဒပြမှုမှာ ပါဝင်တဲ့လူတွေကို စစ်အစိုးရက ရက်စက်ကြမ်းတမ်းစွာဖြိုခွင်းတဲ့အခါတော့ နိုင်ငံတကာအသိုင်းအဝိုင်းက အံ့အားသင့်ခဲ့ရတယ်။ အစိုးရက ဆန္ဒပြမှုအပေါ် ဖြိုခွင်းတော့ လူပေါင်းများစွာ သေကျေပျောက်ဆုံးခဲ့တဲ့အထဲမှာ ရခိုင်ပြည်နယ်က ဘုန်းကြီးနှင့်ဆန္ဒပြလှုပ်ရှားသူတွေ တော်တော်များများ ပါဝင်ခဲ့တယ်။[13]

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ရခိုင်ပြည်နယ်မှာ အသေးအဖွဲ့နှင့် တခါတလေတွင် တိုတောင်းတဲ့ အစိုးရဆန့်ကျင်ရေး လက်နက်ကိုင်တော်လှန်တိုက်ခိုက်မှုတွေ ရခိုင်နှင့် ရိုဟင်ဂျာအသိုင်းအဝိုင်းမှာ ရှိနေခဲ့ပေမယ့် နိုင်ငံရေးအရ ထင်ရှားမှုတော့ မရှိခဲ့ပါ။ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ရခိုင်လွတ်မြောက်ရေးပါတီဟာ ၂၀၁၂ ခုနှစ် ဧပြီလမှာ မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ထိုးခဲ့ပြီး ရခိုင်ပြည်နယ်က လူထုတွေရဲ့ ထောက်ခံမှုကို ရရှိနေဆဲဖြစ်တယ်။[14] ဒါပေမယ့် လက်နက်ကိုင် ရိုဟင်ဂျာအဖွဲ့အစည်းတွေကတော့ မွတ်ဆလင်လူထုတွေရဲ့ ထောက်ခံမှုအနည်းငယ်သာရရှိပြီး နိုင်ငံတကာအစွန်းရောက်အဖွဲ့အစည်းတွေဆီက အထောက်အပံ့ အနည်းအကျဉ်းရရှိခဲ့တယ်လို့ ဆိုပါတယ်။[15]

ရခိုင်နှင့်ရိုဟင်ဂျာလူထုနှစ်ရပ်လုံးက စစ်အုပ်ချုပ်မှုအောက်မှာ ဖိနှိပ်မှုတွေ ဆိုးဝါးစွာ ထိတွေ့ခံစားနေရပေမယ့် ရိုဟင်ဂျာတွေကတော့ မြန်မာနိုင်ငံသားဖြစ်ခွင့်မရှိတဲ့ ကန့်သတ်ချုပ်ချယ်မှုမျိုးကို တမူထူးခြားစွာ ရင်ဆိုင်နေရတယ်။ ဥပမာပြောရမယ်ဆိုရင် ၁၉၇၀ အလယ်ပိုင်းနှစ်များတွင် အရေးပေါ်လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေအရ မြန်မာနိုင်ငံသားအားလုံး နိုင်ငံသားမှတ်ပုံတင်စာရွက်စာတမ်းများ ရယူကိုင်ဆောင်ထားရမည်ဟုဆိုခဲ့ပေမယ့် ရိုဟင်ဂျာတွေကိုတော့

---

[13] Human Rights Watch, Crackdown: Repression of the 2007 Popular Protests in Burma, December 2007; Human Rights Documentation Unit, National Coalition Government of the Union of Burma, Bullets in the Alms Bowl: An Analysis of the Brutal SPDC Suppression of the 2007 Saffron Revolution, March 2008, p. 37.

[14] ရခိုင်လွတ်မြောက်ရေးပါတီ (ALP) ဟာ ဧပြီလ ၅ ရက်နေ့၊ ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ထိုးခဲ့သည်။ "Myanmar's peace process with ethnic rebel groups," April 6, 2012; Several Arakan interviewed by Human Rights Watch expressed support for the ALP. Human Rights Watch interview D.A., Sittwe, Arakan State, June 2012.

[15] Andrew Selth, "Burma and International Terrorism," Australian Quarterly, vol. 75, no. 6, Nov.-Dec. 2003, pp. 23-28.

စာသင်ကျောင်းများနှင့် အလုပ်ရှင်အများအပြားလက်မခံတဲ့ နိုင်ငံခြားသားမှတ်ပုံတင်ကဒ်ကိုသာ ထုတ်ပေးခဲ့တယ်။[16]

၁၉၇၇ ခုနှစ်တွင် အစိုးရက နဂါးမင်းလို့ခေါ်တဲ့ လူဝင်မှုကြီးကြပ်ရေးအစီအစဉ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ပြီး "နိုင်ငံအတွင်း နေထိုင်သူ လူတိုင်းကို စိစစ်ခြင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားများကို ဒီဥပဒေအရ ဖော်ထုတ်ခွဲခြားခြင်းနှင့် တရားမဝင် ဝင်ရောက်လာသူ နိုင်ငံခြားသားများကို ဥပဒေအရ အရေးယူခြင်းများလုပ်ဆောင်ခဲ့တယ်။"[17] အဲဒီအစီအစဉ်ဟာ တိုင်းပြည်တစ်ခုလုံးမှာ အကောင်အထည်ဖော်ခဲ့ပေမယ့် ရခိုင်ပြည်နယ်မှာတော့ ရိုဟင်ဂျာတွေကို စစ်တပ်၊ ဒေသခံရခိုင်ပြည်သူများနှင့် အာဏာပိုင်များက ကျယ်ပြန့်တဲ့ လူ့အခွင့်အရေးတွေ ချိုးဖောက်ခဲ့တယ်။[18] သတ်ဖြတ်ခြင်း၊ အစုလိုက် ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားနိုင်ကျင့်မှုများဖြစ်ပွားစေခဲ့ပြီး ရိုဟင်ဂျာ နှစ်သိန်းကျော်လောက် ဘင်္ဂလားဒေ့ချ်နိုင်ငံဘက်ကို ထွက်ပြေးခဲ့ရတယ်။[19] အဲဒီအချိန်မှာ မြန်မာအစိုးရက "၁၉၄၅၇ ဦးသော ဘင်္ဂလီလူမျိုးတွေဟာ တရားဝင်မှတ်ပုံတင်စာရွက်စာတမ်းများမရှိသဖြင့် စစ်ဆေးမှုကနေ ထွက်ပြေးရှောင်တိမ်းခဲ့တယ်" လို့ ရိုဟင်ဂျာတွေကို ဘင်္ဂလီတွေလို့ ရည်ညွှန်းပြောဆိုခဲ့ပြီး ဒုက္ခသည်အရေအတွက်ကို လျှော့တွက်ခဲ့တယ်။[20] ဘင်္ဂလားဒေ့ချ်နိုင်ငံမှာတော့ အာဏာပိုင်တွေဟာ ဒုက္ခသည်တွေကို မြန်မာပြည်ဘက်သို့ ပြန်တွန်းပို့တဲ့အနေနဲ့ စားနပ်ရိက္ခာထောက်ပံ့ဖို့ ငြင်းဆန်ခဲ့ပြီး ၁၂ ၀၀၀ ကျော်ဟာ အစာငတ်ပြတ်ပြီး သေဆုံးခဲ့ရတယ်။[21] အသက်ရှင် ကျန်ရစ်သူတွေကတော့ မြန်မာပြည်ဘက်သို့ အတင်းအဓမ္မအပို့ခံခဲ့ရပြီး အဓိကအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အခြေချနေထိုင်ခဲ့ကြတယ်။[22]

ရိုဟင်ဂျာတွေကို မြန်မာပြည်ဘက်သို့ အတင်းအကျပ် ပြန်လည်တွန်းပို့လိုက်တဲ့ ဘင်္ဂလားဒေ့ချ်နိုင်ငံကို တုန့်ပြန်တဲ့အနေနဲ့ မြန်မာအစိုးရဟာ ၁၉၈၃ ခုနှစ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာ လူဦးရေစစ်တမ်း

---

16 Human Rights Watch, Burma: Rohingya Muslims: Ending a Cycle of Exodus?, September 1996, p. 29, http://www.unhcr.org/refworld/docid/3ae6a84a2.html (accessed July 12, 2012).

17 Statement by the Ministry for Home and Religious Affairs, November 16, 1977, quoted in Human Rights Watch, Burma: Rohingya Muslims: Ending a Cycle of Exodus?, p. 12.

18 Human Rights Watch, Burma: Rohingya Muslims: Ending a Cycle of Exodus?, p. 12.

19 Human Rights Watch, Perilous Plight: Burma's Rohingya Take to the Seas, May 2009, p. 6, http://www.hrw.org/reports/2009/05/26/perilous-plight-0 (accessed July 12, 2012); Human Rights Watch, Malaysia/Burma: Living in Limbo: Burmese Rohingyas in Malaysia, August 2000, http://www.hrw.org/legacy/reports/2000/malaysia/index.htm#TopOfPage (accessed July 12, 2012); Human Rights Watch, Burma: Rohingya Muslims: Ending a Cycle of Exodus?.

20 Quoted in Bertil Lintner, Burma in Revolt: Opium and Insurgency Since 1948, p. 317.

21 Alan Lindquist (head of UNHCR sub-office in Cox's Bazaar in 1978), "Report on the 1978-1979 Bangladesh Refugee Relief Operation," June 1979. Lindquist states on p. 9: "None of the U.N. agency heads raised any objection to using food as a political weapon." See also Human Rights Watch, Burma: Rohingya Muslims: Ending a Cycle of Exodus?, p.3.

22 Carl Grundy-Warrand and Elaine Wong,"Sanctuary Under a Plastic Sheet: The Unresolved Problem of Rohingya Refugees," IBRU Boundary and Security Bulletin, vol.5, no.3, Autumn 1997, pp.79-91; Human Rights Watch, Perilous Plight: Burma's Rohingya Take to the Seas, May 2009, p. 6.

ကောက်ယူခဲ့ပြီး ရိုဟင်ဂျာတွေကိုတော့ ချန်ထားခဲ့ပြီး မြန်မာနိုင်ငံရဲ့ ၁၉၈၂ နိုင်ငံသားဥပဒေအရ တရားဝင် ဒီလိုခွဲခြားပထုတ်ခဲ့တယ်။

၁၉၉၁ ခုနှစ်မှာ မြန်မာစစ်တပ်က ရိုဟင်ဂျာတွေကို ထပ်ပြီးမောင်းထုတ်တဲ့အခါမှာ နှစ်သိန်းကျော်လောက် ရှိသော လူအုပ်ကြီးက ရခိုင်ပြည်နယ်ကနေ ဘင်္ဂလားဒေ့ချ်နိုင်ငံရဲ့ Teknaf နှင့် Cox's Bazaar ဒေသဘက်ကို ထွက်ပြေးတိမ်းရှောင်ခဲ့တယ်။ စစ်တပ်က ၎င်းသွားရာလမ်းတစ်လျှောက်တွင် မြေလှန် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သဖြင့် ရာပေါင်းများစွာသောလူတွေ အသတ်ခံခဲ့ရပြီး ဒုက္ခသည်တွေ ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။ ဘင်္ဂလားဒေ့ချ်နိုင်ငံကလည်းထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို အရင်အတိုင်း ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပြီး ယုတ်နိမ့်တဲ့ ဒုက္ခသည်စခန်းတွေမှာ အခြေချ နေထိုင်စေခဲ့တယ်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ရဲ့ စာရင်းအရ ဘင်္ဂလားဒေ့ချ်နိုင်ငံဟာ ၁၉၉၂ ခုနှစ် စက်တင်ဘာလနှင့် ၁၉၉၃ ခုနှစ် နှစ်ကုန်ပိုင်းကာလအတွင်း ၅၀ ၀၀၀ လောက်ရှိတဲ့ ရိုဟင်ဂျာတွေကို မြန်မာပြည်ဘက်သို့ အတင်းအဓမ္မ ပြန်လည် ပို့ဆောင်ခဲ့တယ်။ ထိုအချိန်ကာလတွင် မြန်မာပြည်မှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မရောက်ရှိခဲ့သေးသလို မြန်မာအစိုးရနှင့်လည်း ဒုက္ခသည်များကို ကူညီဖို့ သဘောတူညီမှုတွေ မရှိခဲ့ပါ။[23] ဘင်္ဂလားဒေ့ချ်နိုင်ငံက ဒုက္ခသည်စခန်းတွေထဲမှာ ဖြစ်ပွားနေတဲ့ ရိုက်နှက်ခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ကူညီဖို့ ငြင်းဆိုခြင်းစတဲ့ စခန်းအာဏာပိုင်တွေရဲ့ အနိုင်ကျင့်မှုတွေကြောင့် မြန်မာပြည်သို့ ဒုက္ခသည်တွေ ပြန်လည်ဝင်ရောက်လာရတာဖြစ်တယ်။ ဒီလိုလုပ်ရပ်တွေဟာ ၁၉၇၈ ခုနှစ်တုန်းက ဘင်္ဂလာဒေ့ချ်နိုင်ငံက လုပ်ဆောင်ခဲ့တဲ့လုပ်ရပ်နှင့် ထပ်တူနေတယ်။[24] သို့ပေမဲ့ မြန်မာပြည်ဘက် ပြန်လည်ဝင်ရောက်လာတဲ့ ၅၀ ၀၀၀ လောက်ရှိတဲ့ ဒုက္ခသည်တွေထဲက အများစုဟာ မိမိသဘောဖြင့် ပြန်လာတာမဟုတ်ပါ။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးကလည်း မြန်မာပြည်ဘက် ပြန်လည်ဝင်ရောက်သွားတဲ့ ဒုက္ခသည်တွေရဲ့အခြေအနေကို သိရှိဖို့ စုံစမ်းမှု မပြုလုပ်နိုင်ခဲ့ပါ။[25]

၁၉၉၄ ခုနှစ်မှ စတင်ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးမှ ရခိုင်ဒေသမှာ ကွင်းဆင်းလုပ်ငန်းအဖွဲ့ကလေး စတင်ထားရှိခဲ့ပါတယ်။ ထိုအချိန်ကာလအတွင်းမှာဘဲ နောက်ထပ် ရိုဟင်ဂျာလူမျိုး အမြောက်အများကို ဘင်္ဂလာဒေ့ချ်အာဏာပိုင်များက မြန်မာနိုင်ငံဘက်သို့ အတင်းအဓမ္မ ပြန်လည်ပို့ဆောင်ခဲ့ပါတယ်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးမှာလည်း ရခိုင်ပြည်နယ်၏ အခြေအနေမှာ ဒုက္ခသည်များ ပြန်လည်အခြေချ နေထိုင်နိုင်သည့် အခြေအနေနှင့် ကိုက်ညီမှုရှိသည်ဟု ယူဆခဲ့သည့်အတွက် ဒုက္ခသည်များ မြန်မာပြည်သို့ အစုလိုက်အပြုံလိုက် ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို အထူးအားပေးဆောင်ရွက်ခဲ့ပါတယ်။ သို့ပေမယ့် နောက်ပိုင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ကောက်ယူထားသောမှတ်တမ်းများအရ ဒုက္ခသည်များဟာ ၎င်းတို့၏

[23] Human Rights Watch, The Rohingya Muslims: Ending a Cycle of Exodus?, vol.8, no.8, September 1996.

[24] အထက်ဖော်ပြပါ ကိုးကားချက်

[25] အထက်ဖော်ပြပါ ကိုးကားချက်

သဘောဆန္ဒအရ မြန်မာပြည်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ခြင်းမဟုတ်ကြောင်းသိရှိခဲ့ရပါတယ်။[26] ဘင်္ဂလားဒေ့ချ်အာဏာပိုင်များ နှင့် ရိုဟင်ဂျာဒုက္ခသည်များ ကိုပြန်လည်လက်ခံခဲ့သည့် မြန်မာစစ်တပ်တို့မှ အတင်းအဓမ္မ အကြမ်းဖက်ဆောင်ရွက်ခြင်း၊ သတ်ဖြတ်မှုများကျူးလွန်ခြင်းများ ရှိခဲ့ပါတယ်။[27] ၁၉၉၅ ခုနှစ်တွင် မြန်မာပြည်ကို ပြန်လည်ဝင်ရောက်လာသော ဒုက္ခသည် အချို့ကို ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွင်းသာ သွားလာ လှုပ်ရှားနိုင်ပြီး ထိုဒေသအတွင်းတွင်သာ အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ယာယီမှတ်ပုံတင်ကတ် (Temporary Registration Cards) များ ပေးအပ်ခဲ့ပါတယ်။

ထိုအချိန်မှစတင်ပြီး ရခိုင်ပြည်နယ်အတွင်း ပိုင်ဆိုင်မှုမဲ့နေတဲ့ နိုင်ငံမဲ့ ရိုဟင်ဂျာလူမျိုးတို့ဟာ စစ်တပ်၊ ရဲ၊ လူဝင်မှုကြီးကြပ်ရေး၊ အကောက်အခွန်အရာရှိများနှင့် ပေါင်းစပ်ဖွဲ့စည်းထားတဲ့ နယ်ခြားစောင့်တပ် (နစက) တို့ရဲ့ ရက်စက်ကြမ်းကြုပ်လှတဲ့ ဖိနှိပ်မှုအောက်မှာနေထိုင်လာခဲ့ရပြီး နိုင်ငံတကာအေဂျင်စီ နဲ့ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် မှ ပေးအပ်လာသော အကူအညီဖြင့်သာ ဆက်လက်အသက်ရှင် နေထိုင်နေခဲ့ရပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း မွတ်ဆလင်အများစုနေထိုင်သော မြို့များတွင် နစကမှ ဥပဒေကြီးကြပ်ရေး၊ အကောက်ခွန်အရာရှိများ၊ စစ်တပ် နှင့် အုပ်ချုပ်ရေးအာဏာပိုင်များ ထားရှိခြင်းဟာ မြန်မာပြည်မှာအတိုင်းအတာအရ ထူးခြားနေသော အနေအထားတခုဖြစ်ပါတယ်။ နစက မှ ရိုဟင်ဂျာလူမျိုးများကို မကြာခန အတင်းအဓမ္မ အလုပ်စေခိုင်းခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ လွန်ခဲ့သော တစ်နှစ်တာကာလအတွင်းတွင် ရိုဟင်ဂျာ ဦးရေ စုစုပေါင်း ၂၀၀၀၀ မှ ၂၅၀၀၀ ခန့်ကို လိုင်စင်မရှိဘဲ အိမ်များ လိုက်လံပြုပြင်နေခြင်းဆိုသော အပြစ်ကျူးလွန်မှုများအတွက် အကြောင်းမဲ့ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဖမ်းဆီးထိန်းသိမ်းခံရတဲ့ ရိုဟင်ဂျာများမှာ ညှဉ်းပန်းနှိပ်စက်မှုများ၊ ရိုက်နက်မှုများကို မကြာခန ခံရလေ့ရှိ ပြီး ထိုကဲ့သို့သော ညှဉ်းပန်းနှိပ်စက်မှုများ မခံရအောင် ပွဲစားများမှတဆင့် နစက အရာရှိများကို ငွေပေးပြီး လဒ်ထိုးခြင်းများ ပြုလုပ်ရပါတယ်။[28]

နှစ်စဉ်နှစ်တိုင်း ထောင်နှင့်ချီသော နိုင်ငံမဲ့ ရိုဟင်ဂျာလူမျိုးများဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မိမိတို့ခံစားနေရသော ဖိနှိပ်မှုအမျိုးမျိုးမှ လွတ်မြောက်လာရေးအတွက် မြန်မာပြည်ကုန်းတွင်းပိုင်းမှတဆင့် ခရီးသွားလာခွင့်မရခြင်းကြောင့် အသက်အန္တရာယ်ကြီးလှသော ပင်လယ်ရေကြောင်းခရီးမှတဆင့် အသက်စွန့်ပြီး ထိုင်း၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ချ်နိုင်ငံများသို့ ထွက်ခွါလာကြပါတယ်။ ဒီခရီးများမှ လူကုန်ကူးသူများ၏ ခေါင်းပုံဖြတ်မှုနှင့် အကြမ်းဖက်မှု၊ ပင်လယ်ပြင်ထဲသို့ ပြန်လည်မောင်းထုတ်ခံရမှု၊ အကန့်သတ်မရှိ ရက်ရှည် ပြည်ပနိုင်ငံတွင်းမှာ ဖမ်းဆီးခံထားရမှုများကို ခံလာရပါတယ်။[29] သောင်းနဲ့ချီသော ရိုဟင်ဂျာလူမျိုးများမှာ မလေးရှားနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံ နှင့် ထိုင်းနိုင်ငံတို့တွင် တရားမဝင် အလုပ်သမားတွေအဖြစ် လုပ်ကိုင်နေကြသလို အခြားသောနိုင်ငံများတွင် ခိုလှုံခွင့်လျှောက်ထားသူများလည်း ရှိပါတယ်။

---

[26] အထက်ဖော်ပြပါ ကိုးကားချက်

[27] Human Rights Watch, The Rohingya Muslims: Ending a Cycle of Exodus?, vol.8, no.8, September 1996; U.S. Committee for Refuges, "The Return of the Rohingya Refugees to Burma: Voluntary Repatriation or Refoulement?" Washington, DC, 1995.

[28] Human Rights Watch interview #15, Yangon, Burma, June 2012.

[29] See Human Rights watch, perilous Plight: Burma Rohingya Take to the Seas, May 2009.

ထောင်နှင့်ချီသော ရခိုင်လူမျိုးများလည်း မြန်မာပြည်အတွင်းရှိ ဆင်းရဲမွဲတေမှုများနှင့် အာဏာအလွဲသုံးစားမှု ဒဏ်မှ လွတ်မြောက်ရန်အတွက် နိုင်ငံရပ်ခြားများတွင် တရားမဝင်အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်နေသူများ ရှိသကဲ့သို့ အိန္ဒိယ၊ မလေးရှား၊ ထိုင်းနိုင်ငံ နှင့် အခြားသောနိုင်ငံများတွင် ခိုလှုံခွင့် တောင်းခံသူများလည်း ရှိပါတယ်။ သို့သော်လည်း ရခိုင်လူမျိုးများမှာ မြန်မာပြည်တွင် လွတ်လပ်စွာ သွားလာနိုင်သည့် အတွက် နိုင်ငံခြားသို့ ထွက်ခွာသည့်အချိန်တွင်  ရိုဟင်ဂျာလူမျိုးများကဲ့သို့ ရေကြောင်းခရီးနှင့် သွားလာခြင်းမျိုး သိပ်မရှိပါ။

# (၂) ရခိုင်ပြည်တွင် ဇွန်လ ၂၀၁၂ က စတင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဂိုဏ်းဂဏဆိုင်ရာ ကြမ်းဖက်မှုများမှာ အဓိကအနေနဲ့ ၂၀၁၂ ခုနှစ် ဇွန်လ ၈ မှ ၁၂ ရက်နေ့များတွင် ဖြစ်ပွားခဲ့သော ရိုဟင်ဂျာလူအုပ်စုနှင့် ရခိုင်လူအုပ်စုတို့အကြား အပြန်အလှန် နေအိမ်များ၊ ဈေးဆိုင်များ နှင့် ဘုရားဝတ်ပြုသည့် နေရာများကို တိုက်ခိုက်ခြင်းများ ပြုရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ ရခိုင်လူအုပ်စု နှင့် ရိုဟင်ဂျာ လူအုပ်စုများက ရပ်ကွက်အတွင်းရှိ နေအိမ်များ နှင့် အဆောက်အဦးများကို မီးရှို့ဖျက်ဆီးခြင်း၊ လုယက်မှုများကျူးလွန်ခြင်း၊ တွေ့သမျှလူများကို တုတ်၊ ဓား၊ ဝါးချွန် အစရှိသော လက်နက်များဖြင့် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရပါတယ်။ လူမျိုးစု နှစ်ဖက်စလုံးမှ အကြမ်းဖက်မှုများ၊ သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြောင်းကို ရပ်ကွက်အတွင်းနေထိုင်သည့် ရခိုင်လူမျိုး နှင့် ရိုဟင်ဂျာလူမျိုးများက ဝန်ခံပြောဆိုခဲ့ပါတယ်။

လုံခြုံရေးတပ်များက ၄င်းတို့ကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်မှုရှိသော အကြမ်းဖက်နည်းလမ်းများဖြင့် ဖြို့ခွင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သလို လက်နက်များ ကိုင်ဆောင်ထားသော ရခိုင်လူမျိုးများနှင့်အတူ ပူးပေါင်းပြီး တိုက်ခိုက်မှုများလည်းရှိခဲ့ပါတယ်။ ယခုကဲ့သို့ ရိုဟင်ဂျာလူမျိုးများကို ညှဉ်းပန်းဖိနှိပ်မှု နှင့် အခွင့်အရေးချိုးဖောက်မှုများမှာ အဓိကအနေနဲ့ ဇွန်လ ၁၀ ရက်နေ့ကတည်းက စတင်ပြီး စစ်တွေမြို့နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွေမှာ ဖြစ်ပွားခဲ့ပါတယ်။ ဒီအကြောင်းကို အောက်မှာ အသေးစိတ် ဖော်ပြထားပါတယ်။

ယခုလို လူအုပ်စုအချင်းချင်းအကြား အကြမ်းဖက်မှုပြဿနာများ ဖြစ်ပွားရသည့် အကြောင်းအရင်းမှာ မေလ ၂၈ ရက်နေ့ ရမ်းဗြဲမြို့တွင် ဗုဒ္ဓဘာသာဝင် ရခိုင်အမျိုးသမီးတစ်ဦးဖြစ်တဲ့ မသီတာထွေးကို မွတ်ဆလင်ဘာသာဝင်ဟု ဆိုသော အမျိုးသားသုံးဦးမှ မုဒိမ်းကျင့်ခဲ့သတ်ဖြတ်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုရာဇဝတ်ပြစ်မှုရဲ့ အသေးစိတ်ကို လူထုဆူပူအုံကြွလာစေတဲ့ လက်ကမ်းစာစောင်တစ်ခုပေါ်မှာ ဖော်ပြပြီး ဒေသခံတွေကြားထဲမှာ ဖြန့်ချိခဲ့တဲ့နောက် ဇွန်လ ၃ ရက်နေ့တွင် ရမ်းဗြဲမြို့အရှေ့တောင်ပိုင်း တောင်ကုတ်မြို့တွင်နေထိုင်သော ရခိုင်လူအုပ်ကြီးက  မွတ်ဆလင် ဘာသာဝင်များကို တင်ဆောင်လာသော ဘတ်စကားတစ်စီးကို ရပ်တန့်ပြီး မွတ်ဆလင် ဘာသာဝင် ခရီးသည်ဆယ်ဦးကို သတ်ဖြတ်ခဲ့ပါတယ်။ အခုလို မွတ်ဆလင်ခရီးသည်များကို တင်ဆောင်လာသော ဘတ်စကား ကို ရခိုင်လူအုပ်ကြီးက တိုက်ခိုက်နေချိန်တွင် မသီတာထွေးကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သည့်အမှုဖြင့် သံသယရှိထားတဲ့ မွတ်ဆလင်ဘာသာဝင်သုံးဦးမှာ  ကျောက်ဖြူ အကျဉ်းစခန်းတွင် အာဏာပိုင်များ ဖမ်းဆီးထိန်းသိမ်းခြင်း ခံနေရ ပါတယ်။ တရားခံမွတ်ဆလင်ဘာသာဝင် သုံးဦးမှာ ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိခဲ့ပါတယ်။ ပြစ်မှုကျူးလွန်သူ သုံးဦးထဲမှ တစ်ဦးမှာ မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့ပြီး ကျန်နှစ်ဦးမှာ ဇွန်လ ၁၈ ရက်နေ့တွင် သေဒဏ်ချမှတ်ခြင်း ခံခဲ့ရပါတယ်။ မွတ်ဆလင်ခရီးသည် ဆယ်ဦးကို ရခိုင်လူအုပ်စုမှ သတ်ဖြတ်ခဲ့သည့် အမှုကိုတော့ မျက်မြင် သက်သေများ ရှိသော်လည်း ပြစ်မှုစီရင်ခြင်း မရှိသေးပါ။

ဇွန်လ ၈ ရက်နေ့တွင် ထောင်နှင့်ချီသော ရိုဟင်ဂျာလူမျိုးများက
ရခိုင်ပြည်နယ်မြောက်ပိုင်းမောင်တောမြို့တွင် သောကြာနေ့ဘုရားရှိခိုးအပြီး ဆူပူမှုများပြုလုပ်ခဲ့ရာ
အရေအတွက်မသိရှိရသေးတဲ့ ရခိုင်များ အသတ်ခံခဲ့ရသကဲ့သို့ ရခိုင်ပြည်သူများ၏ အိုးအိမ်
ပစ္စည်းများလည်း တော်တော်များများ အဖျက်ဆီးခံခဲ့ရပါတယ်။ ထိုမှတဆင့် ရိုဟင်ဂျာလူအုပ်စုနှင့်
ရခိုင်လူအုပ်တို့အကြား အပြန်အလှန်တိုက်ခိုက်မှုများအကြမ်းဖက်မှုများမှာ စစ်တွေမြို့ သို့ လျင်မြန်စွာ
ကူးစက်ပျံ့နှံ့ သွားပါတယ်။ အဖြစ်အပျက်အတော်များများမှာ တစ်ဘက်စီမှ အုပ်စုများက
အခြားတစ်ဘက်မှ ရွာသားများအား မမျှော်လင့်ဘဲ ရုတ်တရက် တိုက်ခိုက်ကြပါတယ်။

ဇွန်လ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်မှ ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နယ်၊
မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ် နှင့် ရသေ့တောင်မြို့နယ်တို့တွင် အရေးပေါ်ကြေငြာချက်
ထုတ်ပြန်ကြေညာပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လူအုပ်စုအချင်းချင်းကြားအကြမ်းဖက်မှုများကို
ဝင်ရောက်ကိုင်တွယ်ရန် အတွက် မြန်မာစစ်တပ်အား အခွင့်အာဏာပေးအပ်လိုက်ပါတယ်။ ရခိုင်ပြည်နယ်
မြောက်ပိုင်း နှင့် စစ်တွေမြို့တွင် အကြမ်းဖက်ဆူပူအုံကြွမှုကို ရက်အနည်းငယ်အတွင်း ထိန်းသိမ်း
ရပ်တန့်နိုင်ခဲ့သော်လည်း လုံခြုံရေးတပ်များက ဆူပူမှုအုံကြွမှုတွင် ပါဝင်နေသူများကို ဖယ်ရှားရာတွင်
အကြောင်းမဲ့ဖမ်းဆီးခြင်းများ၊ အတင်းအဓမ္မအင်အားသုံး ဆောင်ရွက်မှုများ အစရှိသည့်
အာဏာအလွဲသုံးစားမှုများ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်လာပါတယ်။ အထူးသဖြင့်
ရိုဟင်ဂျာ ကျေးရွာများက ထိုကဲ့သို့သော အခွင့်အရေး ချိုးဖောက်မှုများကို ကို ပိုမိုခံခဲ့ရပါတယ်။
ရိုဟင်ဂျာလူမျိုး နှင့် ရခိုင်လူမျိုး  စုစုပေါင်း ၁၀၀၀၀၀ ကျော်ခန့်က မိမိတို့၏ နေအိမ်ကိုစွန့်ခွာခဲ့ကြရပြီး
သီးခြားစီဆောက်လုပ်ပေးထားသော ယာယီ နေရာထိုင်ခင်းများတွင် ပြောင်းရွှေ့နေထိုင်နေကြရပါတယ်။
ပြည်တွင်း နှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး အဖွဲ့များဟာ အရေးပေါ်လိုအပ်နေတဲ့
အကူအညီများကို ပေးအပ်နိုင်ရေးအတွက် အလူးအလဲဆောင်ရွက်နေကြရပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ လူအုပ်စုအကြား အကြမ်းဖက်မှုပြဿနာများ နှင့် အစိုးရမှ
ဆူပူအုံကြွမှုများကို အကြမ်းဖက်နည်းဖြင့် ဖယ်ရှားမှုကြောင့် သေဆုံးသူ ဦးရေနှင့် ထိခိုက်ဒဏ်ရာရသူဦးရေ
အတိအကျကို ယခုချိန်ထိမသိရှိရသေးပါ။ အစိုးရ ထုတ်ပြန်ခဲ့သော သေဆုံးသူစာရင်းအရ
ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လူအုပ်စုများအကြားအကြမ်းဖက်မှုပြဿနာကြောင့် လူဦးရေပေါင်း
၇၈ ဦးသေဆုံးခဲ့တယ်လို့ ဆိုပါတယ်။[30] လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ စုံစမ်းချက်အရ
အစိုးရထုတ်ပြန်ထားသော စာရင်းမှာ အမှန်တကယ်သေဆုံးဒဏ်ရာရခဲ့သူအရေအတွက်ထက် အလွန်
နည်းပါးနေကြောင်းတွေ့ရပါတယ်။[31]

---

[30] See, for example, "78 dead in sectarian violence: gov't figures," Mizzima, June 27, 2012, http://www.mizzima.com/news/inside-burma/7400-78-burmese-dead-in-sectarian-violance-govt-figures.html (accessed July 31, 2012)

[31] Human Rights Watch interviews Z.E., Z.F., A.A., and D.F. alone refer to 90 killings

ဆူပူအကြမ်းဖက်မှုများ တလခန့်ပြည့်သွားပြီးနောက် ဇူလိုင်လ ၁၂ ရက်နေ့တွင်မှ သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လူအုပ်စုအကြားပဋိပက္ခများကို ဖြေရှင်းပေးရန် "တခုတည်းသောနည်းလမ်းမှာ" ရိုဟင်ဂျာများကို တတိယနိုင်ငံ သို့မဟုတ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးမှ ကြီးကြပ်ကွပ်ကဲသော ဒုက္ခသည်စခန်းများသို့ ပို့ဆောင်ရန်ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။[32] ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးမှ ထိုအဆိုပြုချက်ကို ချက်ချင်း ငြင်းဆန်ခဲ့ပါတယ်။[33]

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မီရှင်ဥက္ကဌ ရခိုင်အမျိုးသားတစ်ဦးဖြစ်တဲ့ဦးဝင်းမြ ဦးဆောင်တဲ့ သုံးဦးပါ အဖွဲ့မှ အခြေအနေကို လေ့လာသုံးသပ်ရန် ရခိုင်ပြည်နယ်သို့ ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၁ရက်နေ့အထိ သွားရောက်ခဲ့ပါတယ်။ ကော်မီရှင်၏ လေ့လာတွေ့ရှိချက်တွေကို နိုင်ငံတော်ပိုင် မီဒီယာများမှတဆင့် ဇူလိုင်လ ၁၁ ရက်နေ့မှာ ကြေငြာချက်တစ်စောင်ထုတ်ပြန်ခဲ့ပါတယ်။ ထိုထုတ်ပြန်ကြေငြာချက်မှာ အစိုးရအာဏာပိုင်များ ကျူးလွန်ထားသော အာဏာအလွဲသုံးစားမှုများကိုမှု ဖော်ပြထားခြင်းမရှိဘဲ၊ ဒေသတွင်းအရေးပေါ်လိုအပ်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ အလုံအလောက် ရရှိနေကြောင်း ကိုသာ ထည့်သွင်းရေးသားထားပါတယ်။ ထို့အပြင် ရိုဟင်ဂျာလူမျိုးများ  ဖိနှိပ်ခံနေရမှုနှင့် နိုင်ငံသားဖြစ်ရေးပြဿနာကိုလည်း ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရပါတယ်။[34]

---

32 "Myanmar moots camps, deportation as Rohingya 'solution'" Agence France Presse, July 12, 2012, http://www.rnw.nl/english/bulletin/myanmar-moots-camps-deportation-rohingya-soluti-o (accessed July 13, 2012)

33 "UN Refugee Chief Rejects Call to Resettle Rohingya," Associated Press, July 12, 2012, http://abcnews.go.com/international/wireStory/refugee-chief-rejects-call-resettle-rohingya-16762724#.T_-RvHBVekl (accessed July 13, 2012)

34 The Myanmar National Human Rights Commission, "Statement No. (4/2012) of Myanmar National Human Rights Commission concerning incidents in rakhine State in June 2012," The New Light of Myanmar, July 11, 2012.

# (၃) အစိုးရလုံခြုံရေးတပ်သားများရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများ

**ဂိုဏ်းဂဏဆိုင်ရာ ကြမ်းဖက်မှုကြောင့် ဒုက္ခရောက်သူများကို ကာကွယ်ရန် အစိုးရက ပျက်ကွက်ခဲ့**

ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် စစ်တွေမြို့တွင် ဖြစ်ပွားခဲ့သော ဂိုဏ်းဂဏာဆိုင်ရာအကြမ်းဖက်မှု ပြဿနာ၏ အဆိုးဝါးဆုံးအချိန်ဖြစ်သည့် ဇွန်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့များတွင် ရိုဟင်ဂျာလူအုပ်ကြီး နှင့် ရခိုင်လူမှုအသိုင်းအဝိုင်းများမှ ကြောက်လန့်စရာကောင်းတဲ့ အကြမ်းဖက်မှုများနှင့် အိုးအိမ်ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ခေါင်းဖြတ်သတ်ခြင်း၊ ဓား ဖြင့်ထိုးသတ်ခြင်း၊ သေနတ်ဖြင့်ပစ်သတ်ကြခြင်း၊ ရိုက်နှက်ကြခြင်း၊ နေရာတကာ မီးရှို့ဖျက်စီးခြင်းများကို ကျူးလွန်ခဲ့ကြကြောင်း ကြားသိခဲ့ရပါတယ်။ ရခိုင်နှင့် ရိုဟင်ဂျာလူမျိုးစု နှစ်ဖက်စလုံးမှ မျက်မြင်သက်သေများက အခြေအနေဆိုးဝါးတာ သိသာနေသော်လည်း  အာဏာပိုင်များက ၄င်းတို့ကို လုံလောက်သည့်ကာကွယ်မှုများ မပေးအပ်ခဲ့ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ကို ပြောပြခဲ့ကြပါတယ်။[35] အစိုးရမှ အချိန်မီ သင့်သလို ဝင်ရောက်ထိန်းသိမ်း ဟန့်တားမှုများ မပြုလုပ်ခဲ့သဖြင့် အကြမ်းဖက်မှုများမှာ အရှိန်ပိုမိုမြင့်လာပြီး တရားဥပဒေစိုးမိုးမှုမရှိသည့် အခြေအနေတွင် လူအုပ်စုနှစ်ဘက်စလုံးမှ သေချာညှိနှိုင်းထားတဲ့တိုက်ခိုက်ရေး အစီစဉ်များရေးဆွဲပြီး အပြန်အလှန် တိုက်ခိုက်မှုများ ပြုလုပ်လာတဲ့အထိ ဖြစ်လာပါတယ်။ စတင် ဖြစ်ပွားစေခဲ့တဲ့ ဇွန်လ ၃ ရက်နေ့ တောင်ကုတ်မြို့တွင် မွတ်ဆလင်ဘာသာဝင် ခရီးသည်များကို ရခိုင်လူအုပ်စုမှ တိုက်ခိုက် သတ်ဖြတ် နေမှုကို လုံခြုံရေးတပ်များ နှင့် လုံခြုံရေးရဲများ ကိုယ်တိုင် မြင်တွေ့နေသော်လည်း ဝင်ရောက် ဟန့်တားခြင်းပြုလုပ်ရန် ပျက်ကွက်ခဲ့ပါတယ်။[36] အာဏာပိုင်များက အသတ်ခံလိုက်ရသော တရားခံများ၏ အလောင်းများ သိမ်းဆည်းခြင်းကိုသာ ပြုလုပ်ခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးမှ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့သို ပြောကြားခဲ့ပါတယ်။[37]

ပဋိပက္ခစတင်ဖြစ်ပွားခဲ့သည့် အစောပိုင်းကာလများတွင် လုံခြုံရေးတပ်မှ ရခိုင်၊ ရိုဟင်ဂျာ နှင့် ရိုဟင်ဂျာ မဟုတ်သော မွတ်ဆလင်ဘာသာဝင်များကို အကာအကွယ်ပေးရန် ပျက်ကွက်နေကြောင်း သတင်းအစီရင်ခံ

---

[35] ဇွန်လ ၁ဂရက်နေ့ တောင်ကုတ်တွင်ဖြစ်ပွားခဲ့သော မူဆလင်ဘာသာဝင်ခရီးသည် ၁ဂ ဦးကို ရခိုင်လူအုပ်စုမှ သတ်ဖြတ်ခဲ့ခြင်း နှင့် မောင်းတောမြို့နယ်ရှိ မူဆလင်ဘာသာဝင်များ၏ ဆူပူအုံကြွမှုတို့ကို မြန်မာသတင်းဌာနများက တင်ပြရာမှာ ယခင်က မဖြစ်ဖူးတဲ့ ဘက်လိုက်မှုတွေ ရှိနေခဲ့ပြီး အချို့သောအကြောင်းအရာတွေမှာဆိုလျှင် ရိုဟင်ဂျာ နှင့် ရိုဟင်ဂျာမဟုတ်သော မူဆလင်ဘာသာဝင်များကို အတိအလင်း ရန်လိုတဲ့ အသုံးအနှုန်းတွေသုံးထားတာကို တွေ့ရှိရပါတယ်။ ဥပမာအနေနှင့်ဖော်ပြရမယ်ဆိုလျှင် မြန်မာ့အလင်းသတင်းစာမှ မူဆလင်ခရီးသည်များ သတ်ဖြတ်ခြင်းခံရတဲ့ အကြောင်းအရာကို ဖော်ပြရာမှာ သတ်ဖြတ်ခံလိုက်ရတဲ့ မူဆလင်တွေကို "ကုလား"ဟုနှိမ့်ချပြီးသုံးနှုန်းခဲ့ပါတယ်။ အဲဒီလိုသုံးနှုန်းလိုက်ခြင်းကြောင့် မြန်မာမူဆလင်ဘာသာဝင်များကို ဒေါသဖြစ်စေခဲ့ပြီး ထိုကဲ့သောအသုံးအနှုန်းကို အစိုးရသတင်းစာမှ အသုံးပြုလိုက်ခြင်းဖြင့် မူဆလင်ဘာသာဝင်များဟာ မြန်မာနိုင်ငံတွင်းမှာ "ဒုတိယတန်းစားနိုင်ငံသားအဆင့်" အဖြစ်သတ်မှတ်ခြင်း ခံနေရတယ်ဆိုတာကို ဖော်ပြနေတာဖြစ်ကြောင်း အချို့သော မြန်မာမူဆလင်ဘာသာဝင်များက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောကြားခဲ့ပါတယ်။ နောက်ပိုင်းမှာ မြန်မာ့အလင်းသတင်းစာမှ ထိုကဲ့သို့သော အသုံးအနှုန်းတွေကို အသုံးပြုခြင်းမရှိတော့ပေမယ့် တောင်းပန်ခြင်းတစုံတရာမျှမပြုလုပ်ခဲ့ပါ။ Human Rights Watch interview #01, Yangon, Burma, June 2012

[36] Human Rights Watch Interview D.A, Sittwe, Arakan State, June 2012

[37] အထက်ဖော်ပြပါ ကိုးကားချက်

ထုတ်ပြန်မှုများ ရှိနေသော်လည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ဇွန်လနောက်ပိုင်းတွင် စစ်တွေမြို့သို့ သွားရောက်လေ့လာသည့်အချိန်တွင် အစိုးရမှ ဆူပူအုံကြွမှုကို ထိန်းသိမ်းရန် စေလွှတ်ထားသော စစ်တပ် တပ်ဖွဲ့များမှာ ၄င်းတို့၏ တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ဆောင်ရွက်နေကြောင်းတွေ့ရှိခဲ့ရပါတယ်။ သို့သော်လည်း အခြားလုံခြုံရေးတာဝန်ယူထားသောအဖွဲ့များဖြစ်သည့် ရဲတပ်ဖွဲ့နှင့် လုံခြုံရေးအရန်တပ်ဖွဲ့ များမှာ စစ်တွေမြို့ နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာလူမျိုးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် ဖိနှိပ်ချုပ်ချယ်မှုများ အဓိက ပြုလုပ်နေသူများဖြစ်ပါတယ်။ ဇွန်လအကုန်ပိုင်းလောက်မှာ မြန်မာ့တပ်မတော်မှ ရိုဟင်ဂျာလူမျိုးများကို ၄င်းတို့၏ မူလနေအိမ်ရှိ ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ခရီးစဉ်တလျှောက် လိုက်ပါစောင့်ရှောက်ခဲ့ပြီး ၄င်းတို့ ပြောင်းရွှေ့နေထိုင်ရာ နေရာသို့ ပြန်လည်ပို့ဆောင်ခဲ့သည်ကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ မျက်မြင် တွေ့ရှိခဲ့ပါတယ်။ သို့ပေမယ့် ထိုကဲ့သို့လုပ်ဆောင်ပေးခြင်းမှာ တပ်မတော်မှ ပုံမှန် ထမ်းဆောင်နေရသည့် တာဝန်အရဆောင်ရွက်ပေးခြင်းလား သို့မဟုတ် အခကြေးငွေ ပေးဆောင် ထားခြင်းကြောင့် ဆောင်ရွက်ပေးခဲ့သလား ဆိုတာကို အသေအချာ မဆုံးဖြတ်နိုင်ပါ။ ရိုဟင်ဂျာလူမျိုးတစ်ဦးမှ "ရဲတွေကလဲ ရခိုင်လူမျိုးတွေဖြစ်တယ်။ သူတို့က ကျနော်တို့ကိုမုန်းတယ်။ စစ်တပ်မှာတော့ ဗမာလူမျိုးတွေ များတယ်။ စစ်တပ်ကကျနော်တို့ကိုကာကွယ်ပေးနေတယ်" ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြခဲ့ပါတယ်။[38]

## *ရခိုင်လူမျိုးများအပေါ် ရိုဟင်ဂျာလူမျိုးများ၏အကြမ်းဖက်မှု*

အသက် ၃၁ နှစ် အရွယ် ကလေးငါးယောက်အမေ ရခိုင်အမျိုးသမီးတစ်ဦးမှ ဇွန်လ ၁၂ ရက်နေ့တွင် ပစ္စတိုသေနတ်နှင့် လက်နက်အချို့ ကိုင်ဆောင်လာတဲ့ ရိုဟင်ဂျာလူအုပ်ကြီးက သူမတို့၏ ရွာထဲကိုဝင်လာပြီး သူမ၏အမျိုးသားကို သတ်ဖြတ်ခဲ့ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့အား ပြောပြပါတယ်။ ရွာထဲမှာ လုံခြုံရေးလုံးဝချထားခြင်း လုံးဝမရှိခဲ့ကြောင်း သူမကပြောပြခဲ့ပါတယ်။

> ကျမအမျိုးသားဟာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကအသတ်ခံခဲ့ရပါတယ်။ ရက်တော့ အတိအကျ မသိပါဘူး။ ရွာထဲကို [ပထမ] ရောက်လာတဲ့ မွတ်ဆလင်လူအုပ်ဟာ သေနတ်တွေ သုံးပါတယ်။ အဲဒီအချိန်မှာ ကျမတို့ သေနတ်ပစ်သံတွေကိုကြားရပါတယ်။ အဲဒီတော့ ကျမအမျိုးသားဟာ အဲဒီမွတ်ဆလင်တွေကို တိုက်ခိုက်ဖို့လုပ်ခဲ့ပါတယ်။ သူတို့က ကျမအမျိုးသားကို ဒီရွာထဲမှာပဲ သတ်ခဲ့ပါတယ်။ သူ့ရဲ့လက်မောင်းဟာ အဖြတ်ခံထားရပြီး သူ့ခေါင်းဟာလည်း ပြတ်ခါနီးနီး အခုတ်ခံထားရပါတယ်။ ကျမအမျိုးသားက အသက် ၃၅ နှစ်ရှိပါပြီ။[39]

စစ်တွေမြို့အပြင်ဘက်ရှိ ဘန်းဖြူရွာနေ အသက် ၄၀ အရွယ်ရှိတဲ့ ရခိုင်အမျိုးသမီးတစ်ဦးက ဇွန်လ ၁၁ ရက် ညနေပိုင်းတွင် ပလပ်စတစ်အမာစားဖြင့်ပြုလုပ်ထားသော အိမ်တွင်လုပ် ချပ်ဝတ်တန်ဆာများကို

---

[38] Human Rights Watch interview Z.F., Sittwe, Arakan State, June 2012

[39] Human Rights Watch interview C.A., Sittwe, Arakan State, June 2012

ဝတ်ဆင်ထားတဲ့ မွတ်ဆလင်ဘာသာဝင်လူအုပ်စုကြီး သူမတို့ရဲ့ ရွာထဲကိုဝင်လာခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြပါတယ်။ သူတို့က ဓါးတွေ နဲ့ တစ်လီတာလောက်ရှိတဲ့ ဓါတ်ဆီတွေကိုသယ်လာပြီး သူမတို့ရဲ့ရွာထဲရှိ နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ လုံခြုံရေး ဘာမှမရှိကြောင်းလဲပြောခဲ့ပါတယ်။

> ကျမအရမ်းကြောက်လွန်းပြီး အသက်ရှုလို့မရတော့ပါဘူး။ အဲဒါကြောင့် လဲသွားခဲ့ပါတယ်။ အကြမ်းဖက်မှုတွေ အားလုံးကို ကျမမြင်တွေ့ခဲ့ရပါတယ်။ မွတ်ဆလင် ၃၀၀ လောက် ကျမတို့ရဲ့ရွာကို လာပြီးတိုက်ခိုက်ခဲ့ပါတယ်။ သူတို့တွေ အိမ်တွေကို မီးရှို့နေတာ ကျမ မြင်တွေ့ခဲ့ပါတယ်။ အဲဒီလို အကြမ်းဖက်မှု ဖြစ်နေချိန်မှာ ရဲတွေမလာပါဘူး။ အဲဒီမွတ်ဆလင်တွေလာပြီးရွာကိုမီးရှို့တော့ ထွက်ပြေးခဲ့ပါတယ်။ ကျမ စစ်တွေရောက်တဲ့အထိ ရဲတွေကို မတွေ့ခဲ့ရပါဘူး။[40]

အသက် ၄၉ နှစ်အရွယ်ရှိတဲ့ ရခိုင်အမျိုးသမီးတစ်ဦးကလည်း အာဏာပိုင်များမှ အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့သည့်အတွက် ရာနှင့်ချီသော ရိုဟင်ဂျာတွေက စစ်တွေအပြင်ဘက်မှာရှိတဲ့ သူမတို့၏ ရွာကို ဇွန်လ ၁၀ရက်နေ့မှာ လာရောက်တိုက်ခိုက်ခဲ့ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို အခုလို ပြောပြခဲ့ပါတယ်။

> သူတို့အုပ်စုတွေဟာ ကျမတို့ကို ကျောက်တုံးတွေ လောက်လေးခွတွေနဲ့ တိုက်ခိုက်ပစ်ခတ်ခဲ့ပါတယ်။ သူတို့က တုတ်တွေ၊ ဓါးတွေကိုလည်း ကိုင်ဆောင်ထားပါတယ်။ ကျမတို့ဘက်က လူ ၄၀ လောက်ပဲ ရှိပါတယ်။ [ရိုဟင်ဂျာ] အုပ်စုဘက်မှာက လူဦးရေ တော်တော်များပါတယ်။ ကျမတို့ သူတို့ကို ပြန်ပြီး ခုခံလို့ မနိုင်တဲ့အတွက်ကြောင့် အခြားနေရာကို ထွက်ပြေးတိမ်းရှောင်ခဲ့ပါတယ်။ သူတို့က ကျမတို့ရဲ့နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ စုစုပေါင်း အိမ်ရှစ်လုံး နဲ့ ဘုန်းကြီးကျောင်း တစ်ကျောင်း ဖျက်ဆီးခံလိုက်ရပါတယ်။ မွတ်ဆလင်လူဦးရေက အရမ်းများတော့ ကျမတို့ ကိုယ့်ကိုယ် ပြန်ခုခံကာကွယ်ဖို့မဖြစ်နိုင်ခဲ့ပါဘူး။ သူတို့က ကျမတို့ကို ဖမ်းပြီး ဓါးနဲ့ခုတ်ဖို့ ကြိုးစားခဲ့ပါတယ်။ သူတို့တွေက စစ်တွေကပါ။[41]

နိုင်ငံတော်အာဏာပိုင်တွေက တိုက်ခိုက်ခံနေရတဲ့ ကျေးရွာတွေကို အကာအကွယ်အလုံအလောက် မပေးခဲ့တာကြောင့် ကျေးရွာအလိုက် အုပ်စုအလိုက် မိမိတို့ရဲ့လုံခြုံရေးအတွက် မိမိတို့ကိုယ်တိုင် ကာကွယ်ဖို့ ကြိုးပမ်း လုပ်ဆောင်လာရင်း အကြမ်းဖက်မှုဟာ ပိုမိုဆိုးဝါးလာခဲ့ပါတယ်။ အသက် ၄၀ အရွယ်ရှိတဲ့ ရခိုင်အမျိုးသားတစ်ဦးက "အစိုးရက ကျနော်တို့ကို ဘာမှမကူညီပါဘူး။ ကျနော်တို့မှာ စားစရာလည်း မရှိဘူး၊ နေစရာလည်းမရှိဘူး။ [ဒီကနေထွက်ပြေးတော့လည်း] လုံခြုံမှုဘာမှမရှိဘူး။ ကျနော်တို့လည်း

---

[40] Human Rights Watch interview C.B, Sittwe, Arakan State, June 2012

[41] Human Rights Watch Interview A.I., Sittwe, Arakan State, June 2012

ကိုယ့်ဟာကိုယ် ကာကွယ်ဖို့အတွက် တုတ်တွေ၊ ဓါးတွေကို သုံးရတယ်။ စဖြစ်ကတည်းက ခုချိန်ထိမအိပ်ရသေးဘူး” ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြခဲ့ပါတယ်။

## *ရိုဟင်ဂျာလူမျိုးများအပေါ် ရခိုင်လူမျိုးများ၏အကြမ်းဖက်မှု*

ပြည်တွင်းအခြေစိုက် သတင်းမီဒီယာတွေနဲ့ အစိုးရသတင်းမီဒီယာတွေက ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေမှာ ရိုဟင်ဂျာလူမျိုးတွေက ရခိုင်လူမျိုးတွေအပေါ် ပြစ်မှုကျူးလွန်နေလို့သာဖြစ်ကြောင်း ပြောဆိုနေကြတဲ့အချိန်မှာ နိုင်ငံတကာသတင်းမီဒီယာတွေဟာ လည်း ရိုဟင်ဂျာလူများအပေါ် အကြမ်းဖက်နေမှုများကို အဓိကထား ဖော်ပြနေကြပါတယ်။[42] သီးခြားရပ်တည်နေတဲ့ Eleven Media Group ၏ ထုတ်ပြန်ကြေငြာချက်တွင် “နိုင်ငံတကာမီဒီယာအဖွဲ့များသည် မြန်မာနိုင်ငံ နှင့် မြန်မာနိုင်ငံသားများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်အတွက် ရခိုင်လူမျိုး နှင့် ဘင်္ဂါလီ ရိုဟင်ဂျာလူမျိုးတို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခသတင်းများ တင်ဆက်ရာတွင် ဘက်လိုက်မှုများရှိနေကြောင်း..... ရိုဟင်ဂျာလူမျိုးများကသာ ရခိုင်လူမျိုးများကို သတ်ဖြတ်ခြင်း၊ ရခိုင်လူမျိုးများ၏ နေအိမ်များကို မီးရှို့ခြင်းများ ပြုလုပ်နေကြောင်း” ရေးသားဖော်ပြထားပါတယ်။[43]

အကြမ်းဖက်တိုက်ခိုက်မှုတွေ ပိုမိုပြင်းထန်လာတာနှင့်အမျှ လူအုပ်စုတခုနှင့်တခုအကြား တိုက်ခိုက်မှုတွေဟာ ပိုမိုပြီးတော့ စနစ်ကျလာတာကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က လေ့လာတွေ့ရှိရပါတယ်။ အသက် ၄၅ နှစ်အရွယ်ရှိတဲ့ ရခိုင်အမျိုးသားတစ်ဦးက ဇူလိုင်လ ၁၁ ရက်နေ့မတိုင်ခင် စစ်တွေမြို့တွင် ပြုလုပ်ခဲ့သော အစည်းဝေးတခုကို သူကိုယ်တိုင် တက်ရောက်ခဲ့ကြောင်းနှင့် ထိုအစည်းအဝေးတွင် စစ်တွေမြို့အနီးတဝိုက်မှာရှိနေသော မွတ်ဆလင်ကျေးရွာတွေကို မီးရှို့ဖျက်ဆီးရန်အတွက် အားလုံး သဘောတူ ဆုံးဖြတ်ခဲ့ကြောင်းကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ထံ အခုလိုပြောပြပါတယ်..

> ကျနော်တို့အားလုံးဆွေးနွေးခဲ့ကြပြီး မွတ်ဆလင်တွေအားလုံး ဌာနချုပ်ပုံစံအဖြစ်အသုံးပြုနေတဲ့ ရိုဟင်ဂျာရွာတွေတချို့ကို မီးရှို့ဖျက်ဆီးကြဖို့ သဘောတူဆုံးဖြတ်ခဲ့တယ်။ ဥပမာ – နာဇီ နှင့် ဘူမီ ရွာတွေလိုပေါ့။ မွတ်ဆလင်တွေရဲ့ ဌာနချုပ်တခုဖြစ်တဲ့ ဘူမီရွာကို ကျနော်တို့အရင်ဆုံး မီးရှို့ခဲ့တယ်။ သူတို့ရဲ့အိမ်တွေကို ကျနော်တို့ မီးရှို့ပြီးတဲ့နောက် သူတို့က ကျနော်တို့ရဲ့အိမ်တွေကို ပြန်ပြီးမီးရှို့တယ်။ တချို့နေရာတွေမှာဆိုရင်တော့ ကျနော်တို့က အိမ်တွေကိုမီးမရှို့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲလိုနေရာတွေမှာ ရခိုင်အိမ်တွေလည်းရှိတော့ မီးသွားရှို့ရင် မိုက်မဲရာကျမှာပေါ့။ အဲဒီရခိုင်အိမ်တွေကိုလည်း မီးကူးကုန်မှာလေ။ ကျနော်တို့သုံးရက်

---

[42] Hannah Hindstrom, “The Freedom to Hate,” Foreign Policy, June 14, 2012.

[43] Eleven Media Group, “Baised reporting of foreign media of Rakhine-Rohingya issue disgrace Myanmar images,” June 2012. http://eversion.news-eleven.com/index.php?option=com_content&view=article&id=602:bias-reporting-of-foreign-media-on-rakhine-rohingyas-disgraces-myanmar-images&catid=42:weekly-eleven-news&Itemid=109 (accessed July 16, 2012)

တိုက်ခိုက်ခဲ့တယ်။ စစ်တွေတက္ကသိုလ်နားမှာရှိတဲ့ ဘူမီရွာကနေ ကျနော်တို့ စခဲ့တာ။ ဘာဖြစ်လို့လဲဆိုတော့ ဘူမီရွာက သူတို့ရဲ့ ဌာနချုပ်လေ။[44]

ဒေသခံရခိုင်လူမျိုးတွေက "မိမိကိုယ်ကိုယ်ကာကွယ်ရန်အတွက်" လို့ဆိုတဲ့ အမှုများ ဖြစ်ပွားနေချိန် ကာလအတွင်းမှာ ဥပဒေအရ တားဆီးဟန့်တားဖို့အတွက် ဥပဒေကြိုးကြပ်ရေးဘက်မှ တစုံတရာ ဆောင်ရွက်ခြင်း မရှိခဲ့ပါ။

ထိုတိုက်ခိုက်မှုမှာ ရခိုင်လူမျိုးများ၏ နေအိမ်ကို ထိခိုက်မှုမရှိစေဘဲ ရိုဟင်ဂျာလူမျိုးများအပေါ်သာ ထိခိုက်ပျက်ဆီးမှု အများဆုံးဖြစ်စေရန် စနစ်တကျ စီစဉ်ဆောင်ရွက်ထားသည့် အနေအထားမျိုးရှိကြောင်း ပေါ်လွင်နေပါတယ်။ ရိုဟင်ဂျာလူမျိုး မျက်မြင်သက်သေများက မိမိတို့နေအိမ်မှာ ရခိုင်လူမျိုး၏ နေအိမ်နှင့် နီးကပ်နေပါက မိမိတို့၏ နေအိမ်ကို မီးရှို့ခြင်းမပြုလုပ်ကြောင်းနှင့် အခြားသော နည်းလမ်းများကိုအသုံးပြုပြီး ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်းကို အတည်ပြုပြောဆိုခဲ့ပါတယ်။ သက်ကြီးရွယ်အို ရိုဟင်ဂျာ အမျိုးသားတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလို ပြောကြားခဲ့ပါတယ်။

> ကျနော်တို့နေတဲ့နေရာက ရခိုင်တွေနေတဲ့နေရာနဲ့ သီးခြားဖြစ်နေရင် ရခိုင်လူအုပ်ကြီးက ကျနော်တို့ မွတ်ဆလင်တွေရဲ့နေအိမ်ကို မီးရှို့ဖျက်ဆီးတယ်။ ဒါပေမယ့် ကျနော်တို့နေတဲ့နေရာက ရခိုင်လူမျိုးတွေနေတဲ့နေရာနဲ့ နီးနေမယ်ဆိုရင် မီးတွေကူးကုန်မှာစိုးလို့ သူတို့မီးမရှို့ဘူး။ ဒီတော့ သူတို့က လူတွေကို ရိုက်နက် သတ်ဖြတ်ပြီး အိမ်တွေကိုတော့ အခြားနည်းတွေနဲ့ ဖျက်ဆီးကြတယ်။[45]

ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှု အဆိုးဝါးဆုံးသောအနေအထားကို ရောက်ရှိနေချိန်မှာ လုံခြုံရေးကင်းမဲ့မှုကြောင့် အတားအဆီးမဲ့ သတ်ဖြတ်မှုတွေ နှင့် အခြားသော အကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့ရတာဖြစ်တယ်လို့ အခြားရိုဟင်ဂျာလူမျိုးအချို့က ပြောဆိုကြပါတယ်။ စစ်တွေမြို့မှ အသက် ၃၈ နှစ်အရွယ်ရှိ ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးက ဇွန်လ ၁၁ ရက်နေ့မှာ လက်နက်တွေကိုင်ဆောင်ထားတဲ့ ရခိုင်အမျိုးသား ၅၀ လောက်က သူမတို့မိသားစုအားလုံးရှိနေတဲ့ သူမရဲ့နေအိမ်ကို ဝိုင်းထားခဲ့ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ်။

> သူတို့တွေက ကျမတို့ရဲ့အိမ်ကိုလက်ညိုးထိုးပြီး "ဒီအိမ်က မွတ်ဆလင်ရဲ့အိမ်ဖြစ်တယ်" လို့ ပြောပြီးတော့ သူတို့ထဲက လူ ၁၀ ယောက်လောက်က အိမ်ပေါ်ကို တက်လာပါတယ်။ သူတို့အိမ်ပေါ်တက်လာတဲ့ အချိန်မှာ ကျမရဲ့ ယောက္ခမဟာ ပြူတင်းပေါက်ကနေ ခုန်ချပြီး ထွက်ပြေးခဲ့ပါတယ်။ သူခုန်ချတဲ့အချိန်မှာ အပြင်မှာစောင့်နေတဲ့သူတွေက သူ့ကိုဝိုင်းဖမ်းကြပြီး [လည်ပင်းကို ဓါးနဲ့လှီးပြီး] သတ်ခဲ့ကြပါတယ်။ ကျမကတော့

---

[44] Human Rights Watch interview B.G, Sittwe, Arakan State, June 2012.

[45] Human Rights Watch interview A.z., Sittwe, Arakan State, June 2012

> အိမ်နောက်ဖေးမှာ ပုန်းနေခဲ့ပါတယ်။ သူတို့က အတင်းအခန်းတံခါးတွေကို ဖျက်ဆီးပြီးအထဲဝင်လာကြပါတယ်။ ကျမတို့ပုန်းနေတဲ့ အခန်းရဲ့တံခါးက တော်တော်လေးကို ခိုင်ပါတယ်။ သူတို့ဖျက်ဆီးလို့မရခဲ့ပါဘူး။ ဒီတော့ သူတို့က "အပြင်ကိုထွက်လာမှာလား ဒါမှမဟုတ် မီးလောင်ပြီးအသေခံမှာလာ။ ကြိုက်တာရွေး" လို့အော်ပြောပါတယ်။[46]

သူမရဲ့အမျိုးသားဟာ ရဲစခန်းကို ဖုန်းဆက်ပြီးကြိုးစားဆက်သွယ်ခဲ့ပေမယ့် ရဲစခန်းက ဘာမှ တုံ့ပြန်မှု မရှိခဲ့ပါဘူး။ "ကျမရဲ့အမျိုးသားက စီးပွားရေးသမားတစ်ယောက်ဖြစ်တဲ့အတွက် ရဲအရာရှိတွေနဲ့သူ အဆက်အသွယ်ရှိပါတယ်။ ဒါကြောင့်သူက ရဲစခန်းကို အကြိမ်ကြိမ်ဖုန်းဆက်ပြီး အပြင်မှာ လူတွေ သူ့မိသားစုကို ခြိမ်းခြောက်နေကြောင်း ပြောပြခဲ့ပေမယ့် ဘယ်သူမှလာရောက်ကူညီခဲ့တာမရှိခဲ့ဘူး။"[47] လူအုပ်ကြီးက သူမအပါအဝင် အိမ်ထဲတွင်ရှိနေတဲ့ သူမရဲ့အမျိုးသား၊ သူမရဲ့ယောက္ခမနဲ့ အိမ်အလုပ်သမား နှစ်ဦးနဲ့ အိမ်နီးနားချင်းတို့ကို ရိုက်နှက်ခဲ့ပါတယ်။ အကယ်၍သာ ရခိုင်လူမျိုးအိမ်နီးနားချင်းကသာ ထိုရခိုင်လူအုပ်ကြီးကို မတောင်းပန်ခဲ့ပါက သူမရဲ့အိမ်တွင်းရှိပစ္စည်းတွေကို လုယက်ပြီး သူမရဲ့မိသားစုကို သတ်လိုက်ပြီးဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြခဲ့ပါတယ်။

ထိုလူအုပ်ကြီးက သူမတို့ကို ရဲစခန်းသို့ခေါ်ဆောင်သွားပြီး လမ်းတစ်လျှောက်လုံး ရိုက်နှက်နှိပ်စက်ခဲ့ပါတယ်။ "ရဲစခန်းကိုရောက်တဲ့အချိန်မှာ ရဲသား ၂၀၀–၃၀၀ လောက် ရဲစခန်းထဲမှာရှိပါတယ်။ တချို့က ကျမအမျိုးသားရဲ့ သူငယ်ချင်းတွေပါ။ ကျမအမျိုးသားက "ဘာဖြစ်လို့မင်းတို့ ငါတို့ကိုမကာကွယ်ပေးတာလဲ" လို့မေးခဲ့ပါတယ်။ ရဲသားတွေက "အထက်ကအမိန့်မကျလာသေးဘူး ငါတို့အထက်ကအမိန့်ကိုစောင့်နေတာ"ဟု ပြောပါတယ်။[48]

ဒီအမျိုးသမီးနှင့် သူမ၏အမျိုးသားတို့က ဇွန်လ ၁၀ ရက်နေ့မှာ ဒေသခံ ဈေးဆိုင်ပိုင်ရှင်များက ရခိုင်လူမျိုးများကို သံချောင်းများ၊ လှံများ လိုက်ဝေနေသည်ကို သူတို့ကိုယ်တိုင်တွေ့ရှိခဲ့ကြောင်း အခုလို ပြောဆိုခဲ့ပါတယ်။

> အမျိုးသမီးတစ်ဦးက ချွန်ထက်နေတဲ့ သံချောင်းတွေ၊ လှံတွေ လိုက်ဝေနေတာ ကျမ တွေ့ခဲ့ပါတယ်။ အဲဒီသံချောင်းတွေက တစ်လက်မပတ်လည်လောက်ရှိမှာပါ။ ကျမတို့အိမ်ကို သူတို့ မလာခင် ကျမ [အိမ်ပေါ်ကနေ] လှမ်းတွေ့ခဲ့တာပါ။ ကျမ အကြိမ်ကြိမ် တွေ့ခဲ့တာပါ။ လူဘယ်နှစ်ယောက် [အဲဒီလက်နက်တွေ လက်ခံရရှိခဲ့တယ်] ဆိုတာကိုတော့ ကျမ မမှတ်မိတော့ပေမဲ့ အကြိမ်ကြိမ် တွေ့ဖူးပါ တယ်။ ဈေးဆိုင်ပိုင်ရှင်က လိုက်ဝေပေးနေတာပါ။[49]

46 Human Rights Watch interview Z.H., Sittwe, Arakan State, June 2012.

47 အထက်ဖော်ပြပါ ကိုးကားချက်

48 အထက်ဖော်ပြပါ ကိုးကားချက်

49 အထက်ဖော်ပြပါ ကိုးကားချက်

## ဒေသခံ လုံခြုံရေးတပ်ဖွဲ့များနှင့် ရခိုင်လူမျိုးများ ပူးပေါင်းညှိနှိုင်းမှုများ ရှိထားခြင်း

ဇွန်လ ၁၀ ရက်နေ့မှ စတင်ပြီး တုတ်ချောင်း၊ ဓါး၊ လှံနှင့် သံချောင်းများ ကိုင်ဆောင်ထားသည့် ရခိုင်ရွာသားများနှင့် ရဲတပ်ဖွဲ့များ အတူတူ ပူးပေါင်းပြီး သွားလာလှုပ်ရှားနေကြသည်ကို မြင်တွေ့ခဲ့ကြောင်း စစ်တွေမြို့ခံများနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်နေထိုင်သူများက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြခဲ့ပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ စစ်တွေမြို့ နာဇီရပ်ကွက်တွင်နေထိုင်သည့် ရိုဟင်ဂျာအမျိုးသားတစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ်။

> ကျနော့်ရဲ့ရွာဟာ မီးရှို့ဖျက်ဆီးခံလိုက်ရပါပြီ။ ရဲတွေက ရခိုင်လူမျိုးတွေနဲ့ အတူတူရောပြီးလာတာ ကျနော်တွေ့ခဲ့ပါတယ်။ သူတို့က ကျနော့်အိမ်နဲ့ ရွာကို တိုက်ခိုက်ခဲ့ပါတယ်။ ရခိုင်တချို့က ကျနော်တို့အိမ်ကို မီးရှို့တိုက်ခိုက်နေတဲ့အချိန်မှာ ရဲတွေက ဘေးကနေ ရပ်ပြီးကြည့်နေခဲ့ပါတယ်။ ရဲတွေက သူတို့ကို မတားခဲ့ပါဘူး။ ရွာသားတွေအများကြီးထွက်ပြေးနေတာကို ကျနော်တွေ့ခဲ့ပါတယ်။ အဲဒီရခိုင်တွေက တုတ်တွေ၊ ဓါးတွေနဲ့ တိုက်နေတာပါ။[50]

အသက် ၂၆ နှစ်အရွယ်ရှိတဲ့ ရိုဟင်ဂျာအမျိုးသားတစ်ယောက်က ယခုလို သေချာစီစဉ်ပြီး တိုက်ခိုက်တဲ့ အကြမ်းဖက်မှုဟာ လွန်ခဲ့တဲ့ ဇွန်လ ၈ ရက်နေ့က မောင်တောမှာ ထောင်နဲ့ချီတဲ့ ရိုဟင်ဂျာများက ရခိုင်လူမျိုးများ ပိုင်ဆိုင်တဲ့အရာတွေကို ဖျက်ဆီးခဲ့ပြီး အရေအတွက် အတိအကျ မသိရသေးတဲ့ ရခိုင်များကို သတ်ဖြတ်ခဲ့တဲ့ မွတ်ဆလင်တွေရဲ့ ဆူပူသောင်းကြမ်းမှုကို တုံ့ပြန်တာ ဖြစ်နိုင်တယ်လို့ ထင်ကြေးပေးခဲ့ပါတယ်။ “[ရဲ/လုံခြုံရေးရဲတပ်ဖွဲ့တွေ] ကျနော်တို့ရဲ့ အိမ်တွေကို မီးရှို့ ဖျက်ဆီးတဲ့ ရခိုင်တွေနဲ့အတူတူ လာတာတွေ့တယ်။ သူတို့က အသာစီးကပါ။ [ရဲ/လုံခြုံရေးရဲတပ်ဖွဲ့တွေက] သူတို့ဘက်ကလေ” ဟု ထိုအမျိုးသာက ထုတ်ဖော် ပြောဆိုခဲ့ပါတယ်။[51]

မောင်တောမြို့နယ်မှာ ဒေသခံပြည်သူတွေက လုံခြုံရေးတပ်ဖွဲ့ဟာ ရခိုင်လူငယ်တွေနဲ့အတူတူ ပူးပေါင်းလက်တွဲပြီး လုပ်ဆောင်နေကြတာဖြစ်ကြောင်း စွပ်စွဲပြောဆိုနေကြပါတယ်။ မတရားအနိုင်ကျင့် ညှဥ်းပန်းနှိပ်စက်မှုကို တွေ့မြင်ခဲ့တဲ့ မျက်မြင်သက်သေတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ်။

> ဓါးရှည်တွေ၊ တောခုတ်ဓါးတွေ ကိုင်ဆောင်ထားတဲ့ ရခိုင်လူငယ်တွေက ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိတဲ့ နစက တွေ၊ ရဲ တွေနဲ့အတူတူ လမ်းလျှောက်နေတာ

[50] Human Rights Watch interview A.A, Sittwe, Arakan State, June 2012

[51] Human Rights Watch interview A.B., Sittwe, Arakan State, June 2012

ကျနော်တွေ့ခဲ့ရပါတယ်။ အိမ်လုပ် လက်နက်ကိရိယာတွေ ကိုင်ဆောင်ထားတဲ့ ရခိုင်လူငယ်တွေနဲ့ ရဲတွေ ကားတစ်စီးပေါ်မှာ အတူတူ စီးလာတာတွေကို တွေ့ရမှာပါ။ အဲလိုအချိန်မှာ လမ်းပေါ်မှာ ဘယ် မွတ်ဆလင် ကိုမှ တွေ့ရမှာမဟုတ်သလို ညမှာလည်း မွတ်ဆလင်တွေကို အပြင်မှာ တွေ့ရမှာမဟုတ်ပါဘူး။ နစက နဲ့ ရခိုင်လူငယ်တွေကိုပဲတွေ့ရမှာဖြစ်ပြီး သေနတ်ပစ်ခတ်သံတွေကို ကြားရ ပါတယ်။ သူတို့က မွတ်ဆလင်တွေကို လိုက်လံမောင်းထုတ်နေတာသိပ်သိသာထင်ရှားပါတယ်။ ရွာတွေကို မွတ်ဆလင်လူအုပ်စုတွေက တိုက်ခိုက်တယ်လို့ ရခိုင်တွေကပြောတယ်... ပြီးတော့လက်နက်ကိုင်ထားတဲ့လူတွေက နစက တွေ။ လူငယ်လူရွယ် လေးငါးယောက်လောက် လက်ထဲမှာ တောခုတ်ဓါးအရှည်တွေကိုင်ဆောင်ပြီး [နစက တပ်ဖွဲ့ ] လေးငါးယောက်နဲ့အတူ လမ်းလျှောက်နေတာတွေ ကျနော်တို့တွေ့ရတယ်။ ရွာတွေမီးလောင်နေတာတွေ့ရတယ်။ မီးခိုးတွေကိုမြင်နေရတယ်။ သေနတ်ပစ်သံတွေကိုလည်း ကြားရတယ်။ ဘယ်သူက ဘယ်သူ့ကို ပစ်နေမှန်းလည်း ကျနော်တို့မသိဘူး။ အဲဒီလို သေနတ်ပစ်ခတ်သံက သိပ်မကြာပါဘူး။ တစ်မိနစ် နှစ်မိနစ်လောက်ပဲကြာမယ်။ များသောအားဖြစ်တော့ ပြင်းပြင်းထန်ထန် ပစ်ခတ်တာ မရှိပါဘူး။ တစ်ချက် နှစ်ချက်လောက်ပဲ။ ဒါပေမယ့် တခါတလေတော့ အဆက်မပြတ် ပစ်ခတ်သံတွေလည်း ကြားရတတ်တယ်။[52]

ရခိုင်ပြည်နယ်အတွင်းမှာ လုံခြုံရေးတပ်တွေဟာ ရိုဟင်ဂျာလူမျိုးတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ တိုက်ခိုက်မှုမျိုးတွေ အကာအကွယ်ပေးဖို့ အမြဲပျက်ကွက်ခဲ့ပါတယ်။ အသက် ၆၅ နှစ် ရှိပြီဖြစ်တဲ့ ရိုဟင်ဂျာအမျိုးသားတစ်ဦးက ဇွန်လ ၁၀ ရက်နေ့က သူ့ရဲ့ ယောက္ခနှစ်ယောက် ထီတွမ်လမ်း နှင့် အောင်သန်းလမ်းထောင့် မှာ သေဆုံးတဲ့အထိ ဓါးထိုးသတ်ခံလိုက်ရတဲ့အကြောင်းကို လူ့အခွင့်ရေးစောင့်ကြည့်ရေးအဖွဲ့အား အခုလိုပြောပြခဲ့ပါတယ်။ "သူတို့နှစ်ယောက်ကို ရခိုင်တွေက ကျနော့်ရှေ့မှာပဲသတ်လိုက်တာ။ ရဲတွေလည်းအဲဒီမှာပဲရှိတယ်။ ရဲတွေရှိတဲ့နေရာနှင့် သိပ်မဝေးဘူး။ သူတို့နှစ်ယောက်စလုံး ကျနော့်ရှေ့မှာအသတ်ခံလိုက်ရတာကို ရဲတွေက ဘာမှမလုပ်ခဲ့ဘူး။[53]

## လုံခြုံရေးတပ်သားများက ကျူးလွန်သော သတ်ဖြတ်မှုများ

ဇွန်လအတွင်း စစ်တွေမြို့နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း တွင်ဖြစ်ပွားခဲ့တဲ့ ရိုဟင်ဂျာများသတ်ဖြတ်ခံရမှု တော်တော်များများရဲ့တရားခံများဟာ  လုံခြုံရေးတပ်များဖြစ်ပါတယ်။

မွတ်ဆလင်အသိုင်းအဝိုင်းအတွက် အကြီးဆုံးနဲ့ စီးပွားရေးအရ အရေးပါဆုံး နေရာဖြစ်ပြီး မွတ်ဆလင် မိသားစုပေါင်း ၁၀၀၀၀ လောက် နှင့် ရခိုင်မိသားစုပေါင်း ၃၀၀ လောက် နေထိုင်တဲ့နေရာဖြစ်တဲ့ ရခိုင်ပြည်နယ်ရဲ့မြို့တော် စစ်တွေမြို့ နာဇီရပ်ကွက်ဟာ ဇွန်လ ၁၂ ရက်နေ့မှာ တော်တော်ကြီးကြီးမားမား

52 Human Rights Watch interview A.E., Yangon, Burma, June 2012

53 Human Rights Watch interview C.F., Sittwe, Arakan State, June 2012

ဖျက်စီးခြင်းခံခဲ့ရပါတယ်။ ရိုဟင်ဂျာလူတစုက နာဇီရပ်ကွက်မှာနေထိုင်တဲ့ သေးငယ်တဲ့ ရခိုင်စုအိမ်များကို မီးရှို့ခဲ့ကြသလို ရခိုင်လူအုပ်စုကလည်း ကျန်တဲ့နာဇီရပ်ကွက်တခုလုံးကို ပြာကျသွားလောက်အောင် သေချာ စီစဉ်ထားပုံရတဲ့ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါတယ်။ ရိုဟင်ဂျာမျက် မြင်သက်သေများရဲ့ ပြောဆိုချက်အရ ရဲသားများ နှင့် အထူးသဖြင့် လူထုအုံကြွမှုများကို နှိမ်နင်းရန် ထားရှိသော အနီရောင်ပဝါနဲ့ ခွဲခြားနိုင်တဲ့ လုံထိန်းများက ရခိုင်လူအုပ်စုများ ရှို့ထားသော မီးများကို ငြိမ်းသတ်ရန်အတွက် ကြိုးပမ်းလာသော ရိုဟင်ဂျာများအား သေနတ်များဖြင့် ပစ်ခဲ့တယ်လို့ဆိုပါတယ်။

အသက် ၃၆ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောကြားခဲ့ပါတယ်။

> သူတို့ (ရခိုင်လူအုပ်စု) တွေ အိမ်တွေကိုစပြီးမီးရှို့တယ်။ လူတွေက အဲဒီမီးတွေကို ငြိမ်းသတ်ဖို့အတွက်လုပ်တော့ အရန်တပ်သားတွေက သေနတ်နဲ့ ပစ်တယ်။ ပြီးတော့ အဲဒီအုပ်စုက လူတွေကို တုတ်အကြီးကြီးတွေနဲ့ရိုက်နှက်ခဲ့တယ်။ အာဏာပိုင် (စစ်တပ်) တွေရဲ့အကူအညီနဲ့ ကျနော်တို့ အလောင်း ၁၇ လောင်းကို သွားယူခဲ့တယ်။ အဲဒီထဲကမှ အလောင်းတစ်လောင်းကိုဘဲ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ကျနော်ပြောပြနိုင်တယ်။ သူ့နာမည်က မိုဟာမတ် ရှရစ်။ သူ့အသက်က ၂၈ နှစ်ရှိပြီ။ ကျနော်တို့ လူသေလောင်းတွေကို သွားယူပြီး စစ်တပ်ကားပေါ်တင်ခဲ့တယ်။ သေဆုံးသူတစ်ဦးရဲ့ ဘယ်ဘက်ရင်ဘတ်မှာ ထုတ်ချင်းဖောက် သေနတ်ဒဏ်ရာ ရှိနေတာကို ကျနော်ထင်ထင်ရှားရှားတွေ့ခဲ့တယ်။[54]

နာဇီရပ်ကွက်မှ အသက် ၂၈ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက အခုလိုပြောဆိုခဲ့ပါတယ်…

> ကျနော့်မျက်စိရှေ့မှာပဲ ပထမဦးဆုံး လုံထိန်းတွေရောက်လာပြီး သူတို့ကကျနော်တို့ကို ကာကွယ်ပေးဖို့ ရောက်လာတာလို့ ပြောတယ်။ ဒါပေမယ့် ရခိုင်တွေရောက်လာပြီး အိမ်တွေကို မီးစရှို့တော့ ကျနော်တို့က အဲဒီမီးတွေကို ငြိမ်းသတ်ဖို့ လုပ်တဲ့အချိန်မှာ သူတို့တွေက ကျနော်တို့ကို ဝိုင်းပြီး ရိုက်ကြတယ်။ လူတော်တော်များများ သေနတ်နဲ့ အနီးကပ် အပစ်ခံခဲ့ရတယ် (လုံထိန်းများမှပစ်ခြင်း)။ လူတွေအနီးကပ်အပစ်ခံခဲ့ရတာကို ကျနော်တွေ့ခဲ့တယ်။ အဲဒါကို တရွာလုံးကလည်း မြင်တာဘဲ။ သူတို့က ကျနော်တို့ရွာကလူတွေဘဲ။ ကျနော်တို့နဲ့ဆိုရင် ၁၅ ပေ ကနေ ပေ ၂၀ လောက် အဝေးမှာပဲရှိတာ။ အနည်းဆုံး လူအယောက် ၅၀ လောက်အသတ်ခံရတာ ကျနော် ကိုယ်တိုင် မြင်တယ်။ ကျနော်တို့ မီးလောင်နေတာကို သွားငြိမ်းမယ်လုပ်တော့ သူတို့က ခွင့်မပြုခဲ့ဘူး။ ပထမဆုံးသူတို့ မိုးပေါ်တစ်ချက် ထောင်ပစ်ပြီးနောက် လူတွေကို ပစ်တော့တာဘဲ။[55]

---

[54] Human Right Watch Interview Z.E., Sittwe, Arakan State, June 2012

[55] Human Rights Watch Interview A.A., Sittwe, Arakan State, June 2012

ဇွန်လ ၁၂ ရက်နေ့က နာဇီရပ်ကွက်မှ ထွက်ပြေးတိမ်းရှောင်လာတဲ့ အသက် ၃၆ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသား တစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါခဲ့ပါတယ် . .

> ဇွန်လ ၁၂ ရက်နေ့ နေ့လယ်မှာ ရဲတပ်ဖွဲ့ လူအချို့ကို သတ်ဖြတ်ခဲ့တာကို ကျနော်တွေ့တယ်။ ကျနော်ကိုယ်တိုင်မျက်မြင်တွေ့ခဲ့တာပါ။ ကျနော်နဲ့ ပေနဲ့ပဲ ကွာတယ်။ ကျနော်က လမ်းပေါ်မှာ။ သူတို့တွေ အမျိုးသမီးတစ်ဦး၊ ကလေးနှစ်ဦး နှင့် အမျိုးသားသုံးဦး အနဲဆုံးလူခြောက်ဦးကို ပစ်သတ်ခဲ့တာတွေ့တယ်။ ရဲတွေက အပစ်သတ်ခံရသူတွေရဲ့အလောင်းကို အဝေးကို သယ်သွားခဲ့ပါတယ်။ ကျနော်တို့က မီးတွေဝိုင်းသတ်ပြီး အိမ်တွေကာကွယ်ဖို့ လုပ်တဲ့အချိန်မှာ ကျနော်တို့ကို သူတို့ သေနတ်နဲ့ပစ်ပါတယ်။[56]

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးတပ်များက ရိုဟင်ဂျာလူမျိုးများအပေါ် အကြမ်းဖက် ရှင်းထုတ်ဖယ်ရှားမှုများ ပြုလုပ်ခြင်း၊ ထွက်ပြေးတိမ်းရှောင်နေသောရွာသားများထံသို့ သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ရိုဟင်ဂျာလူမျိုးဒါဇင်လိုက် သတ်ဖြတ်ခြင်းနှင့် နောက်ထပ်ရိုဟင်ဂျာလူမျိုးအမြောက်အများကို ထိခိုက်ဒဏ်ရာရစေခြင်းတို့ကို ကျူးလွန်ခဲ့ကြောင်း ရိုဟင်ဂျာလူမျိုး မျက်မြင်သက်သေများက ရှင်းလင်းပြောပြခဲ့ကြပါတယ်။ အသက် ၂၂ နှစ်အရွယ် ရိုဟင်ဂျာတစ်ဦးက ဇွန်လ ၂၂ ရက်နေ့က လုံခြုံရေးတပ်များ ကမ်ပူရွာထဲကို ဝင်ရောက်လာသဖြင့် မိမိထွက်ပြေးတိမ်းရှောင်ခဲ့ရစဉ်က မြင်တွေ့ခဲ့တဲ့အဖြစ်အပျက်တွေကို အခုလိုရှင်းပြထားပါတယ်။

> ရှင်းလင်းရေးလုပ် တဲ့အချိန်မှာ နစက [နယ်ခြားတပ်တွေ] က လူအုပ်စုဆီကို သေနတ်နဲ့ပစ်ခဲ့ပြီး လူ ၁၇ ဦး အပစ်ခံခဲ့ရပါတယ်။ မိုးတွေအရမ်းရွာထားလို့ ရေတွေနဲ့ပြည့်နေတဲ့ လမ်းမပေါ်ကို ကျနော်တို့ ပြေးထွက်လာခဲ့ကြတယ်။ ကျနော်တို့ဟာ ရွာအပြင်ကိုပြေးထွက်နိုင်ဖို့အတွက် ရေတွေပြည့်လျှံနေတဲ့ လမ်းမအပေါ် ခက်ခက်ခဲခဲ ပြေးလွှားနေချိန် သူတို့တွေက ကျနော်တို့ပြေးနေတဲ့လမ်းကို သေနတ်တွေနဲ့ ပစ်ခဲ့တယ်။ လူ ၁၇ ဦး အပစ်ခံခဲ့ရပြီး ၉ ယောက်က ကောင်လေးအရွယ် နဲ့ လူငယ်အရွယ်လောက်တွေ ဖြစ်ပါတယ်။ အဲဒီရှင်းလင်းရေးမှာ မောင်တောရဲ၊ လုံထိန်း နဲ့ နစက အားလုံးပါပါတယ်။ လူတွေ လမ်းမပေါ်မှာ လဲကျနေတာကို ကျနော်တွေ့ခဲ့ပါတယ်။ ကျနော်ကိုယ်တိုင်ကလည်း အဖမ်းမခံရအောင် ထွက်ပြေးနေရတဲ့အတွက် အဲဒီလဲကျနေတဲ့လူ ဘယ်လိုတွေဆက်ဖြစ်သွားတယ်ဆိုတာကိုတော့ ကျနော်လည်းမသိပါဘူး။ သေနတ်ပစ်သံကိုတော့ ဆက်တိုက် ကြားခဲ့ရပါတယ်။[57]

[56] Human Rights Watch Interview D.F., Maungdaw, Arakan State, June 27, 2012

[57] Human Rights Watch interview D.F., Maungdaw, Arakan State, June 27, 2012.

# ရိုဟင်ဂျာများကို အစုလိုက်ဖမ်းဆီးမှုများ

၂၀၁၂ ခုနှစ် ဇွန်လအတွင်းမှာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ရခိုင်ပြည်နယ်မြောက်ပိုင်း ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုအပြီး လုံခြုံရေးတပ်များမှ အကြမ်းဖက်ရှင်းလင်းရေးကြောင့် ထွက်ပြေးတိမ်းရှောင်လာရတဲ့ ရိုဟင်ဂျာ ခုနှစ်ဦးကို တွေ့ဆုံမေးမြန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မြန်မာစစ်သားများ၊ ရဲ၊ လုံထိန်းနှင့် နစကများက လုံခြုံရေးလုပ်ငန်းစီမံကိန်းအရ မောင်တောမြို့နယ်အနီးတဝိုက် ရှိ ရွာတွေမှာ စနစ်တကျ တစ်ရွာဝင်တစ်ရွာထွက် ရွာသားများကို စုစည်းပြီး လူတွေကို အသိမပေးထားတဲ့ နေရာများဆီ ခေါ်သွားတဲ့အကြောင်းကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့နှင့် တွေ့ဆုံးမေးမြန်းမှုကို ဖြေကြားပေးတဲ့သူတွေကို ရှင်းပြခဲ့ပါတယ်။ တခါတရံ လုံခြုံရေးတပ်များက ဇွန်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့အတွင်းဖြစ်ပွားခဲ့တဲ့ မောင်တောမြို့ ရိုဟင်ဂျာဆူပူအုံကြွမှုမှာ ပါဝင်တယ်လို့ စွပ်စွဲခံထားရသူတွေရဲ့ အမည်စာရင်းနှင့်တကွ ရွာတွေထဲကို ရောက်ရှိလာပါတယ်။ အသက် ၂၇ နှစ်ရှိပြီဖြစ်တဲ့ ရိုဟင်ဂျာအမျိုးသားတစ်ဦးရှင်းပြချက်အရ….

> တပ်မတော်က ရွာထဲကိုဝင်လာပြီးရွာသူကြီးကိုခေါ်တယ်။ ပြီးတော့ ဒီအကြမ်းဖက်မှုမှာ ပါဝင်ခဲ့တဲ့ လူတွေရဲ့အမည်စာရင်းကိုတောင်းတယ်။ ပြီးတော့ တအိမ်ဆင်းတစ်အိမ်တက်ပြီး လူတွေလိုက်ဖမ်းတော့တာပါဘဲ။ အမည်စာရင်းထဲမှာပါတဲ့လူတွေတော့ ဘယ်တွေရောက်သွားလဲ ဘယ်သူမှ မသိရဘူး။ အမည်စာရင်းထဲမှာ မပါတဲ့လူတွေကတော့ ပိုက်ဆံပေးလိုက်ရင်တော့ လွတ်လာပါတယ်။[58]

မောင်တောမြို့ နှင့် မောင်တောမြို့တောင်ပိုင်းရှိ ဝေးလံသော ကျေးရွာများတွင် ဇွန်လ ၁၂–၂၄ တွင် လူအစုလိုက် အပြုံလိုက် ဖမ်းဆီးမှုများရှိနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ သတင်းပေးပို့မှုများ ဆက်တိုက် ရရှိခဲ့ပါတယ်။ လုံခြုံရေးတပ်များမှ မောင်တောမြို့နယ်တွင်းရှိ ရိုဟင်ဂျာလူမျိုးအများစုနေထိုင်သော ကျေးရွာများကို အကြမ်းဖက်ဝင်ရောက်စီးနင်းခြင်း၊ ရွာသားများအား ပစ်ခတ်ခြင်း၊ ရွာသားများ၏ စီးပွားရေးလုပ်ငန်းများ နှင့် နေအိမ်များ မှ ပစ္စည်းဥစ္စာလုယူခြင်းများ ပြုလုပ်ခဲ့သည်ကို မျက်မြင်သက်သေများက ရှင်းပြထားပါတယ်။ အသက် ၁၇ နှစ်အရွယ် မျက်မြင်သက်သေ ရိုဟင်ဂျာလူငယ်တဦးက အသက် ၁၇ ၊ ၁၈ နှစ်လူငယ်တွေနဲ့ ၈ နှစ်အရွယ် ကလေးငယ်တဦးကို အချုပ်ခန်းထဲကို ခေါ်ဆောင်သွားတာကို မြင်တွေ့ခဲ့ရတဲ့အကြောင်း ရှင်းပြခဲ့ပါတယ်။[59]

ဇွန်လအစောပိုင်းမှာဖြစ်ပွားခဲ့တဲ့ ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှု ကာလအတွင်းမှာ လုံခြုံရေးတပ်တွေနဲ့ ရခိုင်လူမျိုးစုတို့ ပူးပေါင်းမှုတွေရှိခဲ့သလို ဇွန်လနောက်ပိုင်း ရိုဟင်ဂျာလူမျိုးစုတွေကို ဖမ်းဆီးတိုက်ခိုက်တဲ့အချိန်မှာလည်း ရခိုင်လူအုပ်စုတွေက အဲဒီလုံခြုံရေးတပ်တွေနှင့်အတူ ပူးပေါင်းခဲ့တယ်လို့ မျက်မြင်သက်သေတွေက ပြောဆိုခဲ့ပါတယ်။ အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး

---

58 Human Rights Watch interview D.D., Bangladesh, June 28, 2012.

59 Human Rights Watch interview D.H, Bangladesh, June 28 2012.

မောင်တောမြို့နယ်မှာနေထိုင်ခဲ့တဲ့ အသက် ၂၇ နှစ်အရွယ်ရှိ ရိုဟင်ဂျာအမျိုးသားတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုရှင်းပြခဲ့ပါတယ်။

> ကျနော့်ရဲ့ဆွေမျိုးသားချင်း နှစ်ဆယ့်ငါးယောက် ဖမ်းဆီးခြင်းခံခဲ့ရပါတယ်။ ကျနော့်ရဲ့ တူနှစ်ယောက်ကို စစ်တပ်နဲ့ နစက တွေဖမ်းဆီးသွားတာ ကျနော်ကိုယ်တိုင် တွေ့မြင်ခဲ့ပါတယ်။ သူတို့နှစ်ဦးက ကြိုးစားပြီး စပါးခင်းထဲက ရေတမံမှာ ပုန်းနေကြတဲ့အချိန်မှာ နစကတွေက  သူတို့ကိုတွေ့သွားပြီး ဓါးရှည်တွေနဲ့ သူတို့ကို လှမ်းထိုးပါတယ်။ သူတို့ကို အဲဒီလို ဓါးနဲ့ထိုးပြီးနောက် အချုပ်ခန်းထဲကို ဖမ်းသွားခဲ့ပါတယ်။[60]

ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖမ်းဆီးခံခဲ့ရတဲ့သူတွေကို ဘယ်နေရာမှာ ထိန်းသိမ်းထားတယ်ဆိုတာကို လူတွေမသိကြပါဘူး။ ဖမ်းဆီးခံရသူတွေကို လုံခြုံရေးတပ်တွေက ကားတွေပေါ် တင်သွားပြီးတဲ့နောက်ပိုင်း ဘာသတင်းမှ မကြားရတော့တဲ့အကြောင်း ဖမ်းဆီးခံရသူတွေရဲ့ ဆွေမျိုးသားရင်းတွေက လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကိုပြောပြပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နစက တပ်ရင်း အနှံ့အပြားရှိနေပြီး ယခင်အတွေ့အကြုံအရ နစကများဟာ ရိုဟင်ဂျာလူမျိုးများအပေါ် ဖိနှိပ်ညှဉ်းပန်းမှုများ ရှိခဲ့တာကြောင့် ယခုအဖမ်းဆီးခံရတဲ့ရိုဟင်ဂျာလူမျိုးများကို ဒီ နစက တပ်ရင်းများတွင် ထိန်းသိမ်းထားပါက အဖမ်းခံရသူတွေရဲ့ လုံခြုံရေးအတွက် စိုးရိမ်ဖွယ် ဖြစ်နေရပါတယ်။[61] ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ သူများကို ထိန်းသိမ်းထားသည့် နေရာများအား အတိအကျမသိရသေးပေမယ့် မောင်တောမှာနေထိုင်တဲ့ ဒေသခံတစ်ဦးပြောပြချက်အရ ဖမ်းဆီးခံရသူများကို သယ်ဆောင်လာတဲ့ကားများ မောင်တောကိုဖြတ်ပြီး ထောင်အကြီးကြီးရှိရာ ဘူးသီးတောင်ဘက်သို့ မောင်နှင်သွားကြောင်း အခုလို ပြောပြပါတယ်။

> သန္တာ၊ ကန်ပူ၊ ဝါစ ကလူတွေကို သူတို့ ဖမ်းပြီး မောင်တောမြို့နယ်ဘက်ကို ခေါ်သွားပါတယ်။ နစက ကားတွေနဲ့ မြို့ထဲမှာ တင်လာတာ ကျနော်တွေ့ခဲ့ပါတယ်။ မောင်တောကိုခေါ်လာ ပြီးတော့ ဘူးသီးတောင်ထောင်ကို ပို့တယ်။ တချို့ကိုတော့ ရဲစခန်းတွေမှာ ထားတယ်။[62]

ဗွန်လနှောင်းပိုင်းက တောင်ပိုင်းကမ်းခြေမြို့တစ်မြို့ဖြစ်တဲ့ မော်လမြိုင်မြို့မှာ  ထွက်ပြေးတိမ်းရှောင်လာတဲ့ ၈၂ ဦးသော ရိုဟင်ဂျာတွေကို လူဝင်မှုကြီးကြပ်ရေးဥပဒေ ချိုးဖောက်တယ်ဆိုပြီး ဖမ်းပြီးတစ်နှစ်စီ ထောင်ဒဏ်ချခဲ့ပါတယ်။ [63]

---

[60] Human Rights Watch interview D.D, Bangladesh, June 28, 2012.

[61] နစက၏ ရိုဟင်ဂျာလူမျိုးများအပေါ် နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သတ်ပြီးဆွေးနွေးချက်များကို သိလိုပါက Human Rights watch, Perilous Plight: Burma's Rohingya Take to the Seas, May 26, 2009; Huma Right watch, Malaysia/Burma: Living in Limbo:Burmese Rohingyas in Malaysia, August 2000; Human Rights Watch, Burma: Rohingya Muslims; Ending a Cycle of Exodus?, September 1996. အစီရင်ခံစာများတွင်ဖတ်ရှုနိုင်ပါတယ်။

[62] Human Rights Watch interview D.E., Maungdaw, Arakan State, June 25, 2012.

[63] Lawi Weng, "Rohingya Boatpeople Sentenced to Immigration Charges," The Irrawaddy, June 22, 2012, http://reliefweb.int/report/myanmar/rohingya-boatpeople-sentenced-immigration-charges (accessed July 26, 2012).

## လုံခြုံရေးတပ်များ မလိုအပ်ဘဲ အင်အားအလွန်အကျွံအသုံးပြုခြင်း

ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှုကို ဇွန်လ ၁၂ ရက်နေ့လောက်မှာ ဟန့်တားနိုင်ခဲ့ပေမယ့် လုံခြုံရေးတပ်များက မောင်တောမြို့နယ်နှင့်အနီးတဝိုက်ရှိ ကျေးရွာများမှာ လုံခြုံရေးစစ်ဆင်ရေးများ အကြီးအကျယ်လုပ်ရာမှာ ဥပဒေနှင့်ဆန့်ကျင်တဲ့ အကြမ်းဖက်အင်အားအသုံးပြုမှုတွေရှိခဲ့ကြောင်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေထိုင်တဲ့ ဒေသခံတွေက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြခဲ့ပါတယ်။ မောင်တောမြို့ခံများက လုံခြုံရေးတပ်များရဲ့ တိုက်ခိုက်ခြင်းကို ခံရမှာ စိုးရိမ်တဲ့အတွက် မြို့အတွင်း လွတ်လွတ်လပ်လပ် မသွားလာရဲတော့ဘဲ အပြင်ထွက်ပြီးဈေးတောင် မဝယ်ရဲတော့ကြောင်း ရှင်းပြခဲ့ပါတယ်။ မောင်တောမြို့ခံတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ် “ ကျနော်တို့က ကိုယ့်အိမ်ထဲမှာဘဲ ပုန်းနေခဲ့ကြရတယ်။ ကျနော်တို့အိမ်အပြင်ထွက်ရင် သူတို့က သေနတ်နဲ့ပစ်တယ်။ စစ်တပ်ရော လုံထိန်းတပ်တွေရော ရွာရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်မှာ ရှိတယ်။”[64]

ကမ္ဘာ့ကုလသမ္မဂမှ ပြဋ္ဌာန်းထားတဲ့ ဥပဒေကြိုးကြပ်ရေးအရာရှိများ လက်နက်ခဲယမ်းနှင့် အင်အားအသုံးပြုခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများအရ ဥပဒေကြိုးကြပ်ရေးအရာရှိများမှ မှုခင်းပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရာမှာ လက်နက်အင်အားကို အသုံးပြုပြီး ကိုင်တွယ်ဖြေရှင်းမှုမပြုလုပ်ခင် အကြမ်းမဖက် အနုနည်းဖြင့် တတ်နိုင်သမျှ ကြိုးစားဖြေရှင်းရမည် ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ လက်နက်အင်အားကို လုံးဝမဖြစ်မနေ အသုံးပြုရမည့် အနေအထားသို့ ရောက်ရှိလာပါက ဥပဒေကြိုးကြပ်ရေးအရာရှိများမှ အခင်းဖြစ်ပွားမှုရဲ့ စိုးရိမ်ရသည့်အခြေအနေအပေါ် မူတည်ပြီး တရားဝင် ရည်မှန်းချက် ရအောင်နဲ့ ထိခိုက်ပျက်ဆီးမှု အနည်းဆုံးဖြစ်အောင် လက်နက်အားအသုံးပြုခြင်းကို ချင့်ချိန်ရမှာ ဖြစ်ပါတယ်။ အသက်အန္တရာယ်ကို ခြိမ်းခြောက်ပြီး မသုံးမဖြစ်သုံးရန် လိုအပ်သော အခြေအနေတွင်သာ သေစေနိုင်သော လက်နက်အင်အားများကို အသုံးပြုနိုင်မည် ဖြစ်ပါတယ်။[65]

လုံခြုံရေးတပ်များက ရွာများတွင် ဝင်ရောက်ဖမ်းဆီးတိုက်ခိုက်ခြင်းပြုလုပ်သောအခါတွင် ပြည်သူလူထုများကို အကြမ်းဖက် ရိုက်နက်နှိပ်စက်ခြင်းတွေလည်း ပုံမှန် ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုရိုက်နှက်နှိပ်စက်မှုတွေကြောင့် အချို့သောပြည်သူများ သေဆုံးတဲ့အထိ ဖြစ်ခဲ့ရတာတွေလည်းရှိနေကြောင်း သတင်းများရရှိခဲ့ပါတယ်။ အသက် ၁၇ နှစ်အရွယ် ရိုဟင်ဂျာလူငယ်တစ်ယောက်မှ

> သူတို့ (လုံခြုံရေးတပ်များ)တွေက သက်ကြီးရွယ်အိုတွေကို တွေ့ခဲ့ပြီး ကလေးငယ်တွေကို ရိုက်နှက် ခဲ့ပါတယ်။ သူတို့ကို ကြိုးနဲ့ နောက်ပြန်တုပ်ပြီး စစ်ဖိနပ်တွေနဲ့လည်း

---

[64] Human Rights Watch interview D.E., Maungdaw, Arakan State, June 25, 2012.

[65] Basic Principles on the Use of Force and Firearms by Law Enforcement Officals, Eight United Nations Congress on the Prevention of Crime and the Treatment of Offenders, Havana, 27 August to 7 September 1990, U.N. Doc. A/CONF.144/28/Rev.1 at 112 (1990)

> ကန်ပါတယ်။ သူတို့ကို ကြိုးနဲ့တုပ်တဲ့အချိန်မှာလည်း သေနတ်ဒင်နဲ့ ထုထောင်းတာတွေလုပ်ပါတယ်။ ပင်ပန်းအားနည်းနေမှ သူတို့ကို ပြန်လွှတ်ပေးပါတယ်။[66]

တစ်ရွာတည်းမှာပဲ အသက်အရွယ် ၂၇ နှစ်ရှိပြီဖြစ်တဲ့ ရိုဟင်ဂျာရွာသားတစ်ဦးက ၄င်းရဲ့ အဒေါ် နှင့် အခြားအမျိုးသမီးနှစ်ဦးကို စစ်သားများနှင့် နစက တပ်သားများ မုဒိမ်းကျင့်ခဲ့တဲ့အကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ ကို အခုလိုပြောပြခဲ့ပါတယ်။

> သူ့မှာရှိတဲ့ ရွှေထည်လက်ဝတ်ရတနာတွေ၊ နားကပ်တွေ၊ နှာခေါင်းမှာတပ်ထားတဲ့နှာကွင်းတွေကို သူတို့ဆွဲယူဖို့လုပ်ပေမယ့် သူက ငြင်းဆန်ခဲ့တယ်။ အဲဒီတော့ သူတို့က သူ့ နားရွက်နဲ့ နှာခေါင်းကို ဓါးနဲ့ ဖြတ်ယူလိုက်တယ်။ သူက သူတို့ကိုတားဖို့ လုပ်တဲ့အချိန်မှာ သူမရဲ့ အင်္ကျီကို ဆွဲဖြဲပြီး သူမကို မုဒိမ်းကျင့်ခဲ့တယ်။ စစ်တပ်နဲ့ နစက တပ်သား ၁၂ ယောက် အိမ်နှစ်လုံးထဲကိုဝင်ပြီး အမျိုးသမီးတွေကို မုဒိမ်းကျင့်ခဲ့တယ်။[67]

## ဘာသာရေးဆိုင်ရာအခွင့်အရေးများ ချိုးဖောက်မှု

ဇွန်လအတွင်းဖြစ်ပွားခဲ့တဲ့ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုကာလနှင့် ယင်းကာလနောက်ပိုင်းမှာ ရိုဟင်ဂျာတွေဟာ ရခိုင်ဘုန်းကြီး ကျောင်းတွေကို တိုက်ခိုက်ခဲ့ပြီး ရခိုင်လူမျိုးတွေဟာလဲ ရိုဟင်ဂျာတွေရဲ့ မွတ်ဆလင်ဘာသာ ဗလီကျောင်းတွေကို တိုက်ခိုက်ခဲ့တယ်။ သေဆုံးသွားတဲ့မွတ်ဆလင်ဘာသာဝင်တွေကို အာဏာပိုင်တွေက မွတ်ဆလင်ဘာသာရေးအတိုင်း မြှုပ်နှံခွင့်မပြု၊ တချို့ကို မီးသင်္ဂြိုလ် လိုက်တယ်လို့ဆိုပါတယ်။

အိမ်ယာ ပိုင်ဆိုင်မှု တော်တော်များများ ဇွန်လအစောပိုင်းကာလတွေမှာ ဖျက်ဆီးခံရပြီးတဲ့နောက်  ဝတ်ပြုရာ အဆောက်အဦတစ်ခု တိုက်ခိုက်ခံခဲ့ရတဲ့ အနည်းဆုံး အမှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ ရိုဟင်ဂျာအမျိုးသားတစ်ဦးက ဇွန်လ ၂၉ ရက်နေ့မတိုင်ခင်အထိ ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှု ကာလအတွင်း တိုက်ခိုက်ခံရမှုမရှိခဲ့တဲ့ စစ်တွေမြို့ဗလီတခု ဇွန်လ ၂၉ ရက်နေ့မနက်ခင်းပိုင်းမှာ တိုက်ခိုက်ခံခဲ့ရတဲ့အကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ်။

> မြူနီစပယ်ဝန်ထမ်းတွေ [ဒေသခံအစိုးရဝန်ထမ်းတွေ] ကုန်သည်ကြီးများလမ်းနှင့် အောင်ထောဦးလမ်းထောင့်မှာရှိတဲ့ ရိုဟင်ဂျာ ဗလီတစ်ခုကို ဖျက်ဆီးနေတာတွေ့ခဲ့ရပါတယ်။ သူတို့ဖျက်ဆီးနေတာ ကျနော်တို့ရဲ့ဗလီကျောင်းပါ။ ဗလီကိုဖျက်ဆီးနေတဲ့လူတွေက အစိုးရလူတွေ၊ မီးသတ်အဖွဲ့ကလူတွေနဲ့ စစ်တွေက တခြားလူတွေပါပါတယ်။ သူတို့ အဲဒီဗလီ ဖျက်ဆီးနေဆဲပဲ။ [68]

---

[66] Human Rights Watch Interview D.H., Bangladesh, June 28, 2012.

[67] Human Rights Watch interview D.D., Bangladesh, June 28, 2012.

[68] Human Rights Watch interview C.F., Sittwe, Arakan State, June 2012.

အာဏာပိုင်တွေက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အသတ်ခံခဲ့ရတဲ့ ရိုဟင်ဂျာတွေရဲ့ ရုပ်အလောင်းကို အပိုင်စီးထားကြပြီး သေဆုံးသူတွေရဲ့အလောင်းကို သင့်တော်တဲ့ မြှုပ်နှံခွင့် မပြုကြောင်း နေရာများများကအချို့သော ရိုဟင်ဂျာလူမျိုးတွေက ပြောဆိုစွပ်ဆွဲထားတာတွေရှိပါတယ်။ [69] အခုလို သင့်တော်တဲ့ မြှုပ်နှံခွင့်မပြုခြင်းကြောင့် မွတ်ဆလင်အသိုင်းအဝိုင်းအတွက် အလွန်အမင်း စိတ်မချမ်းသာဖွယ်ဖြစ်ရကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့ ကိုပြောကြားခဲ့ပါတယ်။

စစ်တွေမြို့ နာဇီရပ်ကွက်မှာ ရိုဟင်ဂျာလူမျိုးတွေကို ရဲတပ်ဖွဲ့တွေက သေနတ်ဖြင့် ပစ်ခတ်ခဲ့တဲ့ အဖြစ်အပျက်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတဲ့ အသက် ၂၆ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက အပစ်သတ်ခံခဲ့ရတဲ့ ရိုဟင်ဂျာလူမျိုးတွေရဲ့ အလောင်းတွေကို သူကိုယ်တိုင် စစ်တပ်ကားတွေပေါ် ကူညီတင်ပေးခဲ့တဲ့အကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလို ပြောပြခဲ့ပါတယ်။ "အလောင်းတချို့ကိုတော့ သူတို့ (စစ်တပ်)က ကျနော်တို့ကို ပေးယူပေမယ့် ကျန်တဲ့အလောင်းတွေကိုတော့ ကျနော်တို့ယူလို့မရဘူး။ အာဏာပိုင်တွေက မူစလင်ဘာသာဝင်တွေရဲ့ အလောင်းတော်တော်များများကို ယူသွားကြပြီးတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့ သင်္ချိုင်းမှာ မီးရှို့သင်္ဂြိုလ်လိုက်တယ်။ ကျနော်နေထိုင်တဲ့နေရာက အဲဒီသင်္ချိုင်းနဲ့ တစ်မိုင်အောက်ပဲဝေးတယ်။ သူတို့ [မီးသင်္ဂြိုဟ်ချိုင်းစက်မှာ] မီးရှို့နေတာ တွေ့ရတယ်။"[70]

ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေထိုင်တဲ့ရိုဟင်ဂျာလူမျိုးတွေကလည်း အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရတဲ့ မွတ်ဆလင်ဘာသာဝင်တွေကို သင့်တော်စွာ မြှုပ်နှံခွင့် မရခဲ့တဲ့အကြောင်း အစီရင်ခံ တင်ပြထားတာတွေရှိပါတယ်။ မောင်တောမြို့မှာ နေထိုင်တဲ့ မြို့ခံတဦးက အခုလိုပြောပြပါတယ် . .

> အကြမ်းဖက်ဆူပူအုံကြွမှုဖြစ်ပွားခဲ့တဲ့ ဇွန်လ ၈ ရက်နေ့က တံတားနားမှာ လူသေအလောင်းတွေကို ပုံထားတယ်။ သေဆုံးသွားတဲ့လူတွေကို ဘာသာရေးအတိုင်း မြှုပ်နှံဖို့ အလောင်းတွေကို ယူလို့မရဘူး။ အခုချိန်ထိ အဲဒီတံတားနားသွားကြည့်ရင် တံတားအောက်မှာ လူသေအလောင်းတွေရှိနေသေးတယ်။[71]

## ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ချိုးဖောက်ခံရခြင်း၊ အတင်းအဓမ္မ ပြောင်းရွှေ့ခံရခြင်း နှင့် ပြောင်းရွှေ့ခံရသူများရဲ့ဌာနေအပြန်

စစ်တွေမြို့တွင် ထွက်ပြေးပြောင်းရွှေ့နေထိုင်နေရတဲ့လူတွေရဲ့အခြေအနေဟာ ရခိုင်ပြည်နယ် အခြား ဒေသတွေမှာ ဖြစ်ပွားခဲ့တဲ့အခြေအနေထက် ပိုမိုဆိုးဝါးသောကြောင့် အချိန်ပိုယူပြီး ဖြေရှင်းရမည် ဖြစ်ကြောင်း အစိုးရမှ ဝန်ခံ ပြောဆိုထားပါတယ်။[72] စုစုပေါင်းလူဦးရေ ၂၈၈၀၀၀ ရှိတဲ့ စစ်တွေမြို့တွင်

---

[69] အထက်ဖော်ပြပါ ကိုးကားချက်

[70] Human Rights Watch Interview Z.E., Sittwe, Arakan State, June 2012.

[71] Human Rights Watch interview D.C., Sittwe, Arakan State, June 2012.

[72] UN Office for the Coordination of Humanitarian Affairs, Myanmar: Displacement in Rakhine State, Situation Report No.4, July 5, 2012, p.2.

လူဦးရေ အချိုးအစား အညီအမျှလောက်ရှိတဲ့ နေထိုင်သူများထဲမှ လူဦးရေတစ်ဝက်ခန့်ဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး ကျန်တစ်ဝကခန့်ကတော့ မွတ်ဆလင်ဘာသာဝင်တွေ ဖြစ်ကြပါတယ်။ ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုး၊ မွတ်ဆလင်ဘာသာဝင် ရိုဟင်ဂျာလူမျိုး နှင့် ရိုဟင်ဂျာမဟုတ်တဲ့ မွတ်ဆလင်ဘာသာဝင် တွေဖြစ်ပြီး လူအနည်းစုမှာ ခရစ်ယာန်ဘာသာဝင်ချင်းလူမျိုး၊ ဟိန္ဒူဘာသာဝင်များ နှင့် ဘင်္ဂလားဒေ့ချ်နိုင်ငံမှဝင်ရောက်လာတဲ့ ပြောင်းရွှေ့နေထိုင်သူတွေဖြစ်ကြပါတယ်။ စစ်တွေမှာ အိုးအိမ်မဲ့ လူထုတွေရဲ့ ပြဿနာကို ဖြေရှင်းဖို့အတွက် အစိုးရက ပြည့်စုံပြီး အလယ်အလတ်တန်းစားရှိတဲ့ မြို့နယ်စီမံကိန်းကို လေ့လာကြည့်ရှုနေကြောင်း  ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်းစာနာမှုရေးရာ ညှိနှိုင်းမှုရုံး (OCHA) မှ အစီရင်ခံတင်ပြထားပါတယ်။[73]

## *ပိုင်ဆိုင်မှုပစ္စည်းဥစ္စာ နှင့် အဆောက်အဦးများ ပျက်ဆီးခြင်း*

ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှုကြောင့် ရခိုင်လူထုအသိုင်းအဝိုင်းရော ရိုဟင်ဂျာအသိုင်းအဝိုင်းပါ အိမ်ယာအဆောက်အဦးနှင့် ပစ္စည်းဥစ္စာတော်တော်များများ ဆုံးရှုံးခဲ့ရပါတယ်။ ဒီပျက်ဆီးဆုံးရှုံးမှုကြောင့် ဖြစ်လာမယ့် စီးပွားရေးဂယက်ကို  မြန်မာနိုင်ငံမှာ ဒုတိယအဆင်းရဲဆုံး လူဦးရေက ပြင်းပြင်းထန်ထန် ခံစားရမှာဖြစ်ပါတယ်။[74] အိမ်ရာမဲ့ထွက်ပြေးတိမ်းရှောင်နေရတဲ့ ရခိုင်လူမျိုးအချို့က မိမိတို့ပိုင်ဆိုင်တဲ့ အိုးအိမ်ပစ္စည်းတွေ  မွတ်ဆလင်လူအုပ်ကြီးတွေရဲ့  မီးရှို့ဖျက်ဆီးလိုက်တဲ့ထဲ ပါသွားကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောပြပါတယ်။ စစ်တွေမြို့ နာဇီရက်ကွက်မှ ထွက်ပြေးလာတဲ့ အသက် ၅၆ နှစ်အရွယ် ရခိုင်အမျိုးသားတစ်ဦးက  "ကျနော်တို့ပြန်သွားလို့မရပါဘူး။ အားလုံးဖျက်ဆီးခံလိုက်ရပြီ။ ကျနော်တို့ အားလုံးဆုံးရှုံးသွားပြီ။ ပိုင်ဆိုင်သမျှပစ္စည်းတွေ၊ အဝတ်တွေတောင်မကျန်ဘူး။ ဘာတွေ ဆက်ဖြစ်ဦးမှာလဲဆိုတာကို ကျနော်တို့မသိဘူး။ ကျနော်တို့အရမ်းဆင်းရဲတယ်။"[75]

ဇွန်လ ၁၀ ရက်နေ့မှာ လက်နက်ကိုင်ရိုဟင်ဂျာလူအုပ်ကြီးစုတွေရဲ့ တိုက်ခိုက်ခြင်းခံလိုက်ရတဲ့ စစ်တွေမြို့ပြင်ဘက်ရှိရွာတစ်ရွာမှာ နေထိုင်ခဲ့တဲ့ အသက် ၄၉ နှစ်အရွယ် ရခိုင်အမျိုးသမီးတစ်ဦးက "ကျမအိမ်နဲ့ ပစ္စည်းတွေအားလုံး ကုန်ပြီ။ တကယ်လို့သာ ကျမ အဲဒီအိမ်မှာပဲဆက်နေမယ်ဆိုရင်လည်း ကျမအသတ်ခံရပြီ။ သူတို့တွေက တုတ်တွေ လက်နက်တွေကိုင်ထားတာ… ကျမအိမ်ကိုဆုံးရှုံးလိုက်ရပြီ။ ကိုယ်တိုင်လည်းပြန်မဆောက်နိုင်ဘူး။"[76]

---

73 အထက်ဖော်ပြပါ ကိုးကားချက်

74 ၂၀၁၁ ခုနှစ် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ရဲ့ လေ့လာချက်အရ ရခိုင်ပြည်နယ်အတွင်းမှာ နေထိုင်နေတဲ့ပြည်သူလူထုတွေထဲက ၄၃.၅ ရာခိုင်နှုန်းသော ပြည်သူလူထုတွေဟာ သတ်မှတ်ထားတဲ့ ဆင်းရဲမွဲတေမှုအဆင့်အောက်ရောက် ရှိနေကြပြီး ချင်းပြည်နယ်မှာနေထိုင်တဲ့လူထုပြီးလျှင် မြန်မာနိုင်ငံမှာ ဒုတိယအဆင်းရဲဆုံး လူထုဖြစ်ပါတယ်။ UNDP, "Integrated Household Living Conditions Survey in Myanmar (2009-2010): Poverty Dynamics Report, June 2011; UN General Assembly, "Report of the Special Rapporteur on the Situation of Human Rights in Myanmar," A/66/365 (September 16, 2011), p.17.

75 Human Rights Watch interview C.c., Sittwe, Arakan State, June 2012.

76 Human Rights Watch interview A.I., Sittwe, Arakan State, June 2012.

ဇွန်လ ၁၁ ရက်နေ့က အိမ်အထဲထိ ရခိုင်လူအုပ်စု၏ အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်မှုမှ အသက်ရှင်လွတ်မြောက်လာတဲ့ အသက် ၃၈ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသမီးတစ်ဦးက လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြပါတယ်။ "အချို့လူတွေက ကျမတို့ကို ရိုက်နှက်၊ ပါးရိုက်၊ ထိုးကြိတ်ပြီး ကန်ကြောက်နေတဲ့အချိန်မှာ ကျန်တဲ့လူတွေက ကျမတို့ပိုင်တဲ့ပစ္စည်းတွေအားလုံးကို ခိုးနေကြတယ်။ ကျမတို့ပိုင်ဆိုင်သမျှအားလုံးကိုယူသွားပြီး ကျမတို့ကို ရိုက်နှက်ခဲ့ကြတယ်။"[77] အဲဒီနောက် သူမဟာ တိုက်ခိုက်မှုမခံလိုက်ရတဲ့ မွတ်ဆလင်ရပ်ကွက်တစ်ခုဖြစ်တဲ့ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်မှာ ခိုလှုံခဲ့ပြီး စစ်တွေမြို့အပြင်ဘက်မှာ လာရောက်ပြောင်းရွှေ့ ခိုလှုံခဲ့ပါတယ်။ ဆုံးရှုံးသွားတဲ့ပစ္စည်းတွေကို ပြန်မရတော့တဲ့အပြင် သူမရဲ့ အိမ်တောင် ကျန်နေသေးရဲ့လားဆိုတာကို မသိရပါဘူး။[78]

နာဇီရပ်ကွက်တွင် ဖြစ်ပွားခဲ့တဲ့ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် မီးရှို့မှုတွေကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရလို့ ထွက်ပြေးတိမ်းရှောင်လာတဲ့ အသက် ၂၈ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက သူတို့မိသားစု ပိုင်ဆိုင်သမျှ ပစ္စည်းတွေအားလုံး ဆုံးရှုံးခဲ့ရကြောင်းနှင့် အိမ်ကိုလည်း မီးရှို့ခံလိုက်ရတဲ့အကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ်။ "အာဏာပိုင်တွေကို ကျနော်တို့ ပိုင်တဲ့ပစ္စည်းတွေအားလုံး ပြန်ပေးဖို့ နဲ့ ပြီးတော့ ကျနော်တို့ပိုင်တဲ့ အိမ်ရာတွေဆီကို ပြန်သွားခွင့်ပြုဖို့ ကျေးဇူးပြုပြီးပြောပေးပါ။ ကျနော်တို့ ဒါပဲတောင်းဆိုချင်တာပါ။"[79]

ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ လုံခြုံရေးတပ်များက အကြမ်းဖက်ဝင်ရောက်စီးနင်းတိုက်ခိုက်ချိန်မှာ လူအစုလိုက်အပြုံလိုက်ဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့သလို ပစ္စည်းဥစ္စာများကိုလည်း အတင်းအဓမ္မလုယူခြင်း၊ ခိုးယူခြင်းတွေကိုလည်း ပြုလုပ်ခဲ့တယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ သတင်းရရှိထားပါတယ်။ အသက်၁၇နှစ်အရွယ် ရိုဟင်ဂျာလူငယ်တစ်ဦးရဲ့ပြောပြချက်အရ...

> သူတို့တွေက တစ်အိမ်တက်တစ်အိမ်ဆင်းပြီးလူလိုက်ရှာတော့ သက်ကြီးရွယ်အိုတွေကိုပဲ တွေ့ခဲ့ပြီး ကလေးငယ်တွေကို ရိုက်နှက်မှုတွေပြုလုပ်ခဲ့ပါတယ်...။
> တစ်အိမ်တက်တစ်အိမ်ဆင်းပြီး ရွှေနှာကွင်းအပါအဝင် အခြား တန်ဖိုးရှိတဲ့အရာတွေကို လိုက်မွှေရှာပြီး ဆန်တွေ၊ အစားသောက်တွေကို
> ကားပေါ်တင်ပြီးယူသွားတာတွေလုပ်တယ်။
> ဈေးဆိုင်သေးသေးလေးတွေမှာဝင်ပြီးတော့လည်း ပိုက်ဆံတွေ၊ ပစ္စည်းတွေ ဘာမဆို ယူသွားတာဘဲ။[80]

ဇွန်လကုန်ပိုင်းလောက်မှာ ရိုဟင်ဂျာစီးပွားရေးသမားတွေ သူတို့ရဲ့ပျက်စီးသွားတဲ့ ဈေးဆိုင်တွေ ပြန်ပြီး သူတို့ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ပြန်ယူဖို့အတွက် စစ်တပ်က လမ်းတစ်လျှောက် လိုက်ပါစောင့်ရှောက်ပေးခဲ့တာကို လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က မျက်မြင်တွေ့ခဲ့ရပါတယ်။

---

77 Human Rights Watch interview Z.H., Sittwe Arakan State, June 2012.

78 အထက်ဖော်ပြပါ ကိုးကားချက်

79 Human Rights Watch interview Z.F., Sittwe, Arakan State, June 2012.

80 Human Rights Watch interview D.H., Bangladesh, June 28, 2012.

ဒါပေမယ့် ဒီလိုဆောင်ရွက်ပေးတာဟာ အခကြေးငွေ ရလို့လုပ်တာလား၊ ပုံမှန်တာဝန်အရ ဆောင်ရွက်ပေးနေတာလားဆိုတာကိုတော့ အတိအကျဆုံးဖြတ်လို့မရခဲ့ပါ။ အိုးအိမ်ဆုံးရှုံးသွားတဲ့ ရိုဟင်ဂျာလူမျိုးတွေ စစ်တွေမြို့ကို အန္တရာယ်ကင်းစွာ ပြန်ပြီး သူတို့ရဲ့ အိမ်တွေ၊ ပစ္စည်းတွေကို ရယူနိုင်ဖို့အတွက် စနစ်တကျစီစဉ်ထားပေးတဲ့ အကူအညီတွေ မရှိပါ။

## *အတင်းအဓမ္မ ပြောင်းရွှေ့စေခြင်း*

ယခင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သွားရောက်လည်ပတ်ခဲ့စဉ်က တိုင်းရင်းသားပေါင်းစုံနှင့် ပျာယာခတ်နေတဲ့ စစ်တွေမြို့ကြီးထဲမှာ အခု မွတ်ဆလင်ဘာသာဝင်တွေကို လမ်းပေါ်တွေမှာ မတွေ့ရတော့ပါဘူး။ ဒါက တစ်စိတ်တစ်ဒေသအားဖြင့် လုံခြုံရေးကြောင့်ဖြစ်ပါတယ်။ မွတ်ဆလင် ဘာသာဝင်တွေဟာ စစ်တွေမြို့တွင်းမှာ လုံခြုံမှု မခံစားရလို့ အိမ်တွင်းမှာပဲ ပုံအောင်းနေကြရတဲ့ လူတွေရှိနေသလို စစ်တွေက သာမန်အားဖြင့် ကြီးမားတဲ့ရပ်ကွက်တွေက မွတ်ဆလင်ဘာသာဝင်တွေရဲ့အိမ်တွေဟာ မီးရှို့ဖျက်ဆီးခံလိုက်ရတဲ့အတွက် အခြားနေရာတွေမှာ ထွက်ပြေး ပုန်းရှောင် နေကြရလို့လည်း ဖြစ်ပါတယ်။ အချို့မွတ်ဆလင်ဘာသာဝင်တွေကို အစိုးရကနေပြီး မြို့ပြင်ဘက်နေရာတွေမှာ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းတာမျိုးလည်း ရှိပါတယ်။

အတင်းအဓမ္မရွှေ့ပြောင်းခိုင်းခြင်းဟာ မွတ်ဆလင်ဘာသာဝင်များကို ရခိုင်လူအုပ်စုမှ ဝိုင်းဝန်းတိုက်ခိုက်မှုမှ ကာကွယ်ပေးရန် သို့မဟုတ် ရခိုင်လူမျိုးများကို မွတ်ဆလင်ဘာသာဝင်များဝိုင်းဝန်းတိုက်ခိုက်သည့်ရန်ကို ကာကွယ်ပေးရန်ဖြစ်ကြောင်းယူဆနိုင်သော်လည်း အမှန်တကယ် အတင်းအဓမ္မ ပြောင်းရွှေ့မှုပြုလုပ်ရာတွင် ရိုဟင်ဂျာလူထုများကိုသာ ဦးတည်ပြီး ပြောင်းရွှေ့စေသဖြင့် မွတ်ဆလင်ဘာသာဝင်များအပေါ် ခွဲခြားဆက်ဆံသည့်သဘော သက်ရောက်နေပါတယ်။

ယခုလက်ရှိရခိုင်ပြည်နယ်တွင်ဖြစ်ပျက်နေတဲ့အခြေနေဟာ  အများလက်ခံထားတဲ့ နိုင်ငံတကာ စည်းမျဉ်းဥပဒေပေါ် အခြေခံပြီးရေးဆွဲထားတဲ့[81] ကမ္ဘာ့ကုလသမဂ္ဂရဲ့ လူထုများကို ရွှေ့ပြောင်းဖယ်ရှားခြင်း လမ်းညွှန်စည်းမျဉ်းနှင့် သက်ဆိုင်မှုရှိနေပါတယ်။[82] ထို လမ်းညွှန်စည်းမျဉ်းဟာ လူထုတွေကို ပြောင်းရွှေ့တဲ့ အချိန်မှာ ထားရှိရမည့် အကန့်အသတ်များကို သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတကာဥပဒေအရ နိုင်ငံတော်အစိုးရ အာဏာပိုင်များအားလုံးဟာ “လူထုများကို ရွှေ့ပြောင်းစေခိုင်းမှုများ ဖြစ်စေနိုင်သည့် အခြေနေများကို တားမြစ် ရှောင်ရှားရမည်[83]”ဆိုတဲ့ တာဝန်ရှိပါတယ်။ လူထုတွေကို ရွှေ့ပြောင်းရန်စေခိုင်းဖို့ ဆုံးဖြတ်ချက်မချခင် အာဏာပိုင်များမှ အခြားဖြစ်နိုင်ချေရှိသော နည်းလမ်းများအားလုံးကို ရှာဖွေရမည်ဖြစ်ပြီး ပြည်သူလူထုကို ရွှေ့ပြောင်းခိုင်းခြင်းမှအပ အခြားရွေးချယ်ရန် နည်းလမ်းမရှိတော့ပါက ရွှေ့ပြောင်းမှုကို နည်းနိုင်သမျှ အနည်းဆုံးဖြစ်အောင်နှင့် ထိုသို့ရွှေ့ပြောင်းလိုက်ရခြင်းကြောင့်

---

[81] Guiding Principles on International Displacement (“Guiding Principles”), U.N. Doc. E/CN.4/1998/53/Add.2(1998), noted in Comm. Hum. Rts.res.1998/50.

[82] The introductory note to the General Principles stated: “The Principle reflect and are consistent with international human rights law and international humanitarian law.” Ibid. Para.9.

[83] အထက်ဖော်ပြပါ ကိုးကားချက်။ စည်းမျဉ်း ၅

သက်ရောက်လာမည့် ဆိုးကျိုးများ နည်းနိုင်သမျှ အနည်းဆုံးဖြစ်အောင် နည်းအားလုံးနဲ့ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။[84] တိုင်းရင်းသားလူမျိုးအရ သို့မဟုတ် ဘာသာရေးအရ တစ်စုတစ်ဖွဲ့တည်ရှိနေမှုကို ဖျက်စီးပြောင်းလဲလိုသည့် ရည်ရွယ်ချက်ဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၎င်းတို့၏ နေအိမ်မှ စွန့်ခွာရန် အကြောင့်မဲ့ပြောင်းရွှေ့စေခြင်း မပြုလုပ်ရပါ။[85] သမ္မတဦးသိန်းစိန်၏ ဇွန်လ ၁၂ ရက်နေ့တွင် ပြောကြားခဲ့တဲ့ "တခုတည်းသောနည်းလမ်း"က ရိုဟင်ဂျာတွေကို တခြားနိုင်ငံသို့ပို့ဆောင်ရန် သို့မဟုတ် UNHCR က ဖွင့်လှစ်ကြီးကြပ်တဲ့ စခန်းတွေဆီကို ပို့ဆောင်ရမည် လို့ပြောဆိုချက်ကြောင့် ဒါဟာအမှန်တကယ် စိုးရိမ်စရာဖြစ်နေပါတယ်။[86] လမ်းညွှန်စည်းမျဉ်းပါ ဖော်ပြချက်အရ ရွှေ့ပြောင်းဖို့ စေခိုင်းတဲ့အချိန်မှာ ရွှေ့ပြောင်းခံရတဲ့ ပြည်သူလူထုတွေရဲ့ အသက်ရှင်ခွင့်၊ ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့် နှင့် လုံခြုံရေးတွေအပေါ် ချိုးဖောက်မှု ဖြစ်စေနိုင်တဲ့နည်းလမ်းတွေကို မသုံးရပါဘူး။[87] ပြောင်းရွှေ့စေခြင်းက "အခြေအနေရ လိုအပ်တာထပ် ပိုပြီး မကြာ" ရပါဘူး။[88]

အသက် ၄၂ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက ဇွန်လ ၂၃ ရက်နေ့မှာ စစ်တွေမြို့ အောင်မင်္ဂလာ ရပ်ကွက်မှ ရာနှင့်ချီတဲ့ ရိုဟင်ဂျာလူမျိုးတွေကို အာဏာပိုင်တွေက စစ်တွေမြို့အပြင်ဘက် သခက်ပြေ အနီး လယ်ကွင်းထဲမှာ အတင်းအဓမ္မ ပြောင်းရွှေ့စေခဲ့တဲ့အကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို ပြောပြခဲ့ပါတယ်။ "ကျနော်ကိုယ်တိုင် မျက်စိနဲ့မြင်ခဲ့တာပါ။ ပထမတော့ စစ်ကားခြောက်စီးနဲ့ရောက်လာတယ်။ နောက်တော့ နှစ်စီးထပ်ရောက်လာတယ်။ ပြီးတော့ တစ်စီးထပ်လာတယ်။ အသက်အရွယ်ကြီးတဲ့လူတွေရော၊ အရွယ်ရနေတဲ့လူတွေရော၊ ကလေးတွေရော အကုန်လုံး အတူတူကားပေါ်ကိုတင်တယ်။ ကားအစီးတိုင်း လူအပြည့်ပဲ။ ပြီးတော့ အယောက်တိုင်းကို သခက်ပြေ ကိုခေါ်သွားတာပဲ။"[89] ဒီကိစ္စမှာ ယခုလိုရွှေ့ပြောင်းခံလိုက်ရတဲ့ လူထုကို "ဧည့်သည်များ" ဟု အာဏာပိုင်တွေက ခွဲခြားသတ်မှတ်ပေးထားတဲ့အတွက် ဆွေစဉ်မျိုးဆက် စစ်တွေမြို့မှာ နေထိုင်လာခဲ့ပြီး လက်ရှိနိုင်ငံသားဥပဒေကြောင့် နိုင်ငံသားဖြစ်ခွင့် မရရှိခဲ့တဲ့ ရိုဟင်ဂျာ အသိုင်းအဝိုင်းက အတော်လေး အထိတ်တလန့်ဖြစ်ခဲ့ရပါတယ်။

အသက် ၃၈ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသမီးတစ်ဦးက ရွှေ့ပြောင်းခံရတဲ့ ရိုဟင်ဂျာလူအုပ်ကြီးတွေကို စစ်တပ်မှ လူသူကင်းပြီးခြောက်ကပ်နေတဲ့နေရာမှာ လိုအပ်တဲ့ထောက်ပံ့မှုတွေ အလုံအလောက်မပေးဘဲ ချထားခဲ့တာကို မြင်တွေ့ခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ်။

> အခု မိုးရွာတော့ သူတို့ ဘဝက ပိုဆိုးတာပေါ့။ လူပေါင်း ၆၀၀ –၇၀၀ လောက် ဒီနေရာ (သခက်ပြေ) မှာ လာထားခဲ့တယ်။ အတိအကျတော့မသိဘူး။ စစ်ကားဆယ်စီးကျော်

---

84 အထက်ဖော်ပြပါ ကိုးကားချက်။ စည်းမျဉ်း၇

85 အထက်ဖော်ပြပါ ကိုးကားချက်။ စည်းမျဉ်း၆

86 "Myanmar moots camps, deportation as Rohingya solution,"Agency France Press, July 12,2012,http://www.rnw.nl/English/bulletin/Myanmar-moots-camps-deportation-rohingya-solution-0 (accessed july 13, 2012).

87 Guiding principles, principle 8.

88 အထက်ဖော်ပြပါကိုးကားချက်။ စည်းမျဉ်း ၆ (၃) .

89 Human Rights Watch interview Z.I., Sittwe, Arakan State, June 2012.

နဲ့ပေါ့။ စစ်တပ်ပြောတော့ ဒီလူတွေအတွက် နေရာထိုင်ခင်းတွေရှိတယ်။ စစ်ကားတွေက မနက် ၁၀ နာရီလောက်မှာ ရောက်လာတယ်။ "မင်းတို့တွေကိုယ့်ဟာနဲ့ကိုယ်ပဲ… အာလာကိုအကူအညီတောင်း" လို့ သူတို့ကပြောတယ်။ ပြောင်းရွှေ့ခံရတဲ့လူတွေကို လာပစ်ထားတုန်းက သူတို့အဲလိုပြောတာ။[90]

## နေရပ်အပြန် အခက်အခဲများ

ပြောင်းရွှေ့ခံနေရတဲ့ ရခိုင်လူမျိုးတွေနှင့် ရိုဟင်ဂျာလူမျိုးတွေအကြားမှာ မလိုမုန်းတီးမှုစိတ်တွေ ရှိနေခြင်းဟာ ၄င်းတို့ နေရပ်ပြန်ရေးနှင့် ဘဝပြန်လည် တည်ဆောက်ရေး လုပ်ငန်းစဉ်အတွက်ကို ပိုမိုရှုပ်ထွေးစေပါတယ်။

လက်ရှိပြောင်းရွှေ့ခံထားရတဲ့လူတွေအများစု ယာယီနေထိုင်နေတဲ့ စစ်တွေ နှင့် အနီးတစ်ဝိုက် ပတ်ဝန်းကျင်တွေမှာ နေထိုင်တဲ့ ရိုဟင်ဂျာလူမျိုးတွေဟာ ၄င်းတို့ပိုင်ဆိုင်ခဲ့တဲ့နေရာတွေကို ပြန်လည်ရယူလိုပြီး နေအိမ်တွေ ပြန်လည် တည်ဆောက်လိုပေမယ့် ၄င်းတို့ နေအိမ်သို့ ပြန်လည်နေထိုင်ခွင့်နှင့် ပတ်သက်ပြီး အစိုးရက ဘယ်လို ဆုံးဖြတ်ချက်ချမှာလဲဆိုတာ သူတို့အတွက် မေးစရာမေးခွန်းတွေဖြစ်နေပါတယ်။ စစ်တွေက ရိုဟင်ဂျာလူမျိုးအချို့က သူတို့မှာ မျှော်လင့်ချက်တွေကင်းမဲ့နေပြီး လုပ်ပိုင်ခွင့်အာဏာဘာမှမရှိတဲ့အပေါ် သူတို့ရဲ့ခံစားချက်အချို့ကို ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။[91]

ရွှေ့ပြောင်းခံနေရတဲ့ ရခိုင်လူမျိုးတွေမှာတော့ နေရပ်ပြန်ရေးနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းရှိနေပါတယ်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အင်းတာဗျူးလုပ်ခဲ့တဲ့ ရခိုင်လူမျိုး ၂၂ ယောက်ထဲမှ အချို့က ရိုဟင်ဂျာလူမျိုးတွေနဲ့ သီးသန့်ခွဲပြီး ပေးနေဖို့ တောင်းဆိုမှုတွေပြုခဲ့ပါတယ်။ ရိုဟင်ဂျာလူမျိုးတွေကို စစ်တွေမြို့အပြင်ဘက်သို့ ပြောင်းရွှေ့နေထိုင်စေဖို့ စိတ်ကူးရှိနေပုံပေါ်နေပါတယ်။ ရခိုင်ပြည်နယ်မှာ စစ်တပ်တွေတိုးချဲ့ထားဖို့လိုအပ်ကြောင်း[92] နှင့် ရိုဟင်ဂျာလူမျိုးတွေရဲ့ သွားလာခွင့် နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့ကို ကန့်သတ်ချုပ်ချယ်ထားသင့်ကြောင်း ရခိုင်လူမျိုးတွေက လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို ပြောပြခဲ့ပါတယ်။

အချို့က ရိုဟင်ဂျာလူမျိုးတွေကို နိုင်ငံသားဖြစ်ခွင့် ပိတ်ပင်စေလိုခြင်းနှင့် သီးသန့်ခွဲပြီးနေထိုင်လိုခြင်းဟာ စီးပွားရေးနှင့် နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားမှုတွေအပေါ်အခြေခံပါတယ်။ ရခိုင်လူမျိုးတွေအတွက် အနည်းအကျဉ်းမျှသာရှိတဲ့ စီးပွားရေးအခွင့်အလမ်းတွေကို ကာကွယ်ထားရှိရေးလည်း ထည့်သွင်း စဉ်းစားခြင်းကြောင့် ဖြစ်ပါတယ်။ အခြားသောရခိုင်လူမျိုးတွေက မကြာသေးခင်က ဖြစ်ပျက်ခဲ့တဲ့ အကြမ်းဖက်မှုတွေကြောင့် စိုးရိမ်စိတ်တွေဖြစ်လာပြီး အခုလို သီးသန့်ခွဲပြီးနေထိုင်လိုတာ ဖြစ်ပါတယ်။

---

90 Human Rights Watch interview Z.H., Sittwe, Arakan State, June 2012.

91 See, for example, Human Rights Watch interviews Z.F., C.E., C.F., Sittwe, Arakan State, June 2012.

92 See, for example, Human Rights Watch interview C.D., Sittwe, Arakan State, June 2012

မွတ်ဆလင်တွေကို ယခင် ၄င်းတို့နေထိုင်ခဲ့တဲ့ ပတ်ဝန်းကျင်မှာ ပြန်လည်နေရာချထားရေးကို စစ်တွေမြို့အနီးရှိ ရခိုင်လူမျိုးတွေက ဆန့်ကျင်နေကြတာကို အများအပြား တွေ့ရပါတယ်။ အသက် ၄၉ နှစ်အရွယ် ရွှေ့ပြောင်းနေထိုင်နေရတဲ့ ရခိုင်အမျိုးသမီးတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြပါတယ်။

> [ရိုဟင်ဂျာတွေ] ရှိနေမယ်ဆိုရင် ကျမတို့မပြန်ဘူး။ [ရိုဟင်ဂျာတွေ] ကို ကျမတို့အသိုင်းအဝိုင်းကနေပြီး ပြောင်းရွှေ့ခိုင်းဖို့ အစိုးရကိုပြောချင်တယ်။ သူတို့ကိုမပြောင်းရွှေ့ပေးရင် နောက်ပိုင်း သူတို့ကျမတို့ကို လာပြီးတိုက်ခိုက်မှုတွေလုပ်အုံးမှာ။ ကျမတို့အသိုင်းအဝိုင်းမှာ [ရိုဟင်ဂျာတွေ] မရှိသင့်ဘူး။ ရိုဟင်ဂျာတွေကို မွတ်ဆလင်နိုင်ငံတွေမှာ သွားပို့ထားသင့်တယ်.... ကျမတို့အများစုမှာအိမ်လည်းမရှိတဲ့အတွက် ရိုဟင်ဂျာတွေရှိတဲ့ရွာတွေမှာနေမှာထက် အခုလိုစခန်းထဲမှာနေကြမယ်လို့ ကျမတို့ပြောထားတယ်။[93]

ရခိုင်လူမှုအသိုင်းအဝိုင်းထဲမှာရော နိုင်ငံရေးအဆင့်တွေမှာပါ အခုလိုခံစားချက်မျိုးရှိနေတယ်။ စစ်တွေမြို့နေ ရခိုင်နိုင်ငံရေးပါတီတစ်ခုရဲ့ အထင်ကရခေါင်းဆောင်တစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြပါတယ်။

> ကျနော်ထင်တယ် သူတို့ (ရိုဟင်ဂျာလူမျိုးများ)တွေမှာ သူတို့ပိုင်တဲ့နေရာကို ပြန်ပြီး နေထိုင်ခွင့် လုံးဝမရှိဘူး။ ဒီကိစ္စက ပြည်နယ်အစိုးရကိစ္စမဟုတ်ဘူး။ ဒါဟာ နေပြည်တော်မှာရှိတဲ့ ပြည်ထောင်စု အစိုးရရဲ့ ကိစ္စတာဝန်ဖြစ်တယ်။ ပြီးတော့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဒီကိစ္စမှာ တရားမျှတတဲ့ ဖြေရှင်းနည်းတွေကို စဉ်းစားဖို့လိုအပ်တယ်။ [စစ်တွေ] မြို့ထဲမှာ အတူတကွ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်သွားဖို့ဆိုတာ လုံးဝလက်တွေ့မဆန်ဘူး။ လူတွေရဲ့စိတ်နှလုံးထဲမှာ ကြောက်ရွံ့မှုတွေ၊ မုန်းတီးမှုတွေစတဲ့ ဒဏ်ချက်တွေရှိနေတာကြောင့် လွယ်မှာမဟုတ်ဘူး။ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ဖို့ကလဲ အချိန်တော်တော်ယူရမယ်။ ပြည်နယ်အစိုးရကနေပြီး သူတို့ကို အခြားနေရာ တခုခုမှာ ပြန်လည်နေရချထားဖို့ စီစဉ်ပေးလိမ့်မယ်လို့ ကျနော်ထင်တယ်။[94]

ဆုံးရှုံးထိခိုက်မှုတွေကို ခံစားခဲ့ရတဲ့ ရခိုင်ပြည်နယ်က အသိုင်းအဝိုင်းတွေက လူတွေရဲ့ ရပိုင်ခွင့်တွေကို ကာကွယ်စောင့်ရှောက်ဖို့ မြန်မာအစိုးရမှာ တာဝန်ဝတ္တရား အပြည့်ရှိနေပါတယ်။ ရွှေ့ပြောင်းနေထိုင်နေရတဲ့ပြည်သူလူထုတွေ ပြည်လည် နေရာချထားရေး လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည် ပေါင်းစည်းရေး ကိုအခြေခံတဲ့

---

[93] Human Rights Watch Interview A.I., Sittwe, Arakan State, June 2012.

[94] Human Rights Watch Interview B.I., Sittwe, Arakan State, June 2012.

မဟာဗျူဟာကို ပြည်ထောင်စုအစိုးရ အာဏာအရ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ လက်ရှိအခြေအနေ ဘယ်လိုဆက်ဖြစ်သွားမယ်ဆိုတာ အစိုးရမှ ချမှတ်တဲ့ ဆုံးဖြတ်ချက်တွေအပေါ်မှာ မူတည်နေကြောင်း ရခိုင်လူမျိုး နှင့် ရိုဟင်ဂျာလူမျိုးတော်တော်များများမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောဆိုခဲ့ပါတယ်။[95] အစိုးရအနေနှင့် လူ့အခွင့်အရေးကို ဦးစားပေးစဉ်းစားထားခြင်းမရှိတဲ့ မျှော်လင့်ချက်တွေကို ကျော်လွှားနိုင်ဖို့လိုပါတယ်။ အစိုးရကနေပြီး ရိုဟင်ဂျာလူမျိုးတွေအားလုံးကို စစ်တွေမြို့အပြင်ဘက် မောင်းထုတ်ဖို့ မျှော်လင့်ကြောင်း စစ်တွေမြို့ခံ ရခိုင်တွေက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောဆိုခဲ့ပါတယ်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ မေးမြန်းမှုကို ဖြေကြားပေးခဲ့တဲ့ ရိုဟင်ဂျာတွေက အစိုးရ၏ဆုံးဖြတ်ချက်မှာ ရိုဟင်ဂျာလူမျိုးအတွက် အလေးပေးစဉ်းစားပေးမည့် ဆုံးဖြတ်ချက်မျိုးဖြစ်လိမ့်မည် မထင်ကြောင်း ပြောဆိုခဲ့ပါတယ်။[96] အသက် ၆၅ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောဆိုခဲ့ပါတယ်...

> အနာဂတ်မှာ ဘာတွေဆက်ဖြစ်လာမှာလဲဆိုတာ အစိုးရရဲ့ပေါ်လစီပေါ်မှာ မူတည်နေပါတယ်။ ရခိုင်ပြည်နယ်မှာရှိနေတဲ့ ပြည်နယ်အစိုးရ၊ ပြည်နယ်ဝန်ကြီးတွေ နဲ့ အခြားအာဏာအရှိဆုံး ပုဂ္ဂိုလ်တွေ အားလုံးက ရခိုင်လူမျိုးတွေဖြစ်နေပြီး ကျနော်တို့က သူတို့ရဲ့ ဆုံးဖြတ်ချက်တွေပေါ် အများကြီး မူတည်နေပါတယ်။ အခုပြည်ထောင်စုအစိုးရကနေပြီး အရေးပေါ်အခြေအနေဥပဒေကို ကြပ်မတ်နေရပါတယ်။ လက်ရှိအချိန်မှာ ကျနော်တို့မှာ မျှော်လင့်ချက်မဲ့ နေတဲ့ အခြေအနေမှာ ရှိနေပါတယ်။[97]

မြန်မာအစိုးရရဲ့ အခန်းကဏ္ဍအပေါ်စိုးရိမ်ကြောင့်ကြမှု ရှိနေကြတဲ့အပေါ် ဘင်္ဂလားဒေ့ရှ်တွင်နေထိုင်နေသည့် ရိုဟင်ဂျာဒုက္ခသည်တို့ရဲ့ ကြေငြာချက်တစ်စောင်မှ ထင်ဟပ်ဖော်ပြထားပါတယ်။ ၎င်းတို့အတွက် မြန်မာပြည်မှာ လုံခြုံမှုလုံးဝမရှိကြောင်း နှင့် မြန်မာပြည်သို့ပြန်လျှင် ၎င်းတို့အသက် ဆုံရှုံးလျှင်ဆုံးရှုံး အသက်မဆုံးရှုံးလျှင်လည်း ဂုဏ်သိက္ခာမဲ့သောဘဝဖြင့်သာ အသက်ရှင်နေထိုင်ရမည်ဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို ပြောဆိုခဲ့ပါတယ်။ "မြန်မာပြည်မှာကျနော်တို့ဟာ အမြဲတမ်းဒုက္ခပေး အနှောင့်အယှက်ခံရပြီး ဂုဏ်သိက္ခာရှိရှိနဲ့ မနေရပါဘူး။ ကျနော်တို့ကို ကောင်းကောင်းမွန်မွန် မဆက်ဆံပေမယ့် ကျနော်တို့အတွက်လုံခြုံမှုရှိတဲ့ နိုင်ငံမှာ နေရတာပိုကောင်းပါတယ်"[98] ဟု ဒုက္ခသည်တစ်ဦးက လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို ပြောပြပါတယ်။

---

[95] Human Rights Watch interviews Z.A. and A.E., Yangon, Burma, June 2012, and A.H., A.I., B.Z., B.A., B.B., B.D., B.I., C.A., C.D., C.E., C.F., C.H., Sittwe, Arakan State, June 2012.

[96] အထက်ဖော်ပြပါ ကိုးကားချက်

[97] Human Rights Watch interview C.F., Sittwe, Arakan State, June 2012.

[98] Human Rights Watch interview, C.F., Sittwe, Arakan State, June 2012.

# (၄) လူသားချင်းစာနာမှုဆိုင်ရာ စိုးရိမ်မှုများ

မြန်မာအစိုးရခန့်မှန်းခြေအရ ဇွန်လ ၈ ရက်နေ့မှစတင်ပြီးဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ်မှ ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှုကြောင့် ဇူလိုင်လ ၁၉ ရက်နေ့ကစတင်ပြီး မိမိတို့နေထိုင်တဲ့နေရာမှ ထွက်ပြေးပြောင်းရွှေ့နေထိုင်နေရတဲ့ လူဦးရေပေါင်း ၇၀၀၀၀ ခန့်ရှိကြောင်း ခန့်မှန်းထားပါတယ်။[99] UNOCHA အစီရင်ခံချက်အရ ပေါင်းစပ်ထားတဲ့အဖွဲ့အစည်းတစ်ခုက မြို့နယ် ၄ ခုက နေရာပေါင်း ၁၁၄ နေရာရှိ ပြည်တွင်းတွင် ပြောင်းရွှေ့နေထိုင်နေရသူ (IDP) ဦးရေ ၁၀၄၇၁၉ ဦး ပါဝင်သော လိုအပ်ချက်များဆန်းစစ်မှုတခု အလျင်အမြန်ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ [100]

မြို့တော် စစ်တွေမြို့နှင့် စစ်တွေမြို့နယ်အနီးတဝိုက်ရှိ နေရာပေါင်း ၁၀၂ နေရာ[101] မှ ကျေးရွာများနှင့် နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှုကြောင့် ထွက်ပြေးပြောင်းရွှေ့နေထိုင်နေရတဲ့ ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာလူမျိုး အများစုဟာ ဘုန်းကြီးကျောင်းများ၊ ဗလီများ၊ စာသင်ကျောင်းများ၊ ပြောင်းရွှေ့နေထိုင်သူများကို လက်ခံထားသော မိသားစုအိမ်များ၊ မြို့အပြင်ဘက်တွင် ယာယီ ဆောက်လုပ်ထားသောစခန်းများမှာ နေထိုင်နေကြပါတယ်။ ယာယီစခန်းတွေမှာ နေထိုင်နေသူတွေကတော့ မွတ်ဆလင်ဘာသာဝင် အများစုဖြစ်ပါတယ်။ အစိုးရရဲ့ပိတ်ပင်တားမြစ်ချက်နှင့် ရခိုင်လူအုပ်စုတို့ရဲ့ရန်ကို စိုးရိမ်ရတဲ့အတွက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ရိုဟင်ဂျာ IDP များ နေထိုင်တဲ့ ယာယီစခန်းတွေကို သွားရောက် လည်ပတ်နိုင်ခဲ့ခြင်း မရှိပေမယ့် စစ်တွေမြို့ရှိ ရွှေ့ပြောင်းနေထိုင်နေကြရတဲ့ ရခိုင် IDP တွေနေထိုင်ရာ ကျောင်း၊ ဘုန်းကြီးကျောင်း နှင့် ရခိုင်လူမျိုး ပြောင်းရွှေ့သူများကို လက်ခံခေါ်ယူထားတဲ့ လူမှုအသိုင်းအဝိုင်းဆီကိုတော့ သွားရောက် လည်ပတ်ခဲ့ပါတယ်။ ပြောင်းရွှေ့နေထိုင်နေတဲ့ ရခိုင်လူမျိုးတွေဟာ လူတွေနဲ့ အလွန်ပြည့်ကျပ်ပြီး ကျန်းမာရေးနှင့်မညီညွတ်တဲ့ အခြေအနေရှိ မြေပြင်ပေါ်မှာဘဲ အိပ်နေကြရပါတယ်။ စစ်တွေမြို့မှာ ကျောင်းတွေ အားလုံးပိတ်ထားပြီး ပြောင်းရွှေ့နေထိုင်တဲ့စခန်းထဲမှာလည်း ကလေးငယ်တွေ ပညာသင်ကြားခွင့် မရရှိကြပါ။ အစားအသောက်နှင့် ဆေးဝါးထောက်ပံ့မှုဟာလည်း အနည်းငယ်မျှသာရှိပါတယ်။ ပြောင်းရွှေ့နေထိုင်နေတဲ့ ရခိုင် IDP တွေ အများစုနေထိုင်နေတဲ့ နေရာတခုမှာရှိတဲ့ စေတနာ့ဝန်ထမ်းတွေနှင့် ရခိုင်လူမျိုးတွေက ၄င်းတို့အတွက် လုံခြုံမှုမရှိကြောင်းနှင့် အနီးအနားမှာရှိနေတဲ့ မွတ်ဆလင်ဘာသာဝင်တွေရဲ့ တိုက်ခိုက်မှုရန်ကို စိုးရိမ်ကြောင်းကြနေရကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့ကို ပြောပြခဲ့ကြပါတယ်။ [102]

ကုလသမဂ္ဂလမ်းညွှန်စည်းမျဉ်းများအရ “နိုင်ငံတော်အာဏာပိုင်တွေမှာ မိမိနိုင်ငံ၏ တရားစီရင်ပိုင်ခွင့်အောက်ရှိ ပြည်တွင်းပြောင်းရွှေ့နေထိုင်နေရသူများကို ကာကွယ်ပေးရန်နှင့် လိုအပ်သော

---

[99] UN Office for the Coordination of Humanitarian Affairs, Myanmar: Displacement in Rakhine State, Situation Report No.5, July 19, 2012, P.1.

[100] အထက်ဖော်ပြပါ ကိုးကားချက်

[101] အထက်ဖော်ပြပါ ကိုးကားချက်

[102] Human Rights Watch interviews A.I., B.Z., Sittwe, Arakan State, June 2012.

လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့များ ပေးအပ်ရန် အဓိက တာဝန်ရှိသည်"
ဟုဖော်ပြထားပါတယ်။[103] အစိုးရအနေဖြင့် ဖော်ပြပါ ကုလသမဂ္ဂလမ်းညွှန်စည်းမျဉ်းများကို ဘာသာ၊
မူလနိုင်ငံသား ဒါမှမဟုတ် မူလတိုင်းရင်းသား၊ ဒါမှမဟုတ် တရားဝင်အနေအထား "မခွဲခြားဘဲ"
လိုက်နာကျင့်သုံးသင့်ပါတယ်။[104]

ထိုညွှန်ကြားချက်စည်းမျဉ်းများဟာ ပြောင်းရွှေ့နေထိုင်နေရသူတွေအပေါ် အစိုးရရဲ့ တာဝန်ဝတ္တရားတွေကို
ချမှတ်ထားပါတယ်။ ပြောင်းရွှေ့နေထိုင်နေရသူတွေ နေထိုင်နေတဲ့ စခန်းများနှင့် အချေချနေထိုင်တဲ့
နေရာတွေ အပေါ်တိုက်ခိုက်မှုတွေအပါအဝင် သူတို့ရဲ့ ဘဝ နှင့် လုံခြုံရေး အကာအကွယ် ပေးအပ်ဖို့
လိုအပ်ပါတယ်။[105] ပြောင်းရွှေ့ နေထိုင်နေရသူတွေမှာ လွတ်လပ်စွာသွားလာခွင့်ရှိရမည်ဖြစ်ပြီး "၄င်းတို့ကို
ထိန်းသိမ်းထားခြင်း၊ စခန်းအတွင်းသာနေထိုင်ရန် ချုပ်ချယ်ကန့်သတ်ခြင်းများ" မပြုလုပ်ရပါ။[106]
ထို့အပြင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ၄င်းတို့အားလုံး အစားအစာ၊ နေရာထိုင်ခင်း၊
ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားနိုင်ခွင့် နှင့် အလုပ်လုပ်ကိုင်နိုင်ခွင့်
အပါအဝင်အခြားလိုအပ်တာတွေအားလုံး ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစိုးရမှာ
တာဝန်ဝတ္တရားရှိပါတယ်။[107]

ကယ်ဆယ်ရေးအတွက် ကူညီထောက်ပံ့ပေးခြင်းနှင့် စပ်လျဉ်းပြီး လမ်းညွှန်စည်းမျဉ်းများမှ
"လူသားချင်းစာနာထောက်ထားမှုအကူအညီအားလုံး ပေးအပ်ရာတွင် ခွဲခြားဆက်ဆံခြင်း၊ ဘက်လိုက်ခြင်း
မပြုဘဲ လူသားချင်းစာနာထောက်ထားမှု စည်းမျဉ်းစည်းကမ်းများအတိုင်းဆောင်ရွက်သွားရမည်" ဟု
ဖော်ပြထားပါ တယ်။[108] လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် အဓိကတာဝန်မှာ
နိုင်ငံတော် အာဏာပိုင်များတွင် အဓိကရှိနေသော်လည်း နိုင်ငံတော်အာဏာပိုင်များမှ "လူသားချင်းစာနာ
ထောက်ထားမှုအကူအညီများ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် လိုအပ်သော ကူညီပံ့ပိုးမှုများ
နှင့် ခွင့်ပြုချက်များ ပေးထားရမည်ဖြစ်ပြီး ပြည်တွင်း ပြောင်းရွှေ့နေထိုင်နေသူများထံသို့ ထိုအကူအညီများ
လျင်မြန်စွာ အဟန့်အတားမရှိ ရောက်ရှိရေးအတွက်လည်း" ခွင့်ပြုရမည်။[109]

## အစားအသောက်ရရှိရေးနှင့် သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်မှုများ

ပြောင်းရွှေ့နေထိုင်နေရတဲ့ ရိုဟင်ဂျာလူမျိုးများမှ လူသားချင်းစာနာထောက်ထားမှုအကူအညီရရှိရန်
အခြေနေဟာ အခြားသော ပြောင်းရွှေ့နေထိုင်နေရသူတွေထက် ပိုပြီးခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့
ပြောင်းရွှေ့နေထိုင်နေရတဲ့ ရိုဟင်ဂျာလူမျိုးများရဲ့ သွားလာရေးကို အစိုးရမှပိတ်ပင်ထားခြင်း နှင့်

---

103 UN Guiding Principles, principle 3(1)
104 အထက်ဖော်ပြပါ ကိုးကားချက်
105 အထက်ဖော်ပြပါ ကိုးကားချက်၊ စည်းမျဉ်း ၁၀ နှင့် ၁၁
106 အထက်ဖော်ပြပါ ကိုးကားချက်၊ စည်းမျဉ်း ၁၂ နှင့် ၁၄
107 အထက်ဖော်ပြပါ ကိုးကားချက်၊ စည်းမျဉ်း ၁၈၊၁၉ နှင့် ၂၃
108 အထက်ဖော်ပြပါ ကိုးကားချက်၊ စည်းမျဉ်း ၂၄ (၁)
109 အထက်ဖော်ပြပါ ကိုးကားချက်၊ စည်းမျဉ်း ၂၅

ယာယီနေထိုင်ရေးစခန်းအပြင် နှင့် ရွာအပြင်သို့ထွက်လာသည့် ရိုဟင်ဂျာလူမျိုးများကို တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကြောင့်ဖြစ်ပါတယ်။ ဥပမာအားဖြင့် အစောင့်တပ်များအပြည့်ချထားသော စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်မှာ ပြောင်းရွှေ့ခြင်းမခံရတဲ့ရိုဟင်ဂျာလူမျိုးတွေဟာ ရခိုင်လူမျိုးတို့ရဲ့တိုက်ခိုက်မှုရန်ကို စိုးရိမ်နေကြရတဲ့အတွက် ၄င်းတို့ရဲ့အိမ်ထဲမှ အပြင်ကို မထွက်နိုင်ကြပါ။ စစ်တွေမြို့အခြားနေရာများနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးတပ်များမှ သွားလာရေးများအပေါ် ကန့်သတ်ပိတ်ပင်ထားမှုများ ပြုလုပ်ထားတဲ့အတွက်ကြောင့် ရိုဟင်ဂျာလူမျိုးများ မြို့အတွင်း သွားလာခွင့်များ ပိတ်ပင်ခံနေရပါတယ်။ နောက်ထပ် သောင်းနှင့်ချီသော ရိုဟင်ဂျာလူမျိုးများဟာ အဓိကမြို့များအပြင်ဘက်ရှိ ယာယီ ပြောင်းရွှေ့ နေထိုင်ရေး စခန်းများတွင် သွားရောက်နေထိုင်နေကြပြီး အချို့မှာ တောထဲတွင်ပုံးအောင်းနေကြရပြီး အချို့မှာ မောင်တောမြို့နှင့် စစ်တွေမြို့အနီးတစ်ဝိုက်တွင် ပုန်းအောင်းနေထိုင်နေကြရပါတယ်။ အချို့ကတော့ ပြောင်းရွှေ့နေထိုင်နေရသူတွေကို လက်ခံထားတဲ့ မိသားစုများနှင့်နေထိုင်နေကြပါတယ်။

မိသားစုနှင့်အတူ စစ်တွေမြို့ထဲရှိ အိမ်တစ်အိမ်တွင် ပုံးအောင်းနေရတဲ့ အသက် ၆၀ နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသားတစ်ဦးက အခုလိုပြောပြပါတယ်။

> အခက်အခဲကဘာလဲဆိုတော့ ကျနော်တို့ဟာ ဘာဝန်ဆောင်မှုမှမရသလို တနေရာက တနေရာကိုလည်း လွတ်လွတ်လပ်လပ် သွားလာလို့မရဘူး။ ကျနော်ဒီလို တိတ်တိတ်လေး ဆက်မနေနိုင်တော့ဘူး။ ကျနော်တို့ အခန်းထဲမှာဘဲနေနေရတာ နှစ်ပတ်တောင်ရှိနေပြီ။ ဗုဒ္ဓဟူးနေ့မနက် ၆ နာရီက ကျနော့်ဈေးကို တိတ်တိတ်လေးခိုးပြီးထွက်သွားတယ်။ ကျနော်တစ်ယောက်တည်း။ ဈေးကနေ ကျနော့်မိသားစုအတွက် ဟင်းတွေနဲ့ သရက်သီးတွေ ရလာခဲ့တယ်။ ရခိုင်လူမျိုးတွေ ဈေးရောင်းဈေးဝယ် ပျော်ပျော်ရွှင်ရွှင် လုပ်နေကြတာ ကျနော်တွေ့ခဲ့ရတယ်။ မွတ်ဆလင်တွေတော့ သွားလို့မရဘူး။ ဒါက ကျနော်တို့ခံစားနေရတဲ့ ဒုက္ခပဲ။ ကျနော်တို့အပြင်ကို လွတ်လွတ်လပ်လပ် ထွက်လို့မရဘူး။ ကျနော်တို့ ဒီအိမ်မှာ ဘယ်လောက်ကြာကြာ နေရမှာလဲ။ ဒီလိုအခြေအနေတွေနဲ့ ကျနော်တို့ ဘယ်လောက်ကြာကြာနေနိုင်မှာလဲ။ ကျနော်တို့ကို အစိုးရက ဘယ်လိုစီစဉ်နေလဲဆိုတာ ကျနော်လည်းမသိဘူး… ကျနော်တို့ ဆန်တွေလည်း မရနိုင်ဘူး။ ဆန်တွေမရှိတော့တာက အဓိက ပြဿနာဘဲ။[110]

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာအများစုမှာ ဇွန်လအစောပိုင်းတွင်ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခအပြီး လုံခြုံရေးတပ်များ၏ အာဏာအလွဲသုံးစားမှုကြောင့် မိမိတို့အိုးအိမ်ကို စွန့်ခွာပြီး ထွက်ပြေး တိမ်းရှောင်နေကြရပါတယ်။ ထိုကဲ့သို့ ထိခိုက်နစ်နာသော ကျေးရွာများမှာ မောင်တောမြို့နယ်အနီးတဝိုက်ရှိ ဝေးလံတဲ့ ရိုဟင်ဂျာကျေးရွာများဖြစ်ကြပြီး ရိုဟင်ဂျာလူမျိုးများနေထိုင်တဲ့နေရာဒေသများအပေါ် နှစ်ရှည်လများစွာကတည်းက အစိုးရ၏ ကန့်သတ်ချုပ်ချယ်ထားမှု နှင့် မကြာသေးခင်အချိန်က ကြေငြာထားတဲ့ အရေးပေါ်ဥပဒေကြောင့် ထိုဒေသများသို့ လူသားချင်းစာနာမှု

---

[110] Human Rights Watch interview C.F., Sittwe, Arakan State, June 2012

အကူအညီပေးဆောင်ရေးအဖွဲ့များ သွားရောက်ရန်အတွက် အဟန့်အတားများ ရှိနေပါတယ်။ ထိုဒေသများတွင် မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုများအတွင်း သိုလှောင်ထားတဲ့အစားအသောက်ကုန်ပစ္စည်းများ လုယူခြင်းများ ရှိခဲ့ပါတယ်။ အဲဒီအပြင် ရိုဟင်ဂျာလူမျိုးများမှာ ဈေးသို့သွားလာခြင်း မပြုလုပ်နိုင်ခြင်းဟာ ၎င်းတို့အခြေအနေကို ပိုပြီးဆိုးဝါးစေပါတယ်။ ဒီပတ်ဝန်းကျင်ရှိလူတွေဟာ အကြမ်းဖက်မှုဒဏ်ကို မခံခဲ့ရပေမယ့် လုံခြုံရေးတပ်များမှ ၎င်းတို့ရဲ့ကျေးရွာကို ဝင်ရောက်ရှင်းလင်းတိုက်ခိုက်မှုများ ပြုလုပ်တဲ့အချိန်ကတည်းကစပြီး အစားအသောက် ရရှိရေးအတွက် အခက်အခဲနှင့် တွေ့ကြုံနေရပါတယ်။ ဒီလိုအခက်အခဲတွေနှင့် ကြုံတွေ့နေရပေမယ့် လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို ခံစားခွင့်မရကြပါဘူး။

ရိုဟင်ဂျာလူမျိုးတွေအတွက် အစားအသောက် ကူညီထောက်ပံ့မှုတွေဟာ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အေဂျင်စီတွေအပေါ်မှာသာ အများကြီးမူတည်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ရိုဟင်ဂျာလူမျိုးတွေဟာ ဒေသတွင်းရှိ ဈေးများသို့ မသွားနိုင်သလို အခြားသော မြန်မာနိုင်ငံအတွင်းရှိ လူထု၏ အကူအညီများအပေါ် အားကိုးအားထားပြုလို့ မရနိုင်တာကြောင့် ဖြစ်ပါတယ်။ ရခိုင်အန်ဂျီအိုတွေဟာ အကြမ်းဖက်မှုဒဏ်ကို ခံခဲ့ရတဲ့ ရခိုင်အသိုင်းအဝိုင်းတွေရဲ့ လိုအပ်ချက်တွေကို ကြည့်ရှုဖြည့်ဆည်းပေးနေကြပါတယ်။ ဇွန်လ ၂၉ ရက်နေ့က စစ်တွေမြို့ရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများဟာ လူထုအုံကြွမှုတွေ ဖြစ်ပေါ်စေလာနိုင်တဲ့ လက်ကမ်းစာစောင်တွေဖြန့်ဝေမှုများ ပြုလုပ်ခဲ့ပြီး ရခိုင်များက မွတ်ဆလင်ဘာသာဝင်များကို ကူညီထောက်ပံ့မှုမပြုလုပ်ရန် နှင့် မိတ်မဖွဲ့ကြရန် တိုက်တွန်းခဲ့ပါတယ်။ ထိုသို့ပြုလုပ်ခြင်းကြောင့် ရိုဟင်ဂျာလူမျိုးများ အခြေခံဝန်ဆောင်မှုနှင့် အစားအသောက်ရရှိရန်အတွက် ပိုမို ခက်ခဲသွားစေပါတယ်။ ထိုခွဲခြားဆက်ဆံမှုရှိသောလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ ဘုန်းကြီးတစ်ပါးက လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောပြခဲ့ပါတယ်....

> ဒါတွေက ရခိုင်လူမျိုးတွေကို ညွှန်ကြားထားတာပါ။ ဒီလက်ကမ်းစာစောင်တွေကို မနက်က မြို့ထဲမှာ လိုက်ဝေခဲ့တယ်။ ဒီကြေငြာချက်မှာ မွတ်ဆလင်တွေကို ကုန်ပစ္စည်းတွေ မရောင်းပေးဖို့၊ မွတ်ဆလင် ဆိုင်တွေမှာ ဈေးမဝယ်ဖို့ တိုက်တွန်းထားတာပါတယ်။ ဒုတိယအချက်ကတော့ ရခိုင်လူမျိုးတွေ မွတ်ဆလင်ဘာသာဝင်တွေနဲ့ မိတ်ဖက်မှုမပြုဖို့တိုက်တွန်းထားပါတယ်။ ဘာကြောင့် အခုလို တိုက်တွန်းရသလဲဆိုတော့ မွတ်ဆလင်တွေက ကျနော်တို့ရဲ့မြေတွေကို ခိုးယူ၊ ကျနော်တို့ရဲ့ရေတွေကို သောက်ပြီး ကျနော်တို့လူမျိုးတွေကို သတ်ဖြတ်နေလို့ပါ။ ကျနော်တို့ရဲ့ဆန်ကိုစားပြီး ကျနော်တို့ အိမ်တွေအနားမှာ နေကြတယ်။ ဒီတော့ ကျနော်တို့ သီးသန့်နေမယ်။ ရခိုင်လူမျိုးတွေကို ကျနော်တို့ ကာကွယ်ဖို့လိုတယ်။ ဒီလက်ကမ်းစာစောင်တွေကို ကျနော်တို့ ဈေးတွေမှာ သွားဝေထားတယ်။ မွတ်ဆလင်ဘာသာဝင်တွေနဲ့ ကျနော်တို့ ဘာအဆက်အသွယ်မှ မရှိချင်ဘူး။ မွတ်ဆလင်

ဘာသာရေးခေါင်းဆောင်တွေက အန္တရာယ်များတယ်။ အယ်(လ်)ကိုင်းဒါးတွေနဲ့လည်း အဆက်အသွယ်ရှိတယ်။[111]

ရခိုင်ဘုန်းကြီးများရဲ့ မွတ်ဆလင်အသိုင်းအဝိုင်းကို ဖယ်ထုတ်ကြဖို့ တောင်းဆိုချက်အပေါ် ရခိုင်လူမျိုးအများစုကလည်း လက်ခံကြပါတယ်။ အသက် ၄၂ နှစ်အရွယ် ပြောင်းရွှေ့နေထိုင်နေရတဲ့ ရိုဟင်ဂျာအမျိုးသား တစ်ဦးက " ရခိုင်လူမျိုးတွေအများစုက မွတ်ဆလင်တွေကို အစားအသောက်ရောင်းပေးဖို့ အခု ငြင်းဆန်နေကြပါတယ်။"[112] မြန်မာစစ်တပ်ဘက်မှလည်း ရခိုင်ဘုန်းကြီးများရဲ့တောင်းဆိုမှုတွေအတိုင်း လိုက်နာမှုများ ရှိနေတာ တွေ့ရပါတယ်။ ယခင်က စစ်သားများဟာ ရိုဟင်ဂျာလူမျိုးများကိုယ်စား အစားအသောက် ကုန်ပစ္စည်းများ သွားရောက်ဝယ်ယူပေးမှုများရှိခဲ့သော်လည်း ယခုအခါ စစ်သားများက ၄င်းတို့ကိုယ်စား ဈေးသွားဝယ်ရန် ငြင်းလာကြောင်း ရိုဟင်ဂျာများမှ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သို့ ပြောကြားခဲ့ပါတယ်။ မွတ်ဆလင်ဘာသာဝင်များကို စခန်းအပြင်ဘက်မထွက်ရန် စစ်တပ်မှ ပိတ်ပင်ဟန့်တား ထားပြီး စခန်းမှ တိုးတိုးတိတ်တိတ် လျှို့ဝှက်စွာ ထွက်ခွါခဲ့ပါက ရခိုင်လူမျိုးများ၏ အကြမ်းဖက် ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို ခံရနိုင်လို့ ပိုဆိုးပါတယ်။ အသက် ၃၅ နှစ်အရွယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်မှ ပြောင်းရွှေ့နေထိုင်နေရတဲ့ ရိုဟင်ဂျာအမျိုးသမီးသတစ်ဦးက အခုလိုပြောပြပါတယ်....

> ကျမတို့မှာ စားစရာ နည်းနည်းပဲရှိပါတယ်။ အခြားရွာကို ကျမတို့သွားဖို့လုပ်ရင် ရခိုင်တွေက ကျမတို့ကို ရိုက်နှက်ကြတယ်။[မြန်မာစစ်တပ်က] ကျမတို့ကို ဒီနေရာကနေ မထွက်သွားဖို့ တားမြစ်ထားတယ်။ ဒီနေရာမှာ ကျမတို့ ဘယ်လိုဆက်နေရမှာလဲ။ ကျမတို့မှာ အစားအသောက် မလုံလောက်တဲ့ ပြဿနာနဲ့ရင်ဆိုင်နေရတယ်။ ဘာအပြောင်းအလဲမှ မကြားရသေးဘူး။ အရင်က စစ်သားတွေကို ပိုက်ဆံပေးလိုက်ရင် သူတို့က ဈေးသွားဝယ်ပေးတယ်။ အခုတော့ မဝယ်ပေးတော့ဘူး။ အခု လှောင်အိမ်ထဲမှာ နေရသလိုဘဲ။ အာဏာပိုင်တွေ အထူးသဖြင့်အစားအသောက်နှင့်ပတ်သက်ပြီး တတ်နိုင်သလောက် ကျမတို့ကို အကူအညီပေးစေချင်တယ်။ ကျမတို့ကို ဈေးထဲကနေ အစားအသောက်တွေ ရရှိဖို့ အခုတော့ မဝယ်ပေးတော့ဘူး။ အခု ဂူထဲမှာ ပုံးအောင်းနေနေရသလိုဘဲ။ အာဏာပိုင်တွေ အထူးသဖြင့်အစားအသောက်နှင့်ပတ်သက်ပြီး တတ်နိုင်သလောက် ကျမတို့ကို အကူအညီပေးစေချင်တယ်။ ကျမတို့ကို ဈေးထဲကနေ အစားအသောက်တွေ ရရှိဖို့ ကူညီစေချင်တယ်။[113]

အစားအသောက် နှင့် အခြားကူညီထောက်ပံ့ရေးများ ရရှိရေးအတွက် မိမိတို့နေထိုင်နေတဲ့နေရာမှ စွန့်စားပြီး အပြင်ထွက်လာတဲ့ ရိုဟင်ဂျာလူမျိုးအချို့ ရိုက်နှက် သတ်ဖြတ်ခံရတဲ့အမှုကိစ္စအချို့ကို လူ့အခွင့်အရေး

[111] Human Rights Watch interview C.D., Sittwe, Arakan State, June 2012.

[112] Human Rights Watch interview Z.I., Arakan State, June 2012

[113] Human Rights Watch interview C.E., Sittwe, Arakan State, June 2012.

စောင့်ကြည့်ရေးအဖွဲ့မှ လက်ခံရရှိခဲ့ပါတယ်။[114] သို့သော်လည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ထိုအမှုကိစ္စများ မှန်ကန်မှုရှိမရှိကို သီးခြားအတည်မပြုနိုင်သေးပါ။

စစ်တွေမြို့အပြင်ဘက်ရှိ ရိုဟင်ဂျာလူဦးရေ အနည်းဆုံး ၁၀၀၀၀ ခန့်နေထိုင်သည့် ထွက်ပြေးတိမ်းရှောင်နေရသူများအတွက် အမိကစခန်းတခုမှ အသက် ၂၈ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလိုပြောဆိုခဲ့ပါတယ်....

> လမ်းမကြီးနံဘေးမှာ ရှိနေတဲ့ ကျနော်တို့ကိုတော့ အာဏာပိုင်တွေက တော်တော်လည်း ဂရုစိုက်ပေးပါတယ်။ ဒါပေမယ့် လမ်းမကြီးနဲ့ အဝေးကြီးမှာ ရှိနေတဲ့လူတွေတော့ ဘာမှမရပါဘူး။ အဆင့်မြင့်အရာရှိကြီးတွေ လာတုန်းက သူတို့ကနေပြီး ကျနော်တို့ကို ကြည့်ရှုစောင့်ရှောက်ပါ့မယ်လို့တော့ ပြောခဲ့ပါတယ်။ ကျနော်တို့အတွက် အိမ်တွေဆောက်ပေးမယ် လို့ပြောခဲ့ပါတယ်။ WFP ကနေလာပြီး ကျနော်တို့ကို အစားအသောက်တွေ  လာပေးပေမယ့် မလောက်ပါဘူး။ သူတို့က ဒီမှာရှိနေတဲ့ လူဦးရေကို လာတွက်သွားတယ်။ ဒါပေမယ့် တောထဲမှာ အပြင်ကိုမထွက်လာရဲလို့ ပုန်းအောင်းပြီး နေနေရတဲ့သူတွေ ထောင်နဲ့ချီပြီးရှိပါတယ်။ သူတို့တွေက အရမ်းကြောက်နေကြပြီး စားဖို့ဘာမှမရှိပါဘူး။[115]

စစ်တွေမြို့မှာ တစ်ခုတည်းသော မွတ်ဆလင်အသိုင်းဝိုင်း ကျန်ရှိနေတဲ့ အောင်မင်္ဂလာရပ်ကွက်မှာ နေထိုင်တဲ့ အသက် ၃၈ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသမီးက လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကို အခုလို ပြောပြခဲ့ပါတယ်။

> ဒီနေရာက အရမ်းကျဉ်းပြီးတော့ လူတွေအရမ်းများတယ်။ စားဖို့သောက်ဖို့ တော်တော်ခက်တယ်။ ကျမတို့မှာ စားစရာမရှိဘူး။ ဒီနေရာတစ်ခုလုံးကို ရခိုင်တွေက ဝိုင်းထားတယ်။ ကျမတို့ အပြင်ထွက်မယ် ဆိုရင် ရခိုင်တွေရဲ့သတ်ဖြတ်မှုကို ခံရမှာကြောက်တယ်။ အဲဒါကြောင့် ဘယ်သူမှ အပြင်မထွက်ရဲကြဘူး။ ဘယ်သူမှလည်း အစားအသောက်တွေလာမပို့ပေးဘူး။ အခုချိန်ထိ အစိုးရက ကျမတို့ကို ဘာမှ လာမပေးသေးဘူး။[116]

နိုင်ငံတကာ ဥပဒေအရ ပြောင်းရွှေ့နေထိုင်သူတွေ အစားအသောက်ရရှိရေးနှင့် အခြားသော လူသားချင်းစာနာမှု ကယ်ဆယ်ရေးအထောက်အပံ့ ရရှိရေးအတွက် မြန်မာအစိုးရမှာ တာဝန်ရှိပါတယ်။ ရိုဟင်ဂျာလူမျိုးများရဲ့လုံခြုံရေးကို မဖြေရှင်းပေးခြင်း၊ ရိုဟင်ဂျာလူမျိုးတို့ရဲ့ သွားလာခွင့်ကို ကန့်သတ်ချုပ်ချယ်ထားခြင်း နှင့် ဒုက္ခရောက်နေသူများကို ကူညီရန် ရောက်ရှိလာသည့်

---

[114] See for example, Human Rights Watch interviews Z.H., A.Z., C.E., Sittwe, Arakan State, June 2012.

[115] Human Rights Watch interview Z.F., Sittwe, Arakan State, June 2012.

[116] Human Rights Watch interview C.H., Sittwe, Arakan State, June 2012.

လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများကို မလိုအပ်ဘဲ ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်ထားခြင်းကြောင့် အစိုးရဟာ သူ့ရဲ့တာဝန်ဝတ္တရားများကို ပျက်ကွက်နေပါတယ်။

## လူသားချင်းစာနာမှုအထောက်အကူများအတွက်အခက်အခဲများ - ဒေသခံများရဲ့ ခါးသီးမှုနှင့် ခြိမ်းခြောက်မှုများ

ဇွန်လ ၁၀ ရက်နေ့မှာ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် စစ်တွေမြို့ရှိ နိုင်ငံတကာအဖွဲ့အစည်းများ၏ နိုင်ငံခြားသားဝန်ထမ်းများနှင့် မလိုအပ်သော လူသားချင်းစာနာထောက်ထားရေးအဖွဲ့ဝန်ထမ်းများကို ရန်ကုန်သို့ လုံခြုံရေးအကြောင်းပြချက်ဖြင့် ပြောင်းရွှေ့စေခဲ့ပါတယ်။ ထိုအချိန်မှစပြီး ထိုအဖွဲ့အစည်းများမှ ပြန်လည် ဝင်ရောက်ရန် လုပ်ဆောင်ခဲ့သော်လည်း အာဏာပိုင်များက အဖွဲ့အနည်းစုကိုသာ အကန့်အသတ်ဖြင့်သာ ခွင့်ပြုချက်ပေးခဲ့ပါတယ်။  အချို့အဖွဲ့အစည်းများမှာ ၄င်းတို့ လုပ်ငန်း လုပ်ဆောင်ခဲ့သည့်နေရာဒေသများသို့ ပြန်လည်ဝင်ရောက်ခွင့် ငြင်းဆန်ခြင်းခံခဲ့ရပါတယ်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း အချို့ကို အကောင်ထည်ဖော်လုပ်ဆောင်နိုင်ခဲ့သော်လည်း အချို့နေရာဒေသများသို့ သွားလာဝင်ရောက်ခွင့်များအပေါ် ကန့်သတ်မှုများရှိနေပြီး ရိုဟင်ဂျာများနေထိုင်သည့်နေရာအများအပြားသို့  မသွားနိုင်ခဲ့ပါ။

ရခိုင်ပြည်နယ်မှ ရခိုင်လူမျိုးအများစုဟာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်း စာနာထောက်ထားမှု အဖွဲ့များအပေါ် မကျေမနပ်မှုများစွာ ရှိနေပါတယ်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အင်တာဗျူးပြုလုပ်ထားတဲ့ ရခိုင်များ၏ ပြောဆိုချက်အရ ရခိုင်အများစုမှ နိုင်ငံတကာ အေဂျင်စီများအပေါ် မကျေနပ်မှုများရှိနေရသည့်အကြောင်းအရင်းမှာ နိုင်ငံတကာအေဂျင်စီများဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာလူမျိုးများအတွက် နှစ်ပေါင်းများစွာ ကူညီဆောင်ရွက်ပေးခဲ့ပြီး အခြေအနေ ပိုကောင်းလာသော်လည်း ဆင်းရဲနွမ်းပါးသော ရခိုင်လူမျိုးများကိုမူ ဦးစားပေးမှုမရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။[117] နိုင်ငံတကာ အေဂျင်စီများဟာ ရခိုင်လူမျိုးများ၏ လိုအပ်ချက်များအပေါ် တောက်လျှောက် လျစ်လျူရှုခဲ့သည်ဟု ခံစားရပြီး ရိုဟင်ဂျာနှင့်ရခိုင်လူမျိုးတို့အကြား သွေးကွဲမှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေးအဖွဲ့ နှင့် ဝန်ထမ်းများအပေါ် မလိုမုန်းတီးစိတ်များ ဖြစ်လာရကြောင်း ရခိုင်အများအပြားက ပြောဆိုခဲ့ပါတယ်။[118] UNHCR မှာ ၄င်း၏ လုပ်ပိုင်ခွင့်အာဏာအရ နိုင်ငံမဲ့ဖြစ်နေသော ရိုဟင်ဂျာများအတွက်သာ လုပ်ကိုင်နေရသည်က ရခိုင်လူမျိုးအသိုင်းအဝိုင်းမှ ဘက်လိုက်သည်ဟု ထင်မြင် ယူဆကြပြီး မကျေမနပ်ဖြစ်စေပါတယ်။  အကြမ်းဖက်မှုစတင်ဖြစ်ပွားခဲ့သည့် အချိန်မှစတင်ပြီး အေဂျင်စီများ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များအပေါ် အထင်မြင်လွဲမှားမှုများ၊ အခြေအမြစ် မခိုင်လုံသောသတင်းများ ပျံ့နှံ့ခဲ့ပါတယ်။

[117] ရခိုင်လူမျိုးများက “ကုလားနိုင်ငံ”ဟု ရှုတ်ချခေါ်ဆိုသော မွတ်ဆလင်ဘာသာဝင်ရိုဟင်ဂျာလူမျိုး အများစုနေထိုင်သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ နှင့် ကုလသမဂ္ဂအဖွဲ့ပေါင်း ဆယ်ဖွဲ့ကျော်ခန့်ရှိပါတယ်။
[118] Human Rights Watch interviews B.B., B.C., B.D., B.F., C.D., C.H., D.A., Sittwe, Arakan State, June 2012.

ဒေသခံလူထုများမှ ယခုကဲ့သို့ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများအပေါ် မကျေမနပ်ဖြစ်နေမှုဟာ အကြောင်းရင်း ခိုင်လုံသည်ဖြစ်စေ မခိုင်လုံသည်ဖြစ်စေ အကူအညီ အထောက်အပံ့များပေးရာမှာ သက်ရောက်မှု ရှိပါတယ်။ ထို့အပြင် လူသားချင်း စာနာ ထောက်ထားမှု အဖွဲ့၏ ဝန်ထမ်းများလုံခြုံရေးအတွက် ပိုမိုစိုးရိမ်ရသည့်အတွက် အကူအညီလိုအပ်နေသူထံသို့ ၎င်းတို့ ရောက်ရှိနိုင်မှုကို နှေးကွေးစေပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းများ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဝန်ထမ်းများ ဖမ်းဆီးထိန်းသိမ်းခံရသည့် အကြောင်းအရင်းတခုမှာ ဒေသခံပြည်သူလူထုများမှ ထိုအဖွဲ့အစည်းများအပေါ် မကျေနပ်ချက်များ ရှိနေခြင်းနှင့် ရိုဟင်ဂျာလူမျိုးများအပေါ် ဒေသခံ အဂတိတရားဖြင့် မလိုမုန်းတီးခြင်း များရှိနေခြင်းကြောင့်လည်းဖြစ်နိုင်ပါတယ်။ ဒေသခံ အာဏာပိုင်များမှ ကုလသမဂ္ဂအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းဝန်ထမ်းများဖြစ်ကြတဲ့ ရိုဟင်ဂျာလူမျိုး ၁၀ ဦးကို ဇွန်လတွင် ဖြစ်ပွားခဲ့တဲ့ဂိုဏ်းဂဏဆိုင်ရာအကြမ်းဖက်မှု အရေးနှင့်ဆက်စပ်ပြီး ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ အဖမ်းဆီးခံခဲ့ရသူ ၁၀ ဦးထဲမှ ၆ ဦးမှာ Medecins San Frontieres (နယ်စည်းမခြား ဆရာဝန်များ) အဖွဲ့မှ ဝန်ထမ်းများဖြစ်ပါတယ်။[119] ဖမ်းဆီးခံထားရသော အကူအညီပေးအပ်ရေးဝန်ထမ်းများထဲမှ အချို့ကို နိုင်ငံတော် သစ္စာဖောက်မှုနှင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသော အဖြစ်အပျက်နှင့် သက်ဆိုင်သည့် အချက်အလက်များကို နိုင်ငံခြား သို့ ပေးပို့ခြင်းအမှုများဖြင့် တရားစွဲဆိုခံထားရပြီး ၎င်းတို့၏ အမှုများကို ယာယီဆိုင်းငံ့ထားကြောင်းသိရပါတယ်။[120] ထိုကဲ့သို့သောအမှုများဖြင့် ယခင်က နိုင်ငံရေးအကျဉ်းချမှုများ လုပ်လေ့ရှိပါတယ်။

လူမှုနောက်ခံသမိုင်းအမျိုးမျိုးမှလာသော ရခိုင်လူမျိုးများက အဖမ်းဆီးခံခဲ့ရသော လူသားချင်း စာနာထောက်ထားရေးအဖွဲ့၏ ရိုဟင်ဂျာလူမျိုးဝန်ထမ်းများမှာ အယ် (လ်)ကိုင်းဒါးနှင့် အခြားသော နိုင်ငံတကာအကြမ်းဖက်ရေးအဖွဲ့များနှင့် ဆက်စပ်မှုများရှိနေကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့သို့ ပြောဆိုခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဝန်ထမ်းများနှင့် ထိုအဖွဲ့အစည်း အတိအကျ အချို့ကို ထောက်ခံသည့်ပုဂ္ဂိုလ်များကို တိုက်ခိုက်ရန် တိုက်တွန်းထားသော လှုံ့ဆော်ထားသော လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး နိုင်ငံတကာအေဂျင်စီများ အပေါ်မကျေနပ်မှုများကို ဖော်ထုတ်ပြသမှုများလည်း ရှိခဲ့ပါတယ်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ ရရှိထားသော ဒေသတွင်း ဖြန့်ဝေနေသည့် လက်ကမ်းစာစောင်တစ်ခုတွင် ရိုဟင်ဂျာများနှင့်အတူ လက်တွဲလုပ်ကိုင်နေသူများ အားလုံးမှာ “သစ္စာဖောက်များဖြစ်သည့်အတွက် ရန်သူများဖြစ်ကြောင်း... မိမိတို့နိုင်ငံအတွင်း [ရိုဟင်ဂျာ လူမျိုးများ] ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ကိုင်နေသူတို့ကို မိမိတို့မှ လက်ပိုက်ပြီး ထိုင်ကြည့်နေမည် မဟုတ်တော့ကြောင်း” ရေးသားထားတာ တွေ့ရပါတယ်။ လက်ကမ်းစာစောင်ထဲတွင် စစ်တွေမြို့တွင် နိုင်ငံတကာ NGO များအတွက် နေရာငှားပေးသော အိမ်ရှင်များကို ဦးတည် တိုက်ခိုက်သွားမည် ဖြစ်ကြောင်း

[119] “10 Aid Workers Held in Myanmar: UN,” Agence France Presse, July 6, 2012, http://www.rnw.nl/english/bulletin/10-aid-workers-held-myanmar-un (accessed July 16, 2012).

[120] Maung Aye, “Arrested NGO Employees Produed in Court in Maungdaw,” Narinjara News, July 11, 2012, http://www.narinjara.com/main/index.php/arrested-ngo-employees-produced-in-court-in-maungdaw/ (accessed July 16, 2012).

ဆက်လက်ရေးသားထားတာ တွေ့ရပါတယ်။ လက်ကမ်းစာစောင်ထဲတွင် “ကျနော်တို့ သူတို့ကိုတိုက်ရမယ်”[121] ဟုရေးသားထားပါတယ်။
ဒေသခံရခိုင်အရေးလှုပ်ရှားသူတစ်ဦး နှင့် ရခိုင်အမျိုးသားဖွံ့ဖြိုးရေးပါတီနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ခေါင်းဆောင်နှစ်ဦးမှ ဒေသခံပြည်သူများ၏ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများအပေါ် ထားရှိသည့် မကျေနပ်မှုများနှင့် ထိုခံစားချက်များရဲ့ နောက်ကွယ်အကြောင်းရင်းများအပေါ် အသိအမှတ်ပြုလက်ခံကြောင်းပြောဆိုခဲ့သော်လည်း ကိုယ်ထိလက်ရောက် တိုက်ခိုက်မည့် ခြိမ်းခြောက်မှုများအပေါ်တွင်မူ ငြင်းဆန်ခဲ့ပါတယ်။ UN နှင့် နိုင်ငံတကာ NGO များကို ရခိုင်လူမှုအသိုင်းအဝိုင်းများတွင် ယခုရော နောင်တွင်ပါ ကြိုဆိုသွားမည်ဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အား ပြောပါတယ်။[122] နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ဝန်ထမ်းများအပေါ် ခြိမ်းခြောက်မှုများကို မြန်မာအာဏာပိုင်များမှ ယခုအချိန်ထိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း မရှိသေးပါ။

အခြေအမြစ်မရှိသောသတင်းများနှင့် မှားယွင်းသောသတင်းအချက်အလက်များကို အခြေခံပြီး စည်းရုံးလှုံ့ဆော်မှုများပြုလုပ်နေခြင်းကြောင့် အသက်ကယ်ဆယ်ရေးအတွက်လိုအပ်သော လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လူမှုအသိုင်းအဝိုင်း နှစ်ရပ်လုံးထံပေးအပ်မှုများပြုလုပ်ရန် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက် အခက်အခဲဖြစ်စေပြီး ၎င်းတို့ကို ရန်လိုသော ပတ်ဝန်းကျင်များ ရှိလာစေရန် ဖန်တီးပေးခဲ့ပါတယ်။

[121] ရက်စွဲမတပ်ထားသော လက်ကမ်းစာစောင်ထဲတွင် “Beweare! NGOs that came here to assist Bengali Kalars” ဟုခေါင်းစဉ်တပ်ထားပြီး ဝံသာနုတိုင်းရင်းသားများ အမည်ဖြင့် လက်မှတ်ရေးထိုးထားပါတယ်။ တရားဝင်မဟုတ်သော ဘာသာပြန်ဆိုမှု June 2012.

[122] Human Rights Watch interviews B.B., B.I., D.A., Sittwe, Arakan State, June 2012.

# (၅) ရိုဟင်ဂျာတွေရဲ့ နိုင်ငံသားဖြစ်ခွင့် ငြင်းဆိုမှု

မြန်မာအစိုးရမှ ရိုဟင်ဂျာလူမျိုးများကို မြန်မာနိုင်ငံသားအဖြစ်အသိအမှတ်ပြုရန် ယခင်ကတည်းက ငြင်းဆိုထားပြီးဖြစ်ပါတယ်။ ထို့ကြောင့် ရိုဟင်ဂျာလူမျိုးများ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံစားနေရပြီး ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသော ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုများနှင့် ရိုဟင်ဂျာဒုက္ခသည်များအရေးကို ရည်ရှည်ဖြေရှင်းချက် ရှာဖွေနိုင်ရေးအတွက်ကြီးလေးသော အတားအဆီးများ ဖြစ်နေပါတယ်။ မြန်မာနိုင်ငံအတွင်း နေထိုင်ခွင့်ရရှိထားတဲ့ ရိုဟင်ဂျာလူမျိုးတွေကို မြန်မာအာဏာပိုင်များက "မြန်မာနိုင်ငံတွင် နေထိုင်ခွင့်ရရှိထားသောနိုင်ငံခြားသားများ" အဖြစ်သာ အသိအမှတ်ပြုထားပြီး ထိုရိုဟင်ဂျာများ နိုင်ငံသားဖြစ်ပိုင်ခွင့်ကို ငြင်းဆိုထားပါတယ်။ လက်တွေ့မှာ ရိုဟင်ဂျာဆိုသည့်အသုံးအနှုန်းကို အစိုးရမှ လက်ခံလေ့မရှိ၊ သုံးလေ့မရှိဘဲ ရိုဟင်ဂျာလူထုကို "ဘင်္ဂါလီ"၊ "ရိုဟင်ဂျာဟုခေါ်သော" သို့မဟုတ် နှိမ်ပြီး ခေါ်ဆိုထားသည့် "ကုလား" ဟူသော အသုံးအနှုန်းမျိုးကိုသာ များသောအားဖြင့် အသုံးပြုကြပါတယ်။[123]

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေမှာ နိုင်ငံသားဖြစ်သူရော နိုင်ငံသားမဟုတ်သူများအတွက်ပါ မဲပေးပိုင်ခွင့်ကဲ့သို့ နိုင်ငံရေးအခွင့်အရေးများမှလွဲပြီး ကျန်အခွင့်အရေးများအားလုံးအတွက် အကျုံးဝင်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့် မရရှိသော ရိုဟင်ဂျာလူမျိုးများမှာ လွတ်လပ်စွာသွားလာခွင့်၊ တန်းတူညီတူ လွတ်လပ်စွာပညာသင်ကြားနိုင်ခွင့် တွေကိုဆုံးရှုံးနေကြပြီး၊ မတရားဖမ်းဆီးခံရခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ခွဲခြားဆက်ဆံပြီး မတူညီသော အခွန်နှုန်းထားများ ပေးဆောင်ရခြင်း၊ ပိုင်ဆိုင်မှုပစ္စည်းများ သိမ်းဆည်းခံရခြင်း အစရှိတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးကိုလည်း ခံစားနေကြရပါတယ်။ အစိုးရမှ ထိုကဲ့သို့သော ချိုးဖောက်မှုများကို ရခိုင်လူမျိုးများအပေါ်တွင်လည်း ပြုလုပ်နေပေမဲ့ ရခိုင်ပြည်နယ်တွင်နေထိုင်သော ရိုဟင်ဂျာလူမျိုးများကို အဓိက ဦးတည်ပြီး ထိုကဲ့သိုသော အခွင့်အရေးများ ချိုးဖောက်လေ့ရှိပါတယ်။

ရိုဟင်ဂျာလူမျိုးမှာ နိုင်ငံသားဖြစ်ခွင့်ငြင်းဆိုခံရတာ လွန်ခဲ့တဲ့ဆယ်စုနှစ်များစွာကတည်းကပါ။ ၁၉၇၀ ပတ်ဝန်းကျင်ခန့်က မြန်မာနိုင်ငံ အရေးပေါ်လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရ မြန်မာနိုင်ငံသားတိုင်း နိုင်ငံသားမှတ်ပုံတင်လက်မှတ် ရှိထားရန်လိုကြောင်းပြဋ္ဌာန်းခဲ့သော်လည်း ရိုဟင်ဂျာလူမျိုးများကို နိုင်ငံခြားသားမှတ်ပုံတင်ကတ်သာ ပေးအပ်ခဲ့ပါတယ်။ ထိုနိုင်ငံခြားသားမှတ်ပုံတင်ကတ်ကို ကျောင်းများ နှင့် အလုပ်ရှင်များက လက်မခံပါ။[124]

---

[123] အဆင့်မြင့်အစိုးရအာဏာပိုင်များနှင့်ဆက်ဆံဖူးသူတစ်ဦးမှ "ရိုဟင်ဂျာ"ဆိုသည့်အသုံးအနှုန်းအစား "ဘင်္ဂါလီ" ဆိုသည့်အသုံးအနှုန်းများကိုသာ အသုံးပြုပြောဆိုကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကိုပြောပြခဲ့ပါတယ်။ ၎င်း၏ပြောပြချက်အရ "အစိုးရမှ ရိုဟင်ဂျာများကို နိုင်ငံခြားမှ ကျူးကျော်ဝင်ရောက်လာသူအဖြစ်သာသတ်မှတ်ပြီး ထိုရိုဟင်ဂျာများကို အကူအညီပေးသည့်သူအားလုံးဟာ ရန်သူကို ကျွေးမွေးစောင့်ရှောက်နေသူလို့ သတ်မှတ်ထားပါတယ်။ နေပြည်တော်မှာ ဒီလိုအတွေးမျိုးတွေရှိနေပါတယ်။" Human Rights Watch interview#14, Yangon, Burma, June 2012. ရခိုင်လူမျိုးအများစုမှာ ရိုဟင်ဂျာလူထုကို နှိမ်ပြီးဆိုသည့် "ကုလား၊ ဘင်္ဂါလီ၊ ရိုဟင်ဂျာဟုခေါ်ဆိုသူ" အစရှိသည့် အသုံးနှုန်းမျိုးကိုသာ အသုံးပြုပါတယ်။

[124] Human Rights Watc, Burma: Rohingya Muslims: Ending a Cycle of Exodus?, September 1996, p.29, http://www.unhcr.org/refworld/docid/3ae6a84a2.html (accessed July 12, 2012).

၁၉၇၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ချ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များ အစုလိုက်အပြုံလိုက် မြန်မာပြည်ထဲသို့ ပြန်လည်ရွှေ့ပြောင်းလာခြင်းကို တုန့်ပြန်သည့်အနေနှင့် ဆောင်ရွက်သည်ဟု ယူဆရသဖြင့် အစိုးရမှ ၁၉၈၃ ခုနှစ်တွင် တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ခံမှု ပြန်လည် ပြုလုပ်ခြင်းတွင် ရိုဟင်ဂျာလူဦးရေကို ထည့်သွင်းတွက်ချက်ခြင်းမပြုလုပ်ခဲ့ဘဲ ပယ်ထားရာက ရိုဟင်ဂျာများ နိုင်ငံမဲ့ ဖြစ်သွားခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော နိုင်ငံသားဖြစ်မှုအက်ဥပဒေမှ ရိုဟင်ဂျာလူမျိုးများကို တိုင်းရင်းသားလူမျိုးများ စာရင်းတွင် ထည့်သွင်းပြဋ္ဌာန်းမှု မပြုလုပ်ခဲ့ဘဲ ရိုဟင်ဂျာလူဦးရေကို တရားဝင်ချန်လှပ်ထားခဲ့ပါတယ်။ ထိုဥပဒေတွင် နိုင်ငံသားဖြစ်မှုကို (၁)အပြည့်အဝနိုင်ငံသားဖြစ်ခြင်း (၂) ဧည့်နိုင်ငံသားဖြစ်ခြင်း (၃) နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းဆိုပြီး အမျိုးအစား သုံးမျိုးခွဲခြားထားပါတယ်။
နိုင်ငံသားစီစစ်ရေးကတ်ပြားကို အပန်းရောင်၊ အပြာရောင် နှင့် အစိမ်းရောင် ဆိုပြီး နိုင်ငံသားဖြစ်မှု အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခဲ့ပါတယ်။ ဥပဒေအရ နိုင်ငံသားအပြည့်အဝ ဖြစ်ခွင့်ရှိသူများမှာ အသိအမှတ်ပြုခံထားရသော "နိုင်ငံတော်လူမျိုးများ" (ရခိုင်၊ ဗမာ၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန် နှင့် ရှမ်း) နှင့် ယခုရခိုင်ပြည်နယ်ကို ဗြိတိသျှအစိုးရမှ သိမ်းပိုက်ကာစ ၁၈၂၃ ခုနှစ်မတိုင်မီ အချိန်တည်းက မိမိတို့၏ ဘိုးဘွားဘီဘင်များက မြန်မာပြည်တွင်နေထိုင်လာခဲ့သူများ အားလုံးပါဝင်ပါတယ်။ မိမိတို့၏ ဘိုးဘွား ဘီဘင်များက မြန်မာနိုင်ငံတွင် ၁၈၂၃ ခုနှစ်မတိုင်ခင်အချိန်ကတည်းက မြန်မာပြည်တွင် နေထိုင်ခဲ့ကြောင်း သက်သေမပြနိုင်သူများမှာ နိုင်ငံသားအဖြစ်ခံယူခွင့်ရှိနိုင်ပါသေးတယ်။ ၁၉၄၈ ခုနှစ်နိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရှိသော်လည်း ၁၉၈၂ ခုနှစ်ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်မရှိသူများမှာ ၁၉၈၂ ခုနှစ်ဥပဒေ လက်တွေ့မကျင့်သုံးခင်အချိန်တွင် နိုင်ငံသားဖြစ်ခွင့် လျှောက်ထားခဲ့သူများကို ဧည့်သည် နိုင်ငံသားအဖြစ် အသိအမှတ် ပြုထားပေးပါတယ်။

၁၉၈၂ ခုနှစ်ဥပဒေကို ကျင့်သုံးပြီးသည့်နောက်ပိုင်းတွင် နိုင်ငံခြားသားများမှ မိမိ သို့မဟုတ် မိမိ၏ မိဘများသည် မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးမတိုင်ခင်အချိန်က မြန်မာနိုင်ငံတွင် ဝင်ရောက်နေထိုင်ခဲ့ကြောင်း “ခိုင်လုံသည့် သက်သေအထောက်အထား” ဖော်ပြနိုင်ပါက နိုင်ငံသားအဖြစ်ခံယူခွင့်ရှိပါတယ်။ အနည်းဆုံး မိဘတစ်ပါးမှ အထက်ပါ နိုင်ငံသားစီစစ်ရေးကတ် သုံးခုထဲမှ တစ်ခုကို ကိုင်ဆောင်ထားပါက ၎င်းတို့၏သားသမီးများမှာ နိုင်ငံသားပြုခွင့်ရနိုင်ပါတယ်။ ၁၉၈၂ ခုနှစ် အက်ဥပဒေ အခန်း (၄၄) ပါဖော်ပြချက်အရ အထက်ပါသတ်မှတ်ချက် နှစ်ခုနှင့် မကိုက်ညီသူများမှ နိုင်ငံသားအဖြစ်ခံယူလိုပါက နိုင်ငံသားအဖြစ်ခံယူလိုသူမှာ အနည်းဆုံး အသက် ၁၈ နှစ် ပြည့်ရမည်ဖြစ်ပြီး အမျိုးသားဘာသာစကား တစ်မျိုးမျိုးကို ကျွမ်းကျင်စွာပြောဆိုနိုင်ရမည် (စစ်တကောင်း ဘာသာစကားနှင့်ဆက်စပ်သော ရိုဟင်ဂျာစကားကို အမျိုးသားဘာသာစကားအဖြစ် အသိအမှတ်မပြုပါ)၊ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ စိတ်မှန်ရမည်[125] ဟူ၍ဖော်ပြထားပါတယ်။ ဒီဥပဒေအရ

---

[125] ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ အခန်း ၄၂ မှ ၄၄ တွင် ဖော်ပြထားသော မြန်မာနိုင်ငံသားအဖြစ်ခံယူရန် ပြည့်မီရမည့်အရည်အချင်းများမှာ။ ။ (၄၂) မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီမြန်မာနိုင်ငံတွင် လာရောက်နေထိုင်ခဲ့ကြောင်း ခိုင်လုံသည့် သက်သေ အထောက်အထားဖော်ပြနိုင်သူများနှင့် ၎င်းတို့၏ သားသမီးများမှ မြန်မာနိုင်ငံသားအဖြစ် လျှောက်ထားခြင်း မရှိသေးပါက ၎င်းတို့မှ မြန်မာနိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။ (၄၃) ဤနိုင်ငံသား ဥပဒေကို စတင်ကျင့်သုံးသည့်နေ့မှစတင်ပြီး အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတွင်မွေးဖွားသည်ဖြစ်စေ နိုင်ငံရပ်ခြားတွင်မွေးဖွားခဲ့သည်ဖြစ်စေ မြန်မာနိုင်ငံသားအဖြစ် ခံယူနိုင်သည် (က) မြန်မာနိုင်ငံတွင်မွေးဖွားပြီး မိဘတစ်ပါးက မြန်မာနိုင်ငံသားဖြစ်ပြီး အခြားမိဘတစ်ပါးက နိုင်ငံခြားသားဖြစ်သူ (ခ) ဧည့်နိုင်ငံသား မှတ်ပုံတင် နှင့် နိုင်ငံသားပြုခွင့်ရသူမှတ်ပုံတင် ကိုင်ဆောင်ထားသည့် မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊ (ဂ) ဧည့်နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်ထားသောမိဘတစ်ပါးနှင့် နိုင်ငံခြားသားမိဘတစ်ပါးမှ မွေးဖွားလာသူများ၊ (ဃ) နှစ်ဦးလုံး နိုင်ငံသားပြုခွင့်ရခြင်းဖြင့် မှတ်ပုံတင်ကိုင်ဆောင်ထားသည့် မိဘနှစ်ပါးမှ

အပြည့်အဝနိုင်ငံသားအဖြစ် အသိအမှတ်ပြု ထားသူ နှင့် နိုင်ငံသားပြုခွင့်ရပြီး နိုင်ငံသားဖြစ်လာသူများသာ "အခါတရံ အစိုးရမှ ကန့်သတ်ပြဌာန်းသော အခွင့်အရေးများမှအပ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝ ခံစားခွင့်" ရှိပါတယ်။ "ဧည့်နိုင်ငံသားများ" မှအပ ကျန်သောနည်းလမ်းဖြင့် နိုင်ငံသားဖြစ်လာသူများကို အစိုးရမှ အချိန်မရွေး နိုင်ငံသားဖြစ်ခြင်းမှ ရုပ်သိမ်းနိုင်ပါတယ်။

၁၉၈၂ ခုနှစ်တွင်ပြဌာန်းခဲ့သော နိုင်ငံသားဖြစ်ရေးဥပဒေမှာ နိုင်ငံသားမဟုတ်သောမိဘနှစ်ပါးမှ မွေးဖွားလာသော ကလေးငယ်များကို နိုင်ငံသားအဖြစ်အသိအမှတ်မပြုခြင်းဟာ နိုင်ငံသားဖြစ်မှုနှင့်ဆိုင်သော ပြဿနာကို ကြာရှည်စေခဲ့ပါတယ်။ ယုံကြည်စိတ်ချရသော လျှို့ဝှက်အချက်အလက်အရင်းအမြစ်တခုအရ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အသက် ၁၈ နှစ်အောက်မိဘများ၊ မှတ်ပုံတင်မရှိသည့်မိဘများ၊ ဘင်္ဂလားဒေ့ရှ် ရှိမိဘမှ မွေးဖွားလာသော မှတ်ပုံတင်မရှိသည့် "နာမည်ပျက်ကလေးများ" ဟုတင်စားခေါ်တွင်ကြသော ရိုဟင်ဂျာ ကလေးငယ်ပေါင်း ခန့်မှန်းခြေ ၇၀၀၀၀ မှ ၈၀၀၀၀ အထိရှိကြောင်း သိရပါတယ်။[126] ကလေးငယ်တစ်ဦးမှ မြန်မာနိုင်ငံသား ဖြစ်ခွင့်ရရှိရန်အတွက် အနည်းဆုံး ၎င်းတို့၏ မိဘတစ်ဦးဦးမှ သတ်မှတ်ထားသည့် နိုင်ငံသား စီစစ်ရေးမှတ်ပုံတင် သုံးမျိုးထဲမှ တမျိုးမျိုးကို ကိုင်ဆောင်ထားသူဖြစ်ရန်လိုအပ်ပါတယ်။ ရိုဟင်ဂျာအများစုဟာ တရားဝင်စာရွက်စာတမ်းများ၊ ဘိုးဘွားစဉ်ဆက်မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ကြောင်း "ခိုင်မာသည့် အထောက်အထားများ" ပြသရန် အခက်အခဲများရှိနေသလို တရားဝင်စာရွက်စာတမ်းများရရှိရန်အတွက်လည်း အလွန်ခက်ခဲပါတယ်။[127] ဘိုးဘွားစဉ်ဆက် မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ကြောင်း "ခိုင်မာသည့် အထောက်အထားများ" မပြနိုင်တဲ့ ရိုဟင်ဂျာများဟာ ၎င်းတို့ရဲ့ကလေးငယ်တွေကဲ့သို့ပင် မည်သည့် နိုင်ငံသားဖြစ်ခွင့် အမျိုးအစားကိုမျှ လျှောက်ထား၍ မရနိုင်ပါ။

နိုင်ငံသားဖြစ်ခွင့်အပြင် အခြားမေးခွန်းတမျိုးမှာ တိုင်းရင်းသားလူမျိုးဖြစ်ခွင့်နှင့် သက်ဆိုင်ပါတယ်။ မြန်မာ့ဥပဒေတွင် ရိုဟင်ဂျာများကို မြန်မာနိုင်ငံတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုထားခြင်းမရှိပါ။ အချို့ ရိုဟင်ဂျာများဟာ နှစ်ပေါင်းရာနှင့်ချီပြီး ဘိုးဘွားစဉ်ဆက် နေထိုင်လာသူများဖြစ်သကဲ့သို့ အချို့မှာ ရခိုင်ပြည်နယ်အတွင်းသို့ ဗြိတိသျှကိုလိုနီခေတ်ကတည်းက လာရောက် အခြေချနေထိုင်သူများ ဖြစ်ကြသော်လည်း ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေ မှ ၎င်းတို့၏ နိုင်ငံသားဖြစ်ခွင့်ကို တိုက်ရိုက် ပယ်ဖျက်ထားသည့်အပြင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးတစ်ခု ဖြစ်လာရေးအတွက် အကူအညီ လုံးဝ အထောက်အကူ မပေးပါ။ ထို့အပြင် ၁၈၂၃ ခုနှစ်မတိုင်မီကတည်းက လာရောက်အခြေချနေထိုင်ခဲ့ကြသည့် ရိုဟင်ဂျာမိသားစုများဟာ တိုင်းရင်းသားဖြစ်ခွင့် သို့မဟုတ် မြန်မာနိုင်ငံသားဖြစ်ခွင့် ရရှိရန်ပင်မဆိုထားနှင့် အာဏာပိုင်များအား ခိုင်မာသည့် သက်သေအထောက်အထားများ ပြသရန် တာဝန်မှာ အလွန်ခက်ခဲပါတယ်။

---

မွေးဖွားလာသူများ (င) နိုင်ငံသားအဖြစ်ခံယူထားသောမိဘတစ်ပါးနှင့် နိုင်ငံခြားသားတစ်ဦးမှ မွေးဖွားလာသူများ။ (၄၄) နိုင်ငံသားအဖြစ် လျှောက်ထားခံယူလိုသူများမှာ အောက်ပါ အရည်အချင်းနှင့် ပြည့်စုံရန်လိုအပ်ပါသည် (က) နိုင်ငံသားဖြစ်ခွင့်ဥပဒေ အခန်း ၄၂ (သို့) ၄၃ နှင့် ကိုက်ညီသည့်ပုဂ္ဂိုလ်များ။ (ခ) အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူဖြစ်ရမည်။ (ဂ) အမျိုးသားဘာသာစကားတမျိုးမျိုးကို ပြောဆိုနိုင်ရမည်။ (ဃ) အကျင့်စာရိတ္တကောင်းမွန်းရမည်။ (င) စိတ်မှန်ရမည်။

[126] Human Rights Watch interview with international official, Rangoon, Burma, June 2012.

[127] အထက်ဖော်ပြပါ ကိုးကားချက်

ဇွန်လ ၂၀၁၂ ခုနှစ်တွင် ဒေသခံအာဏာပိုင်များ သို့မဟုတ် ရခိုင်လူမျိုးများက နိုင်ငံသား စီစစ်ရေးကတ်ပြားများ အတင်းအဓမ္မ သိမ်းယူခဲ့ကြောင်း ရိုဟင်ဂျာအချို့မှ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့အား ပြောကြားခဲ့ပါတယ်။ ရခိုင်လူအုပ်စု၏ တိုက်ခိုက်မှုမှ လွတ်မြောက်လာသော အသက် ၃၈ နှစ်အရွယ် ရိုဟင်ဂျာအမျိုးသမီးတစ်ဦးမှ "သူတို့ (လာရောက်တိုက်ခိုက်သူများ) ကားတွေအများကြီးယူလာတယ်။ ပြီးတော့ ကျမတို့ပိုင်ဆိုင်သမျှပစ္စည်းတွေကို သူတို့ကားပေါ်မှာတင်တယ်။ ကျမတို့ရဲ့ နိုင်ငံသား စီစစ်ရေး ကတ်တွေပါ ယူသွားတယ်။ အတင်းပဲယူသွားတာ။"[128] ဇွန်လ ၂၀၁၂ ခုနှစ် မီးရှို့မှုတွင် ထောင်သောင်းနှင့် ချီသော ရိုဟင်ဂျာလူမျိုးများ ပစ္စည်းများဆုံးရှုံးခဲ့ရပြီး ၄င်းတို့ပိုင်ဆိုင်သည့် စာရွက်အထောက်အထားများနှင့် နိုင်ငံသားကတ်များသည်လည်း ထိုမီးလောင်မှုတွင် ဆုံးရှုံးသွားနိုင်ပြီး ထိုသို့ဖြစ်ပါက လက်ရှိတည်ဆဲဥပဒေအရ ၄င်းတို့အတွက် ပြဿနာပိုတိုးလာနိုင်ပါတယ်။

အသက်အရွယ် ၄၂ နှစ်ရှိတဲ့ ရိုဟင်ဂျာအမျိုးသားတစ်ဦးမှ ရိုဟင်ဂျာများကို စစ်တွေမြို့အပြင်ဘက်သို့ အတင်းအဓမ္မပြောင်းရွှေ့စေခြင်းဟာ ၄င်းတို့ကို မြန်မာနိုင်ငံတွင် ရောက်ရှိနေသော "ဧည့်သည်" များအဖြစ် သတ်မှတ်နိုင်ရန်အတွက် ဆောင်ရွက်နေခြင်း ဖြစ်မည်ကို စိုးရိမ်မိကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့အား အခုလိုပြောပြခဲ့ပါတယ်။

> ဒီနေ့ အဆင့်မြင့် လူဝင်မှုကြီးကြပ်ရေး အရာရှိတစ်ဦး ရောက်လာပြီး ဒီမှာ ယာယီခိုလှုံနေတဲ့ လူတွေရဲ့စာရင်းတွေ လိုချင်ကြောင်း ပြောပါတယ်။ သူက စာရင်းလိုချင်တယ်ဆိုလို့ ကျနော်တို့က စာရင်းလုပ်ပေးလိုက်ပါတယ်။ ကျနော်တို့ကို အချက်အလက်တွေဖြည့်ထည့်ဖို့ ပုံစံစာရွက်တွေပေးတယ်။ အဲဒီပုံစံစာရွက်ထဲမှာ ရွှေ့ပြောင်းနေထိုင်နေရသူ လို့မထည့်ထားဘဲ "ဧည့်သည်များ" ဆိုပြီး ရည်ညွှန်းရေးထားတာ တွေ့လိုက်ရတယ်။ ကျနော်တို့က ဒီမှာ ဧည့်သည်တွေမဟုတ်ဘူးလို့ ကျနော်တို့ပြောတယ်။ အဲဒါနဲ့ "ငါတို့ဘာမှလုပ်လို့မရဘူး။ ဒီပုံစံစာရွက်တွေက အထက်အာဏာပိုင်တွေကနေလာတာ။ ကျနော်က အမိန့်အတိုင်းလိုက်ဆောင်ရွက်နေတာဖြစ်တယ်" လို့ပဲ ပြန်ဖြေကြားခဲ့တယ်။[129]

လူ့အခွင့်အရေးစောင့်ရှောက်ရေးအဖွဲ့မှ မြန်မာအစိုးရအား ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြင်ဆင်ပြောင်းလဲရန် သို့မဟုတ် ရုပ်သိမ်းပေးရန် သို့မဟုတ် ရိုဟင်ဂျာလူမျိုးများကို အခြားလူမျိုးများကဲ့သို့ မွေးဖွားမှု၊ နေထိုင်မှု၊ သို့မဟုတ် ဘိုးဘေးဘီဘင်များမှ ဆင်းသက်လာမှု စတဲ့ အကြောင်းရင်းများတွေနဲ့ မြန်မာနိုင်ငံနှင့် စစ်မှန်ပြီး သက်ရောက်မှုရှိတဲ့ ဆက်နွယ်မှု ရှိနေသည့်အပေါ် အခြေခံပြီး နိုင်ငံသားအဖြစ်သတ်မှတ်ပေးရန် နှင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာဥပဒေအရ နိုင်ငံသားတိုင်းကဲ့သို့ တန်းတူအခွင့် အရေး ပေးအပ်ရန် တိုက်တွန်းမှုများပြုလုပ်ခဲ့တာကြာပါပြီ။

---

128 Human Rights Watch interview Z.H., Sittwe, Arakan State, June 2012.

129 Human Rights Watch interview Z.I., Sittwe, Arakan State, June 2012.

# (၆) ဘင်္ဂလားဒေ့ချ်နိုင်ငံမှ အတင်းအဓမ္မပြန်လည်ပို့ဆောင်ခံရခြင်း

ဇွန်လ ၈ ရက်နေ့အကြမ်းဖက်မှုများ စတင်ဖြစ်ပွားခဲ့ချိန်မှ စပြီး ရာနဲ့ ထောင်နဲ့ချီသော ပြည်သူများမှာ ဘင်္ဂလားဒေ့ချ်နိုင်ငံတွင် ခိုလှုံခွင့်တောင်းဆိုရန် နတ်မြစ်ကို ဖြတ်ကူးကြပြီး အချို့မှာ အခြားသောလမ်းများမှတဆင့် မြန်မာပြည်မှ ထွက်ပြေးခဲ့ကြပါတယ်။ ဒုက္ခသည်အများအပြား နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ချ်နိုင်ငံထဲတွင် ခိုလှုံခွင့်တောင်းဆိုရန်ရောက်ရှိလာမည်ကို သိနေသည့် ဘင်္ဂလားဒေ့ချ်အစိုးရမှ ၄င်းတို့၏ နယ်စပ်လုံခြုံရေးတပ်နှင့် ရေတပ်များကို မြန်မာခိုလှုံခွင့်ရှာသူများအား ဝင်ခွင့်မပြုရန် အမိန့်ပေးထားခဲ့ပါတယ်။ ဘင်္ဂလားဒေ့ချ်ဝန်ကြီးတစ်ဦးမှ ၄င်းအစိုးရ၏ ပေါ်လစီနှင့်ပတ်သတ်ပြီး ဒေသခံသတင်းဌာနများကို ရှင်းပြရာတွင် "ကျနော်တို့ အကြမ်းဖက်သူတွေ မုဒိမ်းသမားတွေနဲ့ မိတ်ဆွေလုပ်လို့မရဘူး"[130] ဟုပြောဆိုခဲ့ပါတယ်။

မီဒီယာအဖွဲ့များ၏ သတင်းပေးပို့ချက်အရ ဇွန်လ ၈ ရက်နေ့မှ ၁၅ ရက်နေ့အကြားတွင် ဘင်္ဂလားဒေ့ချ်အစိုးရမှ ရေကြောင်းနှင့် ကုန်းကြောင်းဖြင့်ရောက်ရှိလာသော ရိုဟင်ဂျာပေါင်း ၅၀၀ နှင့် ၇၀၀ ကြားကို၄င်းတို့ လာရာလမ်းအတိုင်း ပြန်လည် မောင်းထုတ်ခဲ့ကြောင်း သိရပါတယ်။[131] ဇွန်လ ၁၈ ရက်နေ့တွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ သုတေသနပြုလုပ်သူတစ်ဦးမှ ဘင်္ဂလားဒေ့ချ်ကမ်းရိုးတန်း လုံခြုံရေးတပ်မှ လှေကိုးစီးကို ရှာပိုရီဒိ (Shah Pori Deep) ဆိပ်ကမ်းမြို့ရှိ ဆိပ်တံတားမှ မြန်မာရေပိုင်နက်ထဲသို့ ပြန်လည်မောင်းထုတ်ခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရှိခဲ့ပါတယ်။ ထိုနေ့တွင် အဖမ်းဆီးခံခဲ့ရသော ဒုက္ခသည်များနှင့် တွေ့ဆုံခွင့်ရခဲ့သည့် ဘင်္ဂလားဒေ့ချ်နိုင်ငံသား သတင်းထောက်များရဲ့ ပြောဆိုချက်အရ ထိုအဖမ်းဆီခံခဲ့ရသည့်လူအုပ်စုတွင် ရိုဟင်ဂျာ ၁၄၀ ကျော် ပါကြောင်းသိရပါတယ်။[132]

ဖမ်းဆီးခံထားရသော ခိုလှုံခွင့်တောင်းခံထားသူများကို ဘင်္ဂလားဒေ့ချ်နိုင်ငံ နယ်ခြားလုံခြုံရေးတပ် (BGB) အာဏာပိုင်များက အစားအစာများနှင့် အခြေခံဆေးဝါးကုသမှုများ ပေးအပ်ခဲ့သော်လည်း ထို ခိုလှုံခွင့် တောင်းခံထားသူများကို မုတ်သုံရာသီ မိုးများသည့်အချိန်တွင် သစ်သားလှေများဖြင့်သာ မြန်မာပြည်သို့ ပြန်ပို့လွှတ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ချ်အစိုးရမှ ကျင့်သုံးနေတဲ့ ခိုလှုံခွင့်လာရောက်တောင်းခံသူများကို ပြန်လည်ပို့ဆောင်သည့် မူဝါဒကြောင့် သေဆုံးနိုင်တဲ့ နောက်ဆက်တွဲတွေ ဖြစ်ပွားခဲ့ကြောင်း သက်သေ အထောက်အထားတွေ အများကြီးရှိပါတယ်။သတင်းထောက်တစ်ဦးမှ လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့အား ဘင်္ဂလားဒေ့ချ်နိုင်ငံသို့လာရောက်ခိုလှုံခွင့်ရရှိရန် လှေဖြင့်ရောက်ရှိလာသော ကလေးခြောက်ယောက်အမေတစ်ဦးကို ၄င်းကိုယ်တိုင် အင်တာဗျူးခဲ့ကြောင်း၊ ထိုမိသားစုမှ ဘင်္ဂလားဒေ့ချ်နိုင်ငံထဲသို့မရောက်မီ ဇွန်လ ဒုတိယအပတ်အတွင်းတွင် ဘင်္ဂလားဒေ့ချ်အာဏာပိုင်များက

[130] Comments by Syed Ashraful Islam, inister of LGRD and Cooperatives, quoted in "No refugee for Rohingyas: Ashraf," Daily Star, June 20, 2012, http://www.thedailystar.net/newDesign/latest_news.php?nid=38533.

[131] Julfikar Ali Manik and Dwaipayan Barua, "Rohingyas coming in again," Daily Star, June 19, 2012, http://www.thedailystar.net/newDesign/news-details.php?nid=238934.

[132] Julfikar Ali Manik and Dwaipayan Barua, "Rohingyas coming in again," Daily Star, June 19, 2012, http://www.thedailystar.net/newDesign/news-details.php?nid=238934

ငှင်းတို့ကိုလက်ခံရန် အကြိမ်ကြိမ်ငြင်းဆိုခဲ့ကြောင်း ပြောပြခဲ့ပါတယ်။ ထိုအမျိုးသမီးမှ သတင်းထောက်ကို အခုလိုပြောပြခဲ့ကြောင်းသိရပါတယ်...

> ကျမတို့ အကြမ်းဖက်မှုဒဏ်ကို လုံးဝမခံနိုင်တော့လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲကို ဝင်လာတာ။ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ် နယ်စပ်လုံခြုံရေးတပ်က ကျမတို့လှေကို သုံးကြိမ်တိုင်တိုင် ပြန်ပို့ခဲ့တယ်။ ကျမတို့ ပင်လယ်ထဲမှာပဲ လေးရက် လေးည မျောနေခဲ့ရတယ်။ အသက်ငါးနှစ်အရွယ် ကျမသမီးလေးက လှေပေါ်မှာပဲ သေဆုံးခဲ့တယ်။ အရမ်းပူတဲ့ ပင်လယ်ပြင်မှာ သူအစာငတ်လို့သေဆုံးသွားတယ်။[133]

လှေနှစ်စီးမှာ ဘင်္ဂလားဒေ့ရှ် နယ်စပ်လုံခြုံရေးတပ်မှ ပြန်ပို့ခဲ့တဲ့အချိန်ကတည်းက ယခုအချိန်အထိ အစအနပျောက်ဆုံးနေကြောင်း၊ ဘင်္ဂလားကမ်းလွန်ပင်လယ်ပြင် တနေရာရာတွင် လှေနှစ်မြုပ်မှု ဖြစ်မည်ကို စိုးရိမ်နေရကြောင်းလည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ သတင်းရရှိထားပါတယ်။[134]

ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်အရာရှိတစ်ဦးမှ ဇွန်လ ၃၀ ရက်နေ့တွင် လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့ကို ပြောပြချက်အရ ပင်လယ်ရေလှိုင်းကြမ်းတမ်းမှုကြောင့် ကြီးမားတဲ့လှေများကို ရပ်တန့်ခြင်းများ မပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ သို့သော်လည်း ခိုလှုံခွင့်တောင်းခံမည့် သူနှစ်ဦးသုံးဦး တင်ဆောင်လာသည့် လှေငယ်များကိုမူ ပုံမှန်အတိုင်း ဟန့်တားမှုများပြုလုပ်လျက်ရှိကြောင်းသိရပါတယ်။[135] ရိုဟင်ဂျာလူမျိုးများကို ပြန်လည် နှင်ထုတ်မှုများက ဇူလိုင်လအစောပိုင်းတွင်လည်း ဆက်လက်ဖြစ်ပွားခဲ့ပါတယ်။ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် အရာရှိများ၏ ပြောပြချက်အရ ဇူလိုင်လ ၂ ရက် နှင့် ၃ ရက်နေ့တွင် မကြာခင်ကမှ ရောက်ရှိလာသော ရိုဟင်ဂျာလူမျိုး အယောက် ၃၀ ကို ပြန်ပို့ခဲ့ကြောင်းနှင့် ဇူလိုင်လ ၅ ရက်နေ့တွင် နောက်ထပ် ၂၅ ဦးကို ထပ်မံပို့ဆောင်ခဲ့ကြောင်းသိရပါတယ်။[136] ဇူလိုင်လ ၈ ရက်နေ့ခန့်တွင် ဘင်္ဂလားဒေ့ရှ် ရဲများနှင့် နယ်ခြားစောင့်တပ်များမှ များမကြာမီက ရောက်ရှိလာသော ရိုဟင်ဂျာလူမျိုး အမြောက်အများကို ဖမ်းဆီးထိန်းသိမ်းနေကြောင်းသိရပါတယ်။[137] ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များမှ ပြန်လည်နှင်ထုတ်ခဲ့သည့် စုစုပေါင်း ရိုဟင်ဂျာလူမျိုးအရေအတွက်ကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အတည်ပြုပြောဆိုနိုင်ခြင်းမရှိသေးပါ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ၁၉၅၁ ခုနှစ် ဒုက္ခသည်အဆင့်အတန်းနှင့်စပ်လျဉ်းသဘောတူညီချက် နှင့် ၁၉၆၇ ခုနှစ်လုပ်ထုံးလုပ်နည်းများ တွင် ပါဝင်ပတ်သက်ခြင်းမရှိသော်လည်း ဆက်လက်အသက်ရှင်နေထိုင်ရေးနှင့်

---

133 လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ထိုဒုက္ခရောက်နေသူအမျိုးသမီးတစ်ဦးနှင့် သူမ၏ မိသားစုများကို ဗီဒီယိုဖြင့်မှတ်တမ်းတင်ရိုက်ကူးထူးသောအင်တာဗျူးတခုကို ဇွန်လ ၂၈ ရက်နေ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ကြည့်ရှုခဲ့။

134 Human Rights Watch, interview with Teknaf resident, Bangladesh, June 29, 2012.

135 Human Rights Watch, phone call to BGB commander (name withheld), Teknaf, June 20, 2012.

136 "25 More Rohingyas sent back," Daily Star, July 5, 2012, http://www.thedailystar.net/newDesign/news-detail.php?nid=241025

137 Abdullah Juberee and Nurul Islam, "Fleeing Rohingya spreading deep inside Bangladesh," New Age, July 8, 2012, http://www.newagebd.com/detail.php?date=2012-07-08&nid=16351

လွတ်မြောက်ရေးအတွက် မိမိနယ်စပ်တွင် ခိုလှုံခွင့်တောင်းခံသူများကို ငြင်းဆိုခြင်း မပြုလုပ်ရန် နိုင်ငံတကာ ဥပဒေ ဓလေ့ထုံးတမ်းဥပဒေအရ တာဝန်ရှိပါတယ်။[138]

[138] UN High Commissioner for Refugees, The Principle of Non-Refoulement as a Norm of Customary International Law. Response to the Questions Posed to UNHCR by the Federal Constitutional Court of the Federal Republic of Germany in Cases 2 BvR 1938/93, 2 BvR 1954/93, 31 January 1994, http://www.unhcr.org/refworld/docid/437b6db64.html [accessed 17 July 2012]. See also UN Doc. A/RES/51/75, 12 February 1997, para. 3.

# (၆) အကြံပြုချက်များ

## မြန်မာအစိုးရအပေါ်အကြံပြုချက်

- ရခိုင်ပြည်နယ်နှင့် နိုင်ငံရဲ့အခြားဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြောင်းစွပ်စွဲခံထားရသော လုံခြုံရေးတပ်ဖွဲ့များကို စုံစမ်းရေးစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် မြန်မာအစိုးရမှ နိုင်ငံတကာ လုပ်နည်းအတိုင်း သီးခြားယန္တရားတစ်ရပ်ကို ပံ့ပိုးပေးရန်။ အထူးသဖြင့် အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာမှုရှိသော နေရာဒေသအားလုံးသို့ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ အထူးကိုယ်စားလှယ်များကို အနှောင်အဖွဲ့မရှိ သွားလာစုံစမ်းခွင့်ပြုရန်။
- OHCHR ကိုမြန်မာနိုင်ငံတွင် လုံခြုံရေး၊ မြှင့်တင်ရေး နှင့် လိုအပ်သောနည်းပညာ အကူအညီများပေးအပ်နိုင်သည့် အခွင့်အာဏာများ အပြည့်အဝ ပေးအပ်ထားသောရုံးတခုနှင့် ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်အသီးသီးတွင် ရုံးခွဲများကို ဖွင့်လှစ်ရန် တောင်းဆိုရန်။
- ကုလသမဂ္ဂအေဂျင်စီများ နှင့် အစိုးရမဟုတ်သော လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အဖွဲ့အစည်းများမှ အကြမ်းဖက်မှုကြောင့် အခက်အခဲနှင့်ရင်ဆိုင်နေရသော ပြည်သူလူထုများထံ ရည်ရွယ် အခက်အခဲအတားအဆီးများမရှိဘဲ လုံခြုံစွာ သွားလာနိုင်ခွင့် ပေးအပ်ထားရန်။ ထို့အပြင် အကူအညီလိုအပ်နေသော ပြည်သူများအတွက် လိုအပ်သော ကယ်ဆယ်ရေးလုပ်ငန်း၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်း နှင့် အဆုံးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများခွင့်ပြုပြီး အထက်ပါ အဖွဲ့အစည်းများနှင့် ရည်ရွယ်လက်တွဲဆောင်ရွက်ရန် ဂတိပြုရန်။ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် လုပ်ကိုင်နေသော လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများကို နယ်စွန်နယ်ဖျားဒေသရှိ အကြမ်းဖက်မှုများကြောင့် ဒုက္ခရောက်နေသည့် ပြည်သူလူထုများ အခြေအနေကို လေ့လာသုံးသပ်ရန် နှင့် လိုအပ်သောအကူအညီပေးအပ်နိုင်ရန်အတွက် ထိုအဖွဲ့အစည်းများကို သွားလာလှုပ်ရှားခွင့် ပိတ်ပင်ခြင်းကို ဖယ်ရှားပေးရန်။
- အခြေအမြစ်ခိုင်မာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားရန်နှင့် အခွင့်အရေးချိုးဖောက်သူများကို ရာထူးအဆင့်အတန်းမခွဲခြားဘဲ ဥပဒေအရတရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ပေးခြင်းများ ပြုလုပ်ရန်။
- ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးတပ်များ စစ်ဆင်ရေးပြုလုပ်ခဲ့သည့် အချိန်ကစပြီး ရာနှင့်ချီသည့် ဖမ်းဆီးခံခဲ့ရသူများ၏ အခြေအနေကို ချက်ချင်း ထုတ်ဖော်ပေးရန်။
- ရခိုင်ပြည်တွင်ဖြစ်ပွားခဲ့သော ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှု ပဋိပက္ခ နှင့်စပ်လျဥ်းပြီး ဖမ်းဆီးခံရသူများအား ထိန်းသိမ်းထားသည့် တရားဝင် အကျဥ်းထောင်များနှင့် အကျဥ်းထောင်ကဲ့သို့နေရာများသို့ လူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများမှ အနှောင်အဖွဲ့မရှိဘဲ လွတ်လပ်စွာ သွားရောက်ကြည့်ရှုခွင့် ပေးရန်။

- ထိန်းသိမ်းခံရသူများအားလုံး ဥပဒေအကြံပြုချက်များ ရယူနိုင်ရန် ဥပဒေအကျိုးဆောင်များနှင့် တွေ့ဆုံခွင့်ပြုပြီး ချက်ခြင်းတရားသူကြီးရှေ့မှောက် ခေါ်ဆောင်ပေးရန်။
- ရိုဟင်ဂျာလူမျိုးအစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းမျိုး မပြုလုပ်ရန် နစက အပါအဝင် လုံခြုံရေးတပ်များ အားလုံးကို ညွှန်ကြားပြီး ခိုင်လုံသည့် စွဲချက်မရှိသော ထိန်သိမ်းခံရသူများကို ချက်ချင်းလွှတ်ပေးရန်။
- ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသော တရားဥပဒေစိုးမိုးရေးအတွက် လက်နက်နှင့်အင်အား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်းလိုက်နာပြီး ဥပဒေကြီးကြပ်ရေးအရာရှိများမှ မလိုအပ်ဘဲ အင်အားအလွန်အကျွံ အသုံးပြုခြင်း မပြုလုပ်ရန်။ ထို့အပြင် အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများ ဖြစ်စေတဲ့ လုံခြုံရေးအတွက် လုံလောက်သောအာမခံချက်မရှိသော အရေးပေါ်ကြေငြာချက် ဥပဒေကို အမြန် ပြန်လည်ရုပ်သိမ်းရန်။
- ရိုဟင်ဂျာလူမျိုးများ ဈေးထဲမှ အစားအသောက်များကို သွားဝယ်နိုင်ရန် နှင့် မိမိတို့နေအိမ် များကို သွားပြီး ဥစ္စာပစ္စည်းများ ပြန်လည်ရယူနိုင်ရန် ၎င်းတို့ကို လွတ်လပ်စွာ သွားလာခွင့်ပြုပြီး ၎င်းတို့၏ လုံခြုံရေးအတွက် လိုအပ်သော စောင့်ရှောက်မှုများ ပေးအပ်ရန်။
- ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသော ပြည်တွင်းရွှေ့ပြောင်းနေထိုင်နေသူ (IDP) များနှင့် ဆက်စပ်သည့် လမ်းညွှန်စည်းမျဉ်းများအတိုင်း ရွှေ့ပြောင်းနေထိုင်နေရသူအားလုံးကို တန်းတူဆက်ဆံရန်။
- မိမိတို့ နေထိုင်ခဲ့သည့် နေရာဒေသတွင် ပြန်လည်နေထိုင်ရန် မဖြစ်နိုင်ဟု ခံစားရပြီး အခြားနေရာဒေသ တစ်ခုတွင် ပြောင်းရွှေ့နေထိုင်လိုသူ (သို့မဟုတ်) ယခုလက်ရှိ ယာယီပြောင်းရွှေ့နေထိုင်နေရသည့် နေရာအနီးတဝိုက်တွင် မိမိတို့ဆန္ဒအလျောက် နေထိုင်လိုသူ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက် သင့်လျော်သည့် ရွေးချယ်စရာနေရာဒေသတွင် အခြေချနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရန်။
- ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် တင်းမာမှုများကို ဖြေရှင်းရန် ရှင်းလင်းသည့် ပြည်သူ့ ကြေငြာချက်များထုတ်ပြန်ပြီး ရခိုင်ပြည်နယ်တွင်နေထိုင်နေသူများအားလုံးကို တန်းတူ အကာအကွယ်များ ပေးအပ်သွားရန်။ ပြောင်းရွှေ့နေထိုင်နေရသူများ နှင့် ဒုက္ခသည်များ ၎င်းတို့၏ ဌာနေဒေသတွင် မိမိသဘောအရ ပြန်လည်နေထိုင်နိုင်ရန်အတွက် ကူညီဆောင်ရွက်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ ဆောင်ရွက်သွားရန်နှင့် ၎င်းတို့၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာကို အလေးပေးစဉ်းစားဆောင်ရွက်ရန်။
- ပြည်တွင်းပြောင်းရွှေ့နေထိုင်နေရသူများနှင့် ဒုက္ခသည်များ ၎င်းတို့၏ နေရပ်တွင် ပြန်လည်အခြေချ နေထိုင်ရေးနှင့် ထိုဒေသရှိ လူထုပတ်ဝန်းကျင်များနှင့် ပြန်လည်ပေါင်းစည်းနေထိုင်နိုင်ရေးကို မြှင့်တင်ပြီး အကူအညီပေးရန် ဒေသခံ လူမှုပတ်ဝန်းကျင်များနှင့်အတူ ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များကို စတင် အကောင်အထည်ဖော်ရန်။
- ခွဲခြားဆက်ဆံမှုမပြုလုပ်ရေးနှင့် သည်းခံခြင်းတရားထားရှိရေးအတွက် အများပြည်သူလူထုများကို စည်းရုံးလှုံ့ဆော်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်။ အထူးသဖြင့် ရိုဟင်ဂျာလူမျိုးဟာ မတူကွဲပြားတဲ့ တိုင်းရင်းသားပေါင်းစုံနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်ကြောင်းကို အလေးထား ပြောဆိုရန်။

- အကူအညီများလိုအပ်နေသော ပြည်သူလူထုများထံသို့ လူသားချင်းစာနာထောက်ထားရေးအဖွဲ့များ၏ ဝန်ထမ်းများ လုံခြုံစွာ သွားရောက်နိုင်ရေးအတွက် လိုအပ်သည့်အဆင့်များအားလုံး ဆောင်ရွက်ပေးရန်။
- အခြားသူများကဲ့သို့ မွေးဖွားမှု၊ နေထိုင်မှု၊ သို့မဟုတ် ဘိုးဘေးဘီဘင်များမှ ဆင်းသက်လာမှုစတဲ့ အကြောင်းအရာများကြောင့် မြန်မာနိုင်ငံနဲ့ စစ်မှန်ပြီး ထိရောက်တဲ့ ဆက်စပ်မှုတွေရှိတဲ့ ရိုဟင်ဂျာလူမျိုးများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် သို့မဟုတ် နိုင်ငံသားအဖြစ်ခံယူခွင့်ပေးရန် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြင်ဆင်ရေးဆွဲပြီး ၎င်းတို့ကို နိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ဥပဒေများအတိုင်း တန်းတူဆက်ဆံရန် လိုအပ်ပါတယ်။ ကလေးအခွင့်အရေးစာချုပ် အခန်း (၇) တွင်ဖော်ပြထားသည့်အတိုင်း ရိုဟင်ဂျာ ကလေးငယ်များကို မြန်မာနိုင်ငံတွင် နိုင်ငံသားအဖြစ် လျှောက်ထားခွင့် ရရှိ အောင်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ သို့မဟုတ်ပါက ထိုကလေးငယ်များမှာ နိုင်ငံမဲ့ကလေးငယ်များ ဖြစ်သွားနိုင်ပါတယ်။
- ၁၉၅၁ ခုနှစ် နိုင်ငံမဲ့များ အဆင့်အတန်းနှင့်စပ်လျဉ်းသော သဘောတူညီချက် နှင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့များလျော့ချရေးစာချုပ်ကို သဘောတူ လက်မှတ်ရေးထိုးအတည်ပြုရန်။
- ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေးကိုမြှင့်တင်ပြီး ခွဲခြားဆက်ဆံမှု ပပျောက်စေရန် ထိခိုက်နစ်နာသွားသော လူမှုအသိုင်းအဝိုင်းများနှင့်တိုင်ပင်ပြီး နှစ်ရှည်စီမံကိန်းတခုကို ရေးဆွဲအကောင်အထည်ဖော်ရန်။

## ဘင်္ဂလားဒေ့ချ်အစိုးရအပေါ် အကြံပြုချက်များ

- ခိုလှုံခွင့်တောင်းခံသူများကို လက်ခံနိုင်ရန် ဘင်္ဂလားဒေ့ချ်နိုင်ငံ နယ်စပ်ကို ချက်ချင်းဖွင့်ပေးရန်နှင့် ၎င်းတို့ကို အနည်းဆုံးအနေနှင့် ယာယီ ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်ရန်။
- ထွက်ပြေးလာသော ခိုလှုံခွင့်တောင်းခံသူရိုဟင်ဂျာများကို လိုအပ်သည့်အကူအညီများပေးအပ်နိုင်ရန် လူသားချင်းစာနာထောက်ထားရေးအဖွဲ့အစည်းများကို လွတ်လပ်စွာ အနှောင်အဖွဲ့မရှိ သွားလာခွင့်ပြုရန်နှင့် အစားအသောက်၊ နေရာထိုင်ခင်းနှင့် လုံခြုံရေးများ အပြည့်အဝရရှိစေရန်။
- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးမှ ဘင်္ဂလားဒေ့ချ်နိုင်ငံတွင် လာရောက်ခိုလှုံခွင့် တောင်းခံသူများ ကို မှတ်ပုံတင်ခွင့်ပြုရန်နှင့် ၎င်းတို့ကို လက်ခံထားရန်အတွက် လိုအပ်သည်များကို ပေးရန်။
- တရားဝင်ဒုက္ခသည်စခန်းများတွင်နေထိုင်နေသော ရိုဟင်ဂျာဒုက္ခသည်များ နိုင်ငံတကာတွင် သွားရောက် အခြေချနေထိုင်ရန်အတွက် နိုင်ငံတကာအစိုးရများ၏ ကမ်းလှမ်းချက်များကို လက်ခံပေးရန်။
- မြန်မာပြည်မှ လှေဖြင့် ထွက်ပြေးလာသော ခိုလှုံခွင့်တောင်းခံမည့်သူများနှင့် ကုန်းတွင်းခရီးဖြင့် ရောက်ရှိလာသော ခိုလှုံခွင့်တောင်းခံသူများကို ပြန်လည်နှင်ထုတ်ခြင်းများရပ်စဲရန် ဘင်္ဂလားဒေ့ချ်နယ်ခြားစောင့်တပ် (BGB) များကို ချက်ချင်း ညွှန်ကြားထားရန်။
- ခိုလှုံခွင့်တောင်းခံသူများ ရောက်ရှိလာသည့်နေရာများသို့ ပြည်တွင်းပြည်ပသတင်းဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များ လာရောက်ခွင့်ပြုရန်။

## ဩစတေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံ အပါအဝင် မြန်မာနိုင်ငံအပေါ်စိတ်ဝင်စားသည့် နိုင်ငံများ၏ အစိုးရများအပေါ် အကြံပြုချက်များ

- ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော မတရားညှဉ်းပန်းနှိပ်စက်မှုများကို သီးခြားစုံစမ်းစစ်ဆေးခွင့် ရရှိရေးနှင့် OHCHR မှ လုံခြုံရေး၊ စည်းရုံးလှုံ့ဆော်ရေး နှင့် လိုအပ်သော နည်းပညာအကူအညီများ ပေးအပ်နိုင်သည့် အခွင့်အာဏာများ အပြည့်အဝရရှိထားသည့် ရုံးချုပ်တခု မြန်မာနိုင်ငံတွင်ဖွင့်လှစ်ခွင့်ရရှိရေး နှင့် ရခိုင်ပြည်နယ်အပါအဝင် အခြားပြည်နယ်အသီးသီးတွင် ရုံးခွဲများ ဖွင့်လှစ်နိုင်ခွင့် ရရှိရေးအတွက် မြန်မာအစိုးရကို ဖိအားများပေးအပ်သွားရန်။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် OHCHR မှ အထက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အရင်းအမြစ်များ ကူညီထောက်ပံ့သွားရန်။ ပြောင်းရွှေ့နေထိုင်ရသူများ သွားခဲ့တဲ့ နေရာများအပါအဝင် ထိခိုက်ပျက်ဆီးခဲ့သော နေရာဒေသများသို့ သံတမန်ရေးရာ တာဝန်ရှိပုဂ္ဂိုလ်များမှ သွားလာခွင့် ရရှိရေးအတွက် မြန်မာအစိုးရအပေါ် တောင်းဆိုရန်။
- ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အကူအညီများ ပေးအပ်နေသော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားရေးအဖွဲ့များကို ထောက်ပံ့သွားရန်နှင့် ထိုအဖွဲ့အစည်းများမှ အကူအညီများ လိုအပ်နေသည့် ပြည်သူလူထုအားလုံးထံသို့ အနှောင်အဖွဲ့မရှိ လွတ်လပ်စွာ သွားလာခွင့်ရရှိရေးအတွက် အားပေးထောက်ခံမှုများ ပြုလုပ်သွားရန် လိုအပ်ပါတယ်။
- မြန်မာအစိုးရနှင့် အာဏာပိုင်များအား ရိုဟင်ဂျာလူမျိုးများနှင့် အခြားအားနည်းသောလူမျိုးစုများအပေါ် အကြမ်းဖက် ဖိနှိပ်မှုများကို လုံးဝလက်မခံနိုင်ကြောင်း နှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးအပေါ် ထိခိုက်မှု ရှိနိုင်ကြောင်းနှင့် နိုင်ငံတကာတွင် မျက်နှာပျက် အရှက်ရဖွယ် ဖြစ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း အသိပေးရန်။
- ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာနှင့် ရခိုင်လူမျိုးများအကြား ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး လုပ်ငန်းများကို အားပေးထောက်ခံပြီး ရိုဟင်ဂျာလူမျိုးများနိုင်ငံသားဖြစ်ခွင့်ကို ပိတ်ပင်ထားသော ၁၉၈၂ ခုနှစ် နိုင်ငံသားအက်ဥပဒေပြဿနာကို ဖြေရှင်းပေးရန် မြန်မာအစိုးရအပေါ် လူသိရှင်ကြားရော နှစ်ကိုယ်ကြားပါ ဖိအားပေးရန်။

## ကုလသမဂ္ဂအေဂျင်စီများ နှင့် အလှူရှင်အသိုင်းဝန်းများအပေါ် အကြံပြုချက်များ

- မြန်မာနိုင်ငံကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအထူးကိုယ်စားလှယ်က မကြာမီက အရေးကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန် OHCHR ဝန်ထမ်းများနှင့် ရနိုင်သော အရင်းအမြစ်များ ပေးအပ်ထားရန်။
- ရခိုင်ပြည်နယ်အတွင်းရှိ အကူအညီလိုအပ်နေသောပြည်သူများအားလုံးကို ဘက်လိုက်မှုမရှိဘဲ လူသားချင်းစာနာထောက်ထားရေးအကူအညီများ ပေးအပ်စေရန်။ ရခိုင်လူမှုအသိုင်းအဝိုင်းသို့မဟုတ် ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းသို့ လူသားချင်းစာနာထောက်ထားရေးအကူအညီများ ရောက်ရှိလာရေးအပေါ်

ပိတ်ပင်ထားမှုများရှိနေပါက ထိုပြဿနာများအကြောင်း လူသိရှင်ကြားရော နှစ်ကိုယ်ကြားပါ ပြောရန်။

- ရခိုင်ပြည်နယ်အခြေအနေကို အကဲဖြတ်သုံးသပ်ရာတွင် ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာခဲ့သော လူမှုအသိုင်းအဝိုင်းများ အပြင် ဇွန် နှင့် ဇူလိုင်လအတွင်း လုံခြုံရေးတပ်များရဲ့ အကြမ်းဖက် ဖယ်ရှားမှုများကြောင့် ထိခိုက်နစ်နာခဲ့ရသော လူမှုအသိုင်းအဝိုင်းများကိုပါ ထည့်သွင်းစဉ်းစားရန်။

## ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် နှင့် အခြားသော အလှူရှင်များအပေါ် အကြံပြုချက်

- ရခိုင်ပြည်နယ်အတွင်း အနာဂတ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ရခိုင်ပြည်သူလူထုနှင့် ရိုဟင်ဂျာပြည်သူလူထုများအပေါ် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရန်။
- ရိုဟင်ဂျာလူမျိုးများမှာ ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားများမဟုတ်သဖြင့် ရခိုင်ပြည်နယ်အတွင်း ရှေ့ဆက်အကောင်အည်ဖော်ဆောင်ရွက်သွားမည့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ရိုဟင်ဂျာလူမျိုးများအား ခွဲခြားဆက်ဆံမှုများမပြုလုပ်ရန်။

# အသိအမှတ်ပြုမှုများ

ဤအစီရင်ခံစာကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ အတိုင်ပင်ခံ Matthew F.Smith နှင့် အရေးပေါ်ကိစ္စများဆိုင်ရာ သုတေသီ Tirana Hassan တို့ကသုတေသနပြုစုရေးသားခဲ့ပါတယ်။ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဌာနမှ အကြီးတန်းသုတေသီ Richard Pearshouse မှ ကွင်းဆင်းသုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက် ပေးခဲ့ပါတယ်။ အာရှလက်ထောက်ဒါရိုက်တာ Elaine Pearson၊ အာရှဒါရိုက်တာ Brad Adams မှ တည်းဖြတ်မှုများပြုလုပ်ပေးခဲ့ပါတယ်။ ဥပဒေနှင့် မူဝါဒရေးရာ ဒါရိုက်တာ James Ross နှင့် လက်ထောက်လုပ်ငန်းဒါရိုက်တာ Joseph Saunders မှ အစီရင်ခံစာ အပြည့်အစုံကို ထပ်မံစစ်ဆေးသုံးသပ်မှုများ ပြုလုပ်ပေးခဲ့ပါတယ်။ အစီရင်ခံစာအစိတ်အပိုင်းများကို ဒုက္ခသည်ဆိုင်ရာလုပ်ငန်း ဒါရိုက်တာ Bill Frelick၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဌာနမှ အကြီးတန်း သုတေသနပညာရှင် Jessica Evans နှင့် ကျန်းမာရေးနှင့် လူ့အခွင့်အရေး ဌာနမှ အကြီးတန်း သုတေသနပညာရှင် Richard Pearshouse တို့မှ စစ်ဆေးသုံးသပ်မှုများ ပြုလုပ်ပေးခဲ့ပါတယ်။ အစီရင်ခံစာထုတ်ဝေခြင်းနှင့် ဒီဇိုင်းကို အာရှရေးရာဌာနခွဲ တွဲဖက်အရာရှိ Jake Scobey-Thal၊ ထုတ်ဝေရေးဒါရိုက်တာ Grace Choi နှင့် မာတီမီဒီယာမှ တွဲဖက်အရာရှိ Ivy Shen တို့မှ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

ဤ သုတေသနအတွက် အဘက်ဘက်မှ ဝိုင်းဝန်းအကူအညီများပေးအပ်ခဲ့ကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့နှင့်အတူ အချိန်၊ အတွေ့အကြုံ နှင့် အင်အားများကို မျှဝေပေးခဲ့သူများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါတယ်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သို့ အတွေ့အကြုံများပြောပြခဲ့သော အကြမ်းဖက်မှုဒဏ်ခံရသူများ နှင့် မျက်မြင်သက်သေများကို အထူးကျေးဇူးတင်ပါတယ်။

# နောက်ဆက်တွဲ။ ။ ရခိုင်လူမှုအသိုင်းအဝိုင်းနှင့် ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းများ သီးသန့်စီခွဲထားရန် ထောက်ခံအားပေးထားသော လက်ကမ်းစာစောင်များ ဘာသာပြန်ဆိုချက်

ရခိုင်တစ်မျိုးသားလုံးသို့ အသိပေးကြော်ငြာချက်

၁။ ရခိုင်များသည် [ရိုဟင်ဂျာများ]နှင့် ရောင်းဝယ်ခြင်း မပြုရ။

၂၊ (ရခိုင်များသည်) [ရိုဟင်ဂျာများ]နှင့် ဆက်ဆံပေါင်းသင်းခြင်း မပြုရ။

ရခိုင်မြေမှာနေ၊ ရခိုင်ရေကိုသောက်၊ ရခိုင်အရိပ်အောင်မှာနားခိုနေတဲ့ ရိုဟင်ဂျာလူမျိုးတွေဟာ အခုချိန်မှာ ရခိုင်လူမျိုးများ မျိုးသုဉ်းကွယ်ပျောက်သွားအောင် လုပ်ဆောင်နေတယ်ဆိုတာ လူတိုင်းနားလည်သိရှိထားပါတယ်။

ရခိုင်လူမျိုးများ  မျိုးသုဉ်းကွယ်ပျောက်မသွားရအောင် ကာကွယ်ရန်အတွက် ရခိုင်လူမျိုးများအားလုံး အထက်မှာ ဖော်ပြထားတဲ့ ညွှန်ကြားချက်အားလုံးကို လိုက်နာကြပါရန် တိုက်တွန်းပြောဆိုအပ်ပါတယ်။

တံဆိပ်တုံး<br>
သံဃာပျိုများအဖွဲ့<br>
စစ်တွေ၊ ရခိုင်ပြည်နယ်

# “အစိုးရက တားဆီးနိုင်ခဲ့ရဲ့သားနဲ့”

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ဂိုဏ်းဂဏာဆိုင်ရာ အကြမ်းဖက်မှုပြဿနာနှင့် နောက်ဆက်တွဲ မတော်မတရားအနိုင်ကျင့်မှုများ

၂၀၁၂ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံအနောက်ဖက်ခြမ်းရှိ ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများနှင့် မွတ်ဆလင်ဘာသာဝင် ရိုဟင်ဂျာလူမျိုးတို့အကြား ဂိုဏ်းဂဏာဆိုင်ရာ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ပါတယ်။ ထိုအကြမ်းဖက်မှုမှာ မွတ်ဆလင်ဘာသာဝင်သုံးဦးမှ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးကို မုဒိမ်းပြုကျင့်ကြောင်း စွပ်စွဲခဲ့သည့်သတင်းမှ စတင်ပြီး ဖြစ်ပွားခဲ့တာပါ။ ထို့နောက် လက်နက်များ ကိုင်ဆောင်ထားသည့် ရခိုင်လူအုပ်စုက မွတ်ဆလင်ဘာသာဝင် ၁၀ ဦးကို ဘတ်စကားတစ်စီးမှ ဆွဲချပြီး သတ်ဖြတ်ခဲ့ ပါတယ်။ နောက်ပိုင်းတွင် ရိုဟင်ဂျာလူအုပ်စုနှင့် ရခိုင်လူအုပ်စုတို့မှ အကြမ်းဖက်မှုများကို စိတ်လွတ်လက်လွတ် ပြုမူခဲ့ပြီး ရွာသားများကို မထင်မှတ်ဘဲ တိုက်ခိုက်ခြင်း၊ အတိအကျအရေအတွက်မသိရသေးသည့် သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် ဈေးဆိုင်များ၊ အိမ်ရာများနှင့် ဆုတောင်းဝတ်ပြုသည့် အဆောက်အဦများကို ဖျက်ဆီးခဲ့ပါတယ်။ လူ ၁၀၀၀၀၀ ကျော် အိုးအိမ်ပစ်ပြီး ရွှေ့ပြောင်းခဲ့ရပါတယ်။

“အစိုးရက တားဆီးနိုင်ခဲ့ရဲ့သားနဲ့”။ ။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ဂိုဏ်းဂဏာဆိုင်ရာ အကြမ်းဖက်မှုပြဿနာနှင့် နောက်ဆက်တွဲ မတော်မတရားအနိုင်ကျင့်မှုများ အစီရင်ခံစာဟာ ၅၇ ဦးသော မြန်မာပြည်တွင်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းက ရခိုင်၊ ရိုဟင်ဂျာ၊ အခြားလူမျိုးများရဲ့ မြန်မာအာဏာပိုင်ဘက်မှ အကြမ်းဖက်မှုရပ်တန့်အောင် ပြုလုပ်ရန် ပျက်ကွက်ခဲ့ကြောင်းနှင့် အကြမ်းဖက်မှုဖြစ်ပွားနေသည်ကို လက်ပိုက် ကြည့်နေခဲ့ကြောင်း ဖော်ပြထားတဲ့ တွေ့ဆုံမေးမြန်းချက်တွေအပေါ် အခြေပြုထားပါတယ်။ အဆုံးမှာ စစ်တပ်မှ လူအုပ်ကြီးများရဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို ရပ်တန့်ရန် ပါဝင်လာခဲ့သော်လည်း ပြည်နယ်နဲ့ဒေသခံလုံခြုံရေးတပ်ဖွဲ့များက ဒေသခံ ရခိုင်များနှင့်ပူးပေါင်းပြီး ရိုဟင်ဂျာလူထုများကို တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများမှာ အစိုးရမှသွားလာရေးကန့်သတ်ချုပ်ချယ်ထားမှု၊ ထိုအဖွဲ့များ၏ ဝန်ထမ်းများကို ဖမ်းဆီးထိန်းသိမ်းထားမှုနှင့် ရခိုင်လူအုပ်ကြီး၏ ခြိမ်းခြောက်မှုရန်တို့ကြောင့် ဒုက္ခရောက်နေသောလူထုထံသို့ အကူအညီများ ရောက်ရှိအောင် ပို့ဆောင်ပေးရန် အခက်အခဲများစွာရှိနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာသော ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက လာရာလမ်းအတိုင်း ခနော်ခနဲ့လှေဖြင့် ပင်လယ်ထဲသို့ ကြမ်းတမ်းတဲ့ မုတ်သုံမိုးများ ရွာနေချိန် ပြန်လည် နှင်ထုတ်မှုများပြုလုပ်ခဲ့ပါတယ်။

ရိုဟင်ဂျာများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလာရတဲ့ အဓိကနောက်ခံအကြောင်းအရင်းက ရိုဟင်ဂျာများအပေါ် ဆယ်စုနှစ်များစွာကတည်းက တရားဝင် ခွဲခြားဖိနှိပ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်းရှိ အဓိကတိုင်းရင်သားများအကြားမှာ ရိုဟင်ဂျာလူမျိုးများဟာ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားဖြစ်ခွင့်မရှိပါ။ အကြမ်းဖက်မှုများဖြစ်ပွားနေသည့်ကာလကစပြီး သမ္မတ ဦးသိန်းစိန်မှ မြန်မာပြည်အတွင်းရှိ ရိုဟင်ဂျာများအားလုံးကို မောင်းထုတ်ရန် ပြောဆိုခဲ့ကြောင့် တင်းမာမှုများ ပိုမိုကြီးထွားလာခဲ့ပါတယ်။

လက်ရှိဖြစ်ပွားနေသော လုံခြုံရေးတပ်များမှ ကျူးလွန်နေသော မတော်မတရားအနိုင်ကျင့်မှုများကို အပြီးသတ်ရပ်စဲရန်၊ အပြစ်ကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ်ရန်၊ လူသားချင်းစာနာထောက်ထားမှုများ ထိခိုက်နစ်နာခဲ့သော ဒေသခံလူထုများထံရောက်ရှိစေရန်၊ ခွဲခြားဆက်ဆံမှုရှိနေသော နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ပြင်ဆင်ပြောင်းလဲရန် နှင့် သီးခြား နိုင်ငံတကာ စောင့်ကြည့်လေ့လာရေး အဖွဲ့မှ အကြမ်းဖက်မှုများဖြစ်ပွားခဲ့တဲ့ နေရာဒေသများသို့ လွတ်လပ်စွာသွားလာပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခွင့်ပေးရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အစိုးရကို တိုက်တွန်းပြော ဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရမှ ခိုလှုံခွင့်တောင်းခံသူများကို နှင်ထုတ်ခြင်းမပြုလုပ်ဘဲ နိုင်ငံတကာဥပဒေများကို လိုက်နာရန်လိုအပ်ပါတယ်။